ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## သုတော်ကောင်းထံ ချဉ်းကပ်

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 18 April 2018 ၉၂၆၀


# နိုင်ငံတော်အစိုးရအနေနဲ့ အငြိမ်းစားဝန်ထမ်းတွေ ကိုယ်ပိုင်နေအိမ်၊ တိုက်ခန်းများနဲ့ သိက္ခာရှိရှိနေနိုင်ရေး ဦးစားပေးဆောင်ရွက်မှာဖြစ်သလို

## အမှုထမ်း၊ အရာထမ်း လစာများကို ရာခိုင်နှုန်းအလိုက် တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများကလည်း တာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏**
**မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကား**

(မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့)

ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားအားလုံး ကာယစိတ္တ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာအခါသမယမှာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့တဲ့ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအနေနဲ့ ဦးစားပေးဆောင်ရွက်သွားမယ့် ရည်မှန်းချက်ပန်းတိုင်တွေကို ထုတ်ဖော်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်သူများအနေနဲ့ မျှော်လင့်ချက်တွေ မြင့်မားလာခဲ့ကြသလို ဒီရည်မှန်းချက်ပန်းတိုင်တွေကို ဘယ်ပုံဘယ်နည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာလဲဆိုတာကိုလည်း သိလိုစိတ်ပြင်းပြနေကြတာကိုလည်း ကျွန်တော် ကြားသိရပါတယ်။ အခုလို အခါအခွင့်သင့်ခိုက်မှာ မိဘပြည်သူများကို အလေးအမြတ်ပြုပြီး ရှင်းလင်းတင်ပြပေးမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

# နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော် နိုင်ငံတော်သမ္မတအိမ်တော်၌ နာယူ

နေပြည်တော် ဧပြီ ၁၇

၁၃၈၀ ပြည့်နှစ် မြန်မာ့နှစ်သစ်မင်္ဂလာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကျက်သရေမင်္ဂလာပြည့်စုံစေရန် ရည်စူး၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ္ဍဝါခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ (အောက်ပုံ)



အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့်ဇနီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

## ကြေးမုံ

# နှစ်သစ်တွင် စိတ်သစ်၊ လူသစ်ဖြင့် စုပေါင်းအင်အားသစ်များ တည်ဆောက်

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းရောက်ရှိပြီ။ နှစ်သစ်မင်္ဂလာ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားသံများအား လေလှိုင်းမှတစ်ဆင့် ကြားသိရသဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်နှလုံးချမ်းမြေ့ ကျေနပ်နှစ်သက်လိမ့်မည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုသည့်နေ့တွင် မျှော်လင့်ချက်ဖြင့် ရှင်သန်နေသော ပြည်သူများအဖို့ နိုင်ငံတော်သမ္မတအား ကြိုဆိုထောက်ခံခဲ့ကြသလို သမ္မတက ထုတ်ဖော်ကြေညာခဲ့သည့် ပြည်ထောင်စုအစိုးရ၏ ဦးစားပေးဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များအား မည်သို့မည်ပုံ အကောင်အထည်ဖော်မည်ကို စောင့်မျှော်ငံ့လင့်ကြမည်ဖြစ်သည်။ ယခု နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ပြည်သူများ၏သိလိုစိတ်များကို ကြားသိရသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် နေရေးထိုင်ရေး၊ အလုပ်သမားများ၊ ဝန်ထမ်းများအားလုံး၏ မျှော်လင့်ချက်ဖြစ်သည့် လစာနှုန်းထား၊ ပြည်သူလူထုအားလုံး၏ လူမှုဘဝမြင့်မားရေးကို အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်ရေးမြှင့်တင်ရေး၊ စီးပွားရေး အထောက်အကူပြုရေး၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးတို့ကို ဦးစားပေးအစီအမံများအဖြစ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ထို့အပြင် ယိမ်းယိုင်နေသော တရားစီရင်ရေးကို တည့်မတ်ရေး၊ ဌာနအများစုတွင် စွဲကပ်နေသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို မြှင့်တင်ကာကွယ်ပေးရေး၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းဖို့ အဓိကထုတ်လုပ်ဖြန့်ဖြူးသိုလှောင်သည့် လက်ကြီးသမားများကို ဦးစားပေးနှိမ်နင်းရေး၊ ပြည်သူ့ဘဏ္ဍာများ အလေအလွင့် မရှိအောင် စီမံခန့်ခွဲနိုင်ရေး၊ ဥပဒေမဲ့သိမ်းဆည်းထားသည့် လယ်ယာမြေများ ပြန်လည်ရရှိပြီး လျော်ကြေး၊ နစ်နာကြေးရရှိရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ အလုပ်သမားများ၏ ဘဝစိုပြည်သာယာရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဟု သိရှိရသည်မှာ ပြည်သူလူထုနှင့်နီးစပ်သော အောက်ခြေ မှစတင်သည့် ပြုပြင်ပြောင်းလဲမှုများဖြစ်သလို ပြည်သူ၏အသံကိုနားဆင်၍ ပြည်သူများ၏ဆန္ဒသဘောထားများကို အလေးအနက်ထားကာ စုပေါင်းအင်အားကို တည်ဆောက်ခြင်းဟု ရှုမြင်ရမည်ဖြစ်သည်။

အထူးသဖြင့် အနာဂတ်တွင် ပေါ်ထွန်းလာမည့် ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်အတွက် ကြိုတင်စီမံဆောင်ရွက်သည့်အနေဖြင့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ တင်ပြချက်များကိုအခြေခံကာ ပြောင်းလဲသင့်သည်တို့ကို ပြောင်းလဲဆောင်ရွက်ရာ၌ "တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲများလည်း ဖြစ်ပေါ်စေ" ဆိုသည့် သင့်မြတ်လျော်ကန်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ဟု ဆိုထားခြင်းသည် အပြောင်းအလဲကိုလိုလားသော ပြည်သူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် "မိဘပြည်သူတွေ မျှော်လင့်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ဖို့ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ စုပေါင်းအင်အားသစ်တွေ တည်ဆောက်နိုင်ကြ မယ်ဆိုရင် တူညီတဲ့ရည်ရွယ်ချက်၊ မျှော်မှန်းထားကြတဲ့ ပန်းတိုင်ကို အမြန်ဆုံးမြင်တွေ့ကြရမယ်ဆိုတာကို အလေးအနက် ယုံကြည်ထားပါတယ်"ဟုပြောကြားထားသည်။

သို့ဖြစ်ရာ နှစ်သစ်မင်္ဂလာအခါသမယတွင် နိုင်ငံတော်သမ္မတကြီးက အပြောင်းအလဲကို မျှော်လင့်ကြသော မိဘပြည်သူများ၏ဆန္ဒများအား ဖြည့်ဆည်းပေးသွားမည်ဖြစ်သလို မိဘပြည်သူများကလည်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် ကျရာကဏ္ဍမှ ကိုယ်စီကိုယ်စီ ပါဝင်ဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဂျပန်နိုင်ငံ၌ ကျင်းပသည့် Global Ministerial Summit on Patient Safety 2018 သို့ တက်ရောက်



**နေပြည်တော် မေ ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် Global Ministerial Summit on Patient Safety 2018 သို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက Patient Safety ကိစ္စသည် ကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးကြီးပြီး Universal Health Coverage ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မဖြစ်မနေ အလေးပေးဆောင်ရွက်ရမည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ယခုအခြေအနေထက် ပိုမိုပြီပြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်သူများနှင့် လူနာများ အကျိုးရှိစေရန် လိုအပ်သည့်အခြေခံအုတ်မြစ်များ တည်ဆောက်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ Patient Safety နှင့် သက်ဆိုင်သည်များကို ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် အစရှိသည့် နီးနွယ်တက္ကသိုလ်များနှင့် သူနာပြု၊ သားဖွားကျောင်းများတွင် ဆီလျော်သလို သင်ရိုးညွှန်းတမ်းများ၌ ထည့်သွင်း သင်ကြားပေးမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

၎င်းကိစ္စကို ပိုမိုပီပြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများမှလည်း နည်းပညာပိုင်းဆိုင်ရာများ မျှဝေကူညီပံ့ပိုးစေလိုကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Tokyo women's Medical University, Heart Institute of Japan မှ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်မှုပါရဂူ၊ ပါမောက္ခ၊ ဌာနမှူး Dr. HIROSHI NINAMI၊ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe၊ ဂျပန်နိုင်ငံ Member of the House of Representative Mr. Yasuhisa Shiozaki၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ညွှန်ကြားရေးမှူးချုပ်နှင့် သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Faizal Cassim၊ ဂျပန်နိုင်ငံ Ministry of Health, Labour and Welfare ဝန်ကြီး Mr. Katsumobu Kato တို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Kameda Kyobashi Clinic သို့ သွားရောက်၍ Preventive Medicine အတွက် ရောဂါမဖြစ်ခင်ကြိုတင် ဆေးစစ်မှုလုပ်ငန်းများကိုလည်းကောင်း၊ Sunny Life သက်ကြီးရွယ်အို စောင့်ရှောက်ရေးဌာနတွင် လည်းကောင်း သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့်ဆက်စပ်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ တိုကျိုမြို့ရှိ Keio တက္ကသိုလ်ဆေးရုံသစ် ဆောက်လုပ်နေမှု၊ အခန်းများ၊ ခွဲစိတ်ခန်းများ ဖွဲ့စည်းထားရှိမှုတို့ကို သွားရောက်လေ့လာပြီး Keio University School of Medicine မှ ပါမောက္ခ Masayuki Auagai နှင့်တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ ကိစ္စများကို အသေးစိတ် လေ့လာဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲမှ ရလဒ်ဖြစ်သည့် Tokyo Declaration on Patient Safety ကို အတည်ပြုခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ဖိတ်ကြားထားသည့် ကျန်းမာရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ JICA၊ OECD နှင့် အခြားအစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# မြစ်ကြီးနားမြို့၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မြစ်ကြီးနား မေ ၁၇**

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာနှစ်ဆန်း ၁ ရက်တွင် နှစ်စဉ်မပျက် ကျင်းပသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကို မြစ်ကြီးနားမြို့၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။



ရှေးဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီး ဒေါက်တာ ဂျေကော့ဘူ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဇော်ဂျွန်းလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးအစရှိသည့် သားပေါက်ကောင်ရေ နှစ်သိန်းကျော်တို့ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ယင်းနောက် သာသနာ့ဗိမာန်တော်၌ သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် ဘိုးဘွား ၇၈ ဦးတို့အား ပူဇော်ကန်တော့ကြပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဘိုးဘွားတစ်ဦးလျှင် ငွေသားနှင့် ခြုံစောင်တစ်ထည်စီတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကျင်းပလျက်ရှိသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့သွေးအလှူရှင် ရဟန်းရှင်လူပြည်သူများနှင့် တပ်ရင်း၊ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး (ဓါတ်ပုံ) ဆေးနှင့် အာဟာရများ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့တော်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲတွင် အံတော်ရှင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေါက်တာ ဉာဏဇေ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့များက ပရိတ်တရားတော်များ နာယူကြပြီး သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❍ **ရှေ့ဖုံးမှ**

**ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေတဲ့ ဌာနတွေကို ကြပ်မတ်**ရာမှာ ပြည်ထောင်စုအစိုးရက ချမှတ်ထားတဲ့ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွေကို ဌာနဆိုင်ရာတွေက ဦးစားပေးအလိုက် အကောင်အထည်ဖော်ကြရပါမယ်။ နိုင်ငံသူနိုင်ငံသားတွေရဲ့ အခြေခံလိုအပ်ချက် သုံးခု ဖြစ်တဲ့ စားဝတ်နေရေးဆိုတဲ့ အချက်သုံးချက်ထဲမှာ ပြည်သူတွေအတွက် နေရေးသည် အဓိကလိုအပ်ချက် ဖြစ်တာကို တွေ့ရှိရပါတယ်။ နေအိမ်မရှိလို့ ဖြစ်သလို နေထိုင်ကြရတဲ့ ပြည်သူတွေရဲ့ ဒုက္ခများကိုလည်း ကျွန်တော်တို့ သတိပြုမိပါတယ်။ ပြည်သူ့ဝန်ထမ်းတွေ အနေနဲ့လည်း လက်ရှိတာဝန်ထမ်းဆောင်စဉ်ကာလမှာ ဝန်ထမ်းအိမ်ရာမရှိလို့ အခက်အခဲဖြစ်နေသူတွေရှိသလို အငြိမ်းစားယူသွားပြီးတဲ့အချိန်မှာလည်း နေထိုင်စရာ အိမ်မရှိလို့ အတိဒုက္ခရောက်ကြရတဲ့ ဝန်ထမ်းများ အများကြီးရှိနေတာကို သတိပြုမိပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ဝန်ထမ်းတွေ အငြိမ်းစားယူသွားချိန်မှာ ကိုယ်ပိုင်နေအိမ် ကိုယ်ပိုင် တိုက်ခန်းများနဲ့ သိက္ခာရှိရှိ နေသွားနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ဝန်ထမ်းတွေအတွက် ရောင်းချပေးမည်**

ယခုအစိုးရသစ်လက်ထက်မှာ ပြီးခဲ့တဲ့ နှစ်နှစ်တာ ကာလအတွင်း ဝန်ထမ်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ဝန်ထမ်းအိမ်ရာ ၄၆၂၇ ခန်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန် သုံးနှစ် တာကာလမှာလည်း အခန်း ၇၀၀၀ ကျော်ကို ဝန်ထမ်း အိမ်ရာအဖြစ် တည်ဆောက်ပေးသွားရန် စီမံထားရှိပြီး ဖြစ်ပါတယ်။ ဒီလိုအစီအစဉ်ကို တိုးချဲ့ခြင်းဖြင့် လာမည့် နှစ်များအတွင်း အခန်းပေါင်း တစ်သောင်းကျော် တည်ဆောက်ပြီး ဝန်ထမ်းတွေအတွက် လစဉ်အရစ်ကျ ငွေချေစနစ်နဲ့ ရောင်းချပေးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျော ညီထွေဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို ၂၀ ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး အရာထမ်း လစာများကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီး ဖြစ်ပါတယ်။ ယင်းတွက်ချက်မှုအရ အမှုထမ်းတစ်ဦးရဲ့ အနည်းဆုံး လစာမှာ ၁၂၀၀၀၀ ကျပ်မှ ၁၃၈၀၀၀ ကျပ်အထိ တိုးမြှင့်သွားမှာဖြစ်ပြီး အရာထမ်းတစ်ဦးရဲ့ အများဆုံး လစာမှာ ၅၀၀၀၀၀ ကျပ်မှ ၅၅၀၀၀၀ ကျပ်အထိ တိုးမြှင့်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဝန်ထမ်းတွေအတွက် ယခုလို စီမံဆောင်ရွက်ပေးမှုကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဝန်ထမ်းတွေကလည်း တာဝန် ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးသတိပြုစေ လိုပါတယ်။

**လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးပေးမည်**

လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်မီးတိုးမြှင့် ရရှိရေးအတွက် ယခုလက်ရှိထုတ်လုပ်မှု မဂ္ဂါဝပ် ၃၀၀၀ မှ လာမည့် သုံးနှစ်အတွင်း နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ထပ်မံတိုးမြှင့်၍ စုစုပေါင်းမဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ် သွားမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး တွင် လက်ရှိသုံးစွဲနေတဲ့ ၂၃၀ KV လိုင်းအပြင် နောက်ထပ် ၅၀၀ KV လိုင်းကိုလည်း သုံးနှစ်အတွင်း တိုးချဲ့ပြီး ဖြန့်ဖြူးပေးမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လာမယ့် တစ်နှစ်အတွင်း လမ်းမကြီးအတွက် မိုင်ပေါင်း ၁၀၀ အသစ်ဖောက်လုပ်မှာဖြစ်ပါတယ်။ လက်ရှိ အသုံးပြု နေတဲ့ ကျောက်လမ်းများထဲမှ မိုင် ၂၀၀ ကို ကတ္တရာ ခင်းခြင်း သို့မဟုတ် ကွန်ကရစ်ခင်းခြင်း ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ ကျေးလက်လမ်းများအနေနဲ့လည်း မိုင်ပေါင်း ၆၀၀ ခန့် ကျေးလက်လမ်းအသစ်ဖောက်လုပ် ပေးမှာဖြစ်ပါတယ်။ လက်ရှိ အသုံးပြုနေတဲ့ ကျေးလက် လမ်းများထဲမှ မိုင်ပေါင်း ၁၀၀၀ ခန့်ကို ကွန်ကရစ် သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခင်းပေးမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးနှင့် ပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် တစ်နိုင်ငံလုံးရှိ ကြိုးတံတား ၂၉ စင်းကိုလည်း သုံးလ အတွင်း နိုင်ငံခြားပညာရှင်များနှင့်အတူ အသေးစိတ် စစ်ဆေးပေးမှာ ဖြစ်ပါတယ်။ ယင်းတို့အထဲမှ အန္တရာယ် ရှိနိုင်တဲ့ ကြိုးတံတားများကို ခြောက်လအတွင်း ဦးစားပေး အစီအစဉ်ဖြင့် ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

❍ ဌာနဆိုင်ရာအတော်များများရဲ့ ခေလေ့သဖွယ် စွဲကပ်နေတဲ့ အဂတိလိုက်စားမှုတွေကို ပိုမိုတိုက်ဖျက်ရာမှာ ဝန်ထမ်းတွေရဲ့ ရပိုင်ခွင့် အခွင့်အရေးနဲ့ တာဝန်ကို ဘက်ညီမျှတအောင် ပြန်လည် သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်းက တာဝန်ခံပြီး အသီးသီး ဆောင်ရွက်

❍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မီဒီယာနဲ့ ပြည်သူ တွေက မှန်ကန်စွာ ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်

**တစ်လအတွင်း ခွင့်ပြုပေးမည်**

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ငွေထုတ်ချေးရာတွင် မြန်ဆန်လွယ်ကူစေရန် ဒီလုပ်ငန်း တွေရဲ့ ယုံကြည်စိတ်ချရမှုကို သတင်းအချက်အလက် စုဆောင်းတဲ့အဖွဲ့အစည်း (Credit Bureau) ထူထောင် နိုင်ရေးအတွက် ခွင့်ပြုချက်ကို တစ်လအတွင်း ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။

**ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ဖို့** ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများနှင့်တွေ့ဆုံပြီး တရားရုံး အသီးသီးအား တရားသူကြီး အဆင့်ဆင့်က တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ကြီးကြပ်ကွပ်ကဲကြရန် ညှိနှိုင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နဲ့ တရား ဥပဒေစိုးမိုးရေးစင်တာတွေဟာ တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ဘက်မလိုက်တဲ့ လွတ်လပ် တဲ့ တရားမျှတမှုနဲ့ ဆင်ခြင်တုံတရားကို ချိန်ခွင်လျှာ ထိန်းညှိနိုင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဖြစ်အောင် ကြိုးပမ်း ရပါလိမ့်မယ်။ ဥပဒေ၏ရှေ့မှောက်တွင် အားလုံးအညီအမျှ ဖြစ်ရေး၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆောင်ရွက် ရပါမယ်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပိုမိုကြိုးပမ်း**

ဌာနဆိုင်ရာအတော်များများရဲ့ ခေလေ့သဖွယ် စွဲကပ် နေတဲ့ အဂတိလိုက်စားမှုတွေကို ပိုမိုတိုက်ဖျက်ရာမှာ ဝန်ထမ်းတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးနဲ့ တာဝန်ကို ဘက်ညီ မျှတအောင် ပြန်လည်သုံးသပ်ပြီး ဌာနဆိုင်ရာတစ်ခုချင်း က တာဝန်ခံပြီး အသီးသီးဆောင်ရွက်ကြရပါလိမ့်မယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မီဒီယာနဲ့ ပြည်သူတွေက မှန်ကန်စွာ ရှာဖွေဖော်ထုတ်ရေးကို ဆောင်ရွက်ပေးကြရပါလိမ့်မယ်။ လုပ်ပိုင်ခွင့်အာဏာ အရှိန်အဝါရှိသူများရဲ့ ပါဝင်ပတ်သက်မှု၊ ဝင်ရောက် စွက်ဖက်မှုတွေကို တိကျခိုင်လုံတဲ့ အချက်အလက် အထောက်အထားတွေနဲ့ တိုင်ကြားကြရန် အထူးလိုအပ်ပါ တယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရာမှာ အရှိန်အဟုန် မြင့်မားစေဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေနဲ့ စီမံချက်ချမှတ်၍ ယခင်ကထက် ပိုမိုကြိုးပမ်း ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းနှိုးဆော်ပြီး ဖြစ်ပါ တယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

**လူ့အခွင့်အရေးချိုးဖောက်မှုတွေကို မြှင့်တင်ကာကွယ် ပေးနိုင်ဖို့** နိုင်ငံတော်အစိုးရအနေနဲ့ CBO တွေ၊ CSO တွေ၊ မီဒီယာ၊ ပြည်သူတွေနဲ့ပူးပေါင်းပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဖော်ဆောင်မှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦး၏ ဥပဒေအရ အခြေခံရပိုင်ခွင့်တွေ၊ နိုင်ငံသားများ၏ မူလ အခြေခံအခွင့်အရေးတွေ၊ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုတွေကို စစ်ကြောရေးစခန်း၊ ရဲစခန်းအချုပ်၊ တရားရုံးအချုပ်၊ အကျဉ်းထောင်၊ ရဲဘက်စခန်း စသည့် နေရာဒေသမရွေး လူ့အခွင့်အရေးကော်မရှင်က ကာကွယ် ပေးနိုင်အောင် စွမ်းဆောင်ကြရန် ဖြစ်ပါတယ်။ နိုင်ငံသား များရဲ့ မွေးရာပါအခွင့်အရေး တစ်နည်းအားဖြင့် နိုင်ငံသား များရဲ့ မူလအခွင့်အရေးတွေ မဆုံးရှုံးကြရအောင် လူ့အခွင့် အရေးကော်မရှင်နှင့်လည်း တွေ့ဆုံပြောကြားပြီး ဖြစ်ပါ တယ်။ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေတဲ့ အဖွဲ့ အစည်းများကိုယ်တိုင်ကလည်း မည်သူ့အခြေခံအခွင့် အရေး၊ လူသားဂုဏ်သိက္ခာကိုမျှ မထိပါးစေဘဲ ဥပဒေ နဲ့အညီ မျှတမှန်ကန်စွာ ဆောင်ရွက်ဖို့ အလေးထား ရပါမယ်။

**မူးယစ်ရဲတွေကို မြှင့်တင်ပေးမည်**

**မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ဖို့** အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေး နှိမ်နင်းရန်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲ စေတဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကား နေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့၊ သိလျက် နဲ့ လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင်လည်း အဓိက တာဝန်ရှိသူကို ဦးစားပေးပြီး အရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်သလို ကွင်းဆက်ပျောက်သွားတဲ့၊ ပိုင်ရှင်မဲ့ဖြစ်သွားတဲ့ မူးယစ်ဆေးဖမ်းဆီးရမှုတွေကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရပါလိမ့်မယ်။ မူးယစ် ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေးဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ အခြေအနေအရ လိုအပ်ပါက ဗဟိုတွင် လျှပ်တစ်ပြက်ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရပါမယ်။

**ပြည်သူ့ဘဏ္ဍာတွေ အလေအလွင့်မရှိအောင် စီမံ ခန့်ခွဲနိုင်ဖို့အတွက်** စီမံကိန်းရဲ့ကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြနိုင်ရန်၊ ဒေသ ရဲ့ ကာလပေါက်ဈေးနဲ့အညီ တွက်ချက်နိုင်ရန် ဆောင်ရွက် ရပါလိမ့်မယ်။ ဒါ့အပြင် တင်သွင်းတောင်းဆိုထားတဲ့ ဘတ်ဂျက်များကိုလည်း အချိန်မီ အမှန်တကယ်သုံးစွဲခြင်း မပြုဘဲထားတဲ့ လုပ်နည်းလုပ်ဟန်တွေ ပြောင်းလဲရပါ လိမ့်မယ်။ ဘတ်ဂျက်ပမာဏကြီးကြီး စိုက်ထုတ်သုံးစွဲရ မယ့် စီမံကိန်းကြီးတွေကို ထိထိရောက်ရောက် စိစစ်နိုင်တဲ့ အရည်အချင်းတွေကို စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှု အစီရင်ခံရေးနယ်ပယ်မှာ အမြန်ဆုံးမြှင့်တင် ပေးရပါလိမ့်မယ်။ လုပ်ငန်းစီမံကိန်းများ မပြီးစီးဘဲ အပြီးပြတဲ့ အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ်တွေ၊ နိုင်ငံတော်က ချမှတ်ထားတဲ့ တင်ဒါလုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်တဲ့ တင်ဒါခေါ်ယူမှုတွေ၊ တင်ဒါ စည်းမျဉ်းထဲ ကပဲ လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုတွေကို ပြင်းပြင်းထန်ထန် အရေးယူရပါလိမ့်မယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအပြင် ဌာနတိုင်းမှာ ဖွဲ့စည်းထားတဲ့ စာရင်းစစ်ကော်မတီတွေအနေနဲ့လည်း ဘက်လိုက်မှု မရှိ၊ အဂတိကင်းကင်းနဲ့ တိတိကျကျဆောင်ရွက်နိုင်ရ မှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

**ဥပဒေမဲ့ သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေ ပြန်လည်ရရှိရေး၊ လျော်ကြေး နစ်နာကြေး ရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့** ပြည်သူ့ကိုယ်စားလှယ် များပါဝင်တဲ့ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည် စိစစ်ရေးကော်မတီအဆင့်ဆင့်ရဲ့ စစ်ဆေးတွေ့ရှိချက် သဘောထားမှတ်ချက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်မှာဖြစ်ပါတယ်။ အလားတူ ဗဟိုကပဲဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်တွေမှာ တိုင်း ဒေသကြီး၊ ပြည်နယ်တွေရဲ့ သဘောထားတွေကိုရယူပြီး မြန်မြန်ဆန်ဆန် ဆုံးဖြတ်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းမှာဖြစ်ပါတယ်။ စွန့်လွှတ်ပြီးသော သိမ်းဆည်းခံ လယ်ယာခြံမြေများကို မူလပိုင်ရှင်များထံ အမြန်ဆုံး ပြန်လည်အပ်နှံကြရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မစွန့်လွှတ်ရသေးတဲ့ သိမ်းဆည်းခံလယ်ယာခြံမြေများ နှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြန်လည်စိစစ်ရေးကော်မတီ အသီးသီးက အမြန်ဆုံးစိစစ်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့နှင့်ညှိနှိုင်း၍ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။

**အခွန်ကင်းလွတ်ခွင့်ပေးမည်**

**တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားရေး** ဆောင်ရွက်ရာမှာ တောင်သူ လယ်သမားတွေရဲ့ မြေပိုင်ဆိုင်ခွင့်လက်မှတ်တွေ တစ်နိုင်ငံလုံး တစ်နှစ်အတွင်းရရှိဖို့ အမြန်ဆုံး ကြိုးပမ်း ဆောင်ရွက်သွားပါမယ်။ စိုက်ပျိုးစရိတ်ချေးငွေများကို လည်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စိုက်ပျိုးရာသီ အမီရရှိရေး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဓာတ်မြေ ဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ကိရိယာ စတဲ့

**စာမျက်နှာ ၉ သို့** ❖

## ပြည်တွင်းရေးရာ

### နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်များကို ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၆/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ သတ်မှတ်ခဲ့သည့် စည်းကမ်းချက်များကို ပယ်ဖျက်သည့်အမိန့်**

နိုင်ငံရေးနှင့်စပ်လျဉ်းသည့် ပြစ်မှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ လွတ်ငြိမ်းသက်သာခွင့်အမိန့်များထုတ်ပြန်၍ စည်းကမ်းချက်ဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာတွင် ယင်းတို့၏ လူမှုအခွင့်အရေးကို ငဲ့ညှာသောအားဖြင့် အဆိုပါအမိန့်များပါ သတ်မှတ်ထားခဲ့သော စည်းကမ်းချက်များကို ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### နိုင်ငံသားအကျဉ်းသား/သူ (၈၄၉၀)ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ (၈၄၉၀)ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### နိုင်ငံခြားသား အကျဉ်းသား/သူ (၅၁)ဦးအား လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၈/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ (၅၁)ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၁၇၈ ဦး လွှတ်ပေး

**မြိတ် ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ ယနေ့နံနက် ၁၁ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၇၈ ဦးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူ များအား မြိတ်အကျဉ်းထောင်ရှိ ဓမ္မာရုံနှင့် ကျောက်ဖြူတောင် အကျဉ်းစခန်း ခန်းမတို့တွင် ခေတ္တမြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြပြီး အကျဉ်းသား အကျဉ်းသူများအား ခေတ္တမြိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်ငွေများ ပေးအပ်ခဲ့ကြသည်။

လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်းသား အကျဉ်းသူများမှာ မြိတ်အကျဉ်းထောင်မှ ၅၆ ဦး ဖြစ်ပြီး ကျောက်ဖြူတောင် ကုန်ထုတ်စခန်းမှ ၁၂၂ ဦးဖြစ်ကြောင်း သိရသည်။

**မြိတ်(ပြန်/ဆက်)**





## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် သထုံအကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦး လွတ်မြောက်

**သထုံ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် အကျဉ်းထောင်/အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား အကျဉ်းသူ ၈၄၉၀ အား ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ မွန်ပြည်နယ် သထုံမြို့ရှိ သထုံအကျဉ်းထောင်မှ နိုင်ငံသား အကျဉ်းသား ၁၃ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ကြောင်း သိရသည်။

"မည်သည့်ခံဝန်ချက်မျိုးမှမထားဘဲ ခြွင်းချက်မရှိ လွှတ်ပေးတာပါ။ လွတ်ငြိမ်းသက်သာခွင့်က နှစ်မျိုးရှိတယ်။ တစ်ခုက စည်းကမ်းသတ်မှတ်ချက်ရှိတယ်။ လွှတ်ပေးလိုက်ရင် ကောင်းမွန်စွာနေထိုင်ပါမယ်။ ပြစ်မှုပြန်ကျူးလွန်ခဲ့ရင် လက်ရှိကျခံရတဲ့ ပြစ်ဒဏ်တွေကိုပါ ပြန်ပြီးကျခံပါမယ် ဆိုတာမျိုး၊ နောက်တစ်ခုက အခုလွှတ်ပေးတဲ့ ကျင့် ၄၀၁ လို ဘာအနှောင်အဖွဲ့မှ မထားဘဲ လွှတ်ပေးတာမျိုးပါ" ဟု သထုံအကျဉ်းထောင်၏ ထောင်မှူးဦးနိုင်ဝင်းက ပြောသည်။

**သထုံ(ပြန်/ဆက်)**

## ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများအား လွတ်ငြိမ်းသက်သာခွင့်ပေး

**ထားဝယ် ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၅၈ ဦး၊ အကျဉ်းသူ ခြောက်ဦး စုစုပေါင်း ၆၄ ဦးကို လွှတ်ပေးခဲ့သည်။

ထိုသို့ လွှတ်ပေးရာတွင် ထားဝယ်အကျဉ်းထောင်မှ တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူတို့က အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကားပြောကြားပြီး ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ အကျဉ်းထောင်အပြင်ဘက်တွင် မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးရင်းချာများက ဝမ်းပန်းတသာ လာရောက်ကြိုဆိုခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး မြန်မာ့နှစ်သစ်မင်္ဂလာ အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ကြိုးစားကြရာမှာ နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသားပြည်သူအားလုံးက ကျရာကဏ္ဍကနေ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ကို အခြေခံပြီး **စုပေါင်းအင်အား**နဲ့ အတူတကွ လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံတိုက်တွန်း ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ကြပါစေ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



မြန်မာ့ရိုးရာနှစ်သစ်ကူး မင်္ဂလာအခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ/ နိုင်ငံသား တိုင်းရင်းသား ပြည်သူအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ရာမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ နားလည်စာနာမှု၊ ခွင့်လွှတ်သည်းခံမှု၊ အပြန်အလှန် လေးစားမှုများကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ စုပေါင်းအင်အားသာလျှင် အရာအားလုံးကို ရင်ဆိုင်ကျော်လွှားနိုင်မယ့် အကြီးမားဆုံးခွန်အားဖြစ်ပါတယ်။

**ချစ်ခင် လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူများခင်ဗျား**

နှစ်သစ်ကူးအချိန်အခါမှသည် လာမယ့် တစ်သက်တာလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံ၍ ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝများ ကိုယ်စီကိုယ်င ခံစားရရှိနိုင်ကြပါစေ၊ အခက်အခဲဟူသမျှကို စိတ်ဓာတ်အသစ်၊ ခွန်အားအသစ်ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ကြပါစေ၊ အမျက်ရန်မီးတို့ ငြိမ်းအေးကာ ထာဝရငြိမ်းချမ်းရေးကို ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပါပြီ။ ခေတ်ဟောင်းစနစ်ဟောင်းမှသည် ခေတ်သစ် စနစ်သစ်ကိုလည်း ပြောင်းလဲခဲ့ပါပြီ။ မိမိတို့အနေဖြင့် ခေတ်စနစ်နှင့် မလျော်ညီတဲ့ ဥပဒေတွေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နေသလို ပြည်သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းစေတဲ့ ဥပဒေတွေ၊ ပြည်သူတွေရဲ့ အခြေခံလူ့အခွင့်အရေးတွေကို အကာအကွယ်ပေးမယ့် ဥပဒေတွေနဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှုဖြည့်စွမ်းပေးနိုင်မယ့် ဥပဒေတွေကိုလည်း လွှတ်တော်က ဆက်လက်ပြဋ္ဌာန်းသွားမှာဖြစ်ပါတယ်။ ပြည်သူများမှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကိုလည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်အားထုတ်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူပြည်သားများအနေနဲ့လည်း မိမိတို့ လွှတ်တော်နှင့်အတူ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ၊ အခြေခံလူ့အခွင့်အရေးများကိုလည်း ခံစားနိုင်ကြပါစေ၊ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းမှုရဲ့ အသီးအပွင့်များကိုလည်း ခံစားနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ နိုင်ငံသူ နိုင်ငံသားများအားလုံး နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်ပရောက် မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး မြန်မာနှစ်သစ်ကူးအခါသမယမှာ အေးချမ်းပျော်ရွှင်စွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ယခုလို နှစ်သစ်ကူးအခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း နှစ်ဟောင်းက မိမိတို့ရင်ဆိုင်ကြုံတွေ့ ခဲ့ရတဲ့ အခက်အခဲ အကျပ်အတည်းများ၊ အားနည်းချက်၊ အားသာချက်တို့နဲ့ စိန်ခေါ်မှုအမျိုးမျိုးတို့ကို သင်ခန်းစာအဖြစ် မှတ်ယူပြီး ကူးပြောင်းလာတဲ့နှစ်သစ်မှာ စိတ်သစ်လူသစ် အားမာန်သစ်များဖြင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်နဲ့ အောင်မြင်မှုအခွင့်အလမ်းသစ်များကို ရရှိပိုင်ဆိုင်နိုင်ဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွ စည်းလုံးချစ်ခင်စွာဖြင့် ကြိုးစားဆောင်ရွက်သွားကြရမှာပဲဖြစ်ပါတယ်။

လွှတ်တော်များအနေနဲ့ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ ခေတ်စနစ်နဲ့မလျော်ညီတော့တဲ့ ဥပဒေများပြင်ဆင်ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကိုလည်း ပြည်သူများအကျိုးကို ရည်မျှော်ပြီး ဆက်လက်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်များဟာ မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးမှာ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှစိစစ်ထိန်းညှိကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုအားကောင်းထိရောက်ပြီး ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အားကိုးအားထားပြုရတဲ့ လွှတ်တော်ဖြစ်စေရေးတို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုပြောကြားလိုပါတယ်။




တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ **စုပေါင်းအင်အား**ဖြင့် ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်နိုင်ကြပါစေကြောင်းနဲ့ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး နှစ်သစ်မှာ သာယာချမ်းမြေ့သော ဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေ၊ သံသယအမုန်းတရားများကင်းစင်ကြပါစေ၊ အတ္တ မာနများ စွန့်ပယ်နိုင်ကြပါစေ၊ ဘာသာတရားတိုင်းရဲ့ အဆုံးအမများကို အစဉ်နှလုံးသွင်းဆောင်ရွက်နိုင်သူများဖြစ်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

လာမယ့်နှစ်သစ်ကာလမှာ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူရော၊ မြန်မာနိုင်ငံပြင်ပမှာ ရောက်နေတဲ့လူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ၁၃၇၉ ခုနှစ်အတွင်းမှာတော့ ပြောင်းလဲမှုအချို့နဲ့အတူ ပြည်သူတွေဖြတ်သန်းခဲ့ရတာ အများကြီးရှိကြတယ်။ ဒီတစ်နှစ်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့၊ ဖြတ်သန်းခဲ့ရတဲ့ ပင်ပန်းမှုတွေကို ဒီနှစ်သစ်ကာလမှာ အားတွေမွေးကြတာပေါ့၊ ပျော်ကြရွှင်ကြတာပေါ့၊ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတာပေါ့။ အဲဒီကနေတစ်ဆင့် လာမယ့် ၁၃၈၀ ပြည့်နှစ်မှာလည်း ယခုထက်ပိုပြီး တိုးတက်မှုတွေရကြအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



# ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ၏ မြန်မာနှစ်သစ်ကူး ဩဝါဒ

၁၃၈၀ ပြည့် မြန်မာနှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်ဖြင့် ဘဝသစ်ကို ဖော်ဆောင်ဖို့ လူတိုင်းကြိုးစားသင့်ပါသည်။ ယခင်နှစ်ဟောင်းမှ မကောင်းသော အကျင့်များကို ပယ်ရှားခြင်း၊ ကောင်းသော အကျင့်စရိုက်များကို လိုက်နာခြင်းဖြင့် ဘဝသစ်ကို ဖန်တီးနိုင်ပါသည်။

ဘဝသစ်ကို ဖန်တီးနိုင်ရန် မြတ်ဗုဒ္ဓ၏ သလ္လေခကျင့်စဉ်နှင့်အညီ ယခုလို အဓိဋ္ဌာန်ပြုပါ-

၁။ ငါသည် သူတစ်ပါးပျက်စီးအောင် လုပ်တတ်သူ မဖြစ်စေရ၊ သူတစ်ပါး၏ ကြီးပွားမှုကို လိုလားသူသာ ဖြစ်စေရမည်။
၂။ ငါသည် သူတစ်ပါး၏ အောင်မြင်မှုကို မနာလိုသူ မဖြစ်စေရ၊ ဝမ်းသာနိုင်သူသာဖြစ်စေရမည်။
၃။ ငါသည် လူအများကို လှည့်စားဟန်ဆောင်တတ်သူ မဖြစ်စေရ၊ ဟန်ဆောင်မှုကင်း ရိုးသားပွင့်လင်းသူသာ ဖြစ်စေရမည်။

# ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘို၏ မြန်မာနှစ်သစ်ကူးဆုတောင်းစကား

**ချစ်ခင်လေးစားရပါသော မိတ်သင်္ဂဟအပေါင်းတို့**

သင်္ကြန်နှင့်ရေစင်၊ ပိတောက်နှင့် မြေပြင်တို့သည် ထာဝစဉ်တွဲယှဉ်လျက်ရှိကြပါသည်။ အတာရေစင်သည် ပူပြင်းသောနွေလရာသီတွင် အေးချမ်းခြင်းကို ဆောင်ကြဉ်းပေးသကဲ့သို့ ဒေါသအပူမီးများကြားတွင် ငြိမ်းချမ်းခြင်းရောက်ရှိစေသော နိမိတ်ပုံရိပ်ဖြစ်ပါသည်။ အတာရေစင်သည် စည်းလုံးခြင်း၏သဘောကို ဖော်ဆောင်သော နိမိတ်လက္ခဏာဖြစ်ပါသည်။ ချင်းတွင်း၊ ကုလားတန်၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ တနင်္သာရီ မည်သို့ပင် ကွဲပြားစေကာမူ ပင်လယ်ထဲတွင် တစ်သားတည်း၊ တစ်ရောင်တည်းဖြစ်သွားပါသည်။ ထို့နည်းတူစွာ အတာရေစင်သည်လည်း လူမျိုး၊ အသားအရောင်၊ ဘာသာများ မခွဲခြားဘဲ တစည်းတလုံးဖြစ်စေသော သဘောရှိပါသည်။



**ကာဒီနယ်ချားလ်စ်ဘို**

အတာရေစင်သည် သန့်ရှင်းစေရန် ဆေးကြောပေးသည့် အစွမ်းရှိပါသည်။ ပြင်ပ၊ ကာယ သန့်ရှင်းစေသည်သာမက အတွင်းစိတ်ပါ သန့်ရှင်းစေမည့် နိမိတ်လက္ခဏာဖြစ်ပါသည်။ ထို့အပြင် ခွင့်လွှတ်ခြင်းကိုလည်း ပုံဆောင်ပါသည်။ ထိခိုက်ပြစ်မှားမှုများကို ခွင့်လွှတ်ဆေးကြောကာ လူသစ်၊ စိတ်သစ်၊ ဘဝသစ်နှင့် နှစ်သစ်ထဲသို့ ဝင်ရောက်ရန်ဖြစ်ပါသည်။ အတိတ်မှ ဒဏ်ရာများကို ခွင့်လွှတ်မေ့ပျောက်ကာ တိုင်းရင်းသားများအားလုံး စည်းစည်းလုံးလုံးနှင့် နှစ်သစ်ထဲတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲကာ ပြည်ထောင်စုကြီးကို တည်ဆောက်ကြရန်အတွက် အတာရေစင်တစ်ခွက်က အသံတိတ်စကားတစ်ခွန်းကို ပြောနေပါသည်။

ယင်းအပြင် ပိတောက်နှင့် မြေပြင်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ယင်း၏ သယံဇာတတို့ကို ကိုယ်စားပြုပါသည်။ ထိုမြေပေါ်မြေအောက် သယံဇာတတို့ကို မြတ်နိုးတန်ဖိုးထားကာ အနာဂတ်မျိုးဆက်သစ်များအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဤနိုင်ငံတော်သားအားလုံးတွင် တာဝန်ရှိကြောင်း ပိတောက်နှင့် မြေပြင်တို့က အစဉ်သတိပေးလျက်ရှိပါသည်။

အတာနွေဦး နှစ်ကူးသည့် အခါသမယတွင် ငြိမ်းချမ်းသာယာခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ မေတ္တာကောင်းမှု အစုစုတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ မြန်မာနှစ်သစ်ကူး ဆုတောင်းစကား

**သံအမတ်ကြီး(ငြိမ်း) ဦးလှမောင် (အစ္စလာမ်ဘာသာ)**
**(ဦးစီးနာယက၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)**

မြန်မာနိုင်ငံယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံအရ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် အချိန်အခါသမယတွင် တစ်ဦးပေါ်တစ်ဦး မေတ္တာ၊ စေတနာ၊ အကြင်နာတရား ပွားများကြသည့်အစဉ်အလာနှင့်အညီ ရှေ့လာမည့်နှစ်သစ်အချိန်အခါတွင် မိမိတို့ မြန်မာနိုင်ငံအတွက် မိမိဖြစ်စေလိုသည့် အလိုဆန္ဒများကို ဆုတောင်းမေတ္တာပို့သပေးလိုပါတယ်။ ရှေ့လာမည့် နှစ်သစ်အချိန်ကာလတွင် မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမများအတွက် နိုင်ငံ၏ပြည်တွင်း တည်ငြိမ်အေးချမ်းမှု ရရှိရေးကို အလျင်အမြန် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်ကြပါစေရန် ဆန္ဒပြုဆုတောင်းမေတ္တာ ပို့သလိုပါတယ်။ လာမည့် နှစ်သစ်တွင် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းလာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံသစ်သို့ ရောက်ရှိနိုင်စေရန်အတွက် ဆောင်ရွက်ကြပါလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။



**သံအမတ်ကြီး(ငြိမ်း) ဦးလှမောင်**

**ဦးအောင်နိုင်(ဟိန္ဒူဘာသာ)**
**(အထွေထွေအတွင်းရေးမှူး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင် ၉၀ ရာခိုင်နှုန်းလောက်ရှိနေတဲ့ မြန်မာနိုင်ငံတော်ကြီးမှာ လူမျိုးမရွေး၊ ဘာသာမရွေး ဒီလိုနှစ်သစ်ကူး ပျော်ရွှင်နေကြတဲ့ အချိန်လေးမှာ နှစ်သစ်မှာမင်္ဂလာရှိလို့၊ နေ့စဉ်စိတ်ချမ်းမြေ့ခြင်း၊ စိတ်ချမ်းသာခြင်းရလို့ ဝမ်းမြောက်ဝမ်းသာရှိနိုင်ကြပါစေလို့ မေတ္တာပို့အပ်ပါတယ်။



**ဦးအောင်နိုင်**

# မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်ဖွင့်လှစ်၊ ပျော်ရွှင်စွာ ရေပက်ကစား



**မောင်တော ဧပြီ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်ဖွင့်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ဗဟိုမဏ္ဍာပ်တည်ရှိရာ မြို့မအရှေ့ရပ်ကွက်၌ ကျင်းပသည်။

ရခိုင်ရိုးရာသင်္ကြန်မဏ္ဍာပ်ဖွင့်ပွဲတွင် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးတင့်နိုင်၊ အမှတ်(၁၅)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် ခင်မောင်စိုး၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ရဲမှူးချုပ် မြင့်တိုး၊ မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့မိမြို့ဖတို့က ရခိုင်ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍာပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရခိုင်ရိုးရာသင်္ကြန်ဗဟိုမဏ္ဍာပ်ဖွင့်ပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော မောင်တောမြို့အခြေစိုက် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားဧည့်သည်များက ရခိုင်တိုင်းရင်းသူ ယိမ်းအဖွဲ့ဝင်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ယိမ်းအဖွဲ့ဝင် ရခိုင်တိုင်းရင်းသူများက မန်းတောင်ရိပ်ခို၊ နှစ်သစ်မင်္ဂလာ၊ ရိုးရာအကမမ တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

မောင်တောမြို့ ရခိုင်ရိုးရာရေသဘင်ပွဲတော်ကို ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ Music Band တေးဂီတအဖွဲ့ဖြင့် နိုင်ငံကျော်အနုပညာရှင်များ၊ ရခိုင်နာမည်ကြီး တေးသံရှင်များနှင့်အတူ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီး မောင်တောမြို့ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်း ၁ ရက်နေ့မှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါး ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူခြင်း၊ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (စတုဘူမိက ငှက်တွင်း)၊ စတုဘူမိက မဂ္ဂင်ရိပ်သာကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် အဂ္ဂ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်မိသားစု၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင် တင်လှူပူဇော်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော်ကတည်းက တည်ထားခဲ့ခြင်းဖြစ်ပြီး သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူသော စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ စေတီတော်မြတ်ကြီးသည် ရာသီဥတုဒဏ်ကြောင့် ရွှေသင်္ကန်းများယိုယွင်းပျက်စီးလာသဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှူးပြု၍ တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းဖြစ်ကာ ၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ကပ်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်ဆွေးနွေးပွဲတွင် နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးက အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အရေးယူဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြား

**နေပြည်တော် ဧပြီ ၁၇**

အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးဖွင့်ဆွေးနွေးပွဲတစ်ရပ်ကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ဧပြီ ၁၆ ရက်က ကျင်းပရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း တက်ရောက်ပြီး အမျိုးသမီးများ အကြမ်းဖက်မှု ကာကွယ်တားဆီးရေးနှင့် အရေးယူဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

### အလွန်စိတ်ပျက်

မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ပဋိပက္ခနှင့် ဆက်စပ်သည့် အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်တားဆီးရေးတွင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့်တိုးမြှင့်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤကိစ္စနှင့် ပတ်သက်သည့် အတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အရေးပါသည့် ခြေလှမ်းများ စတင်နိုင်ခဲ့သည်ဟု အသိအမှတ်ပြုထားကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးနှင့် အပြုသဘောဆောင်စွာ ချိတ်ဆက်ဆောင်ရွက်ရန် စိတ်ရင်းမှန်ဖြင့် ကြိုးပမ်းလျက်ရှိသော်လည်း မြန်မာ့တပ်မတော်အား အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားသည်မှာ လွန်စွာစိတ်မကောင်းဖွယ်ဖြစ်ကြောင်း၊ အတည်မပြုနိုင်သည့် စွပ်စွဲချက်များပေါ်တွင် အခြေခံ၍ နောက်ဆက်တွဲစာရင်းတွင် ယင်းသို့ ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ထို့ပြင် စွပ်စွဲထားသည့်အမှုများကို စုံစမ်းဖော်ထုတ်ရေးအတွက် ကော့စ်ဘဇားစခန်းရှိ ထိခိုက်စော်ကားခံရသူဆိုသူများကို သွားရောက်တွေ့ဆုံမေးမြန်းရန် မိမိတို့ဘက်မှ ကြိုးပမ်းခဲ့သော်လည်း စနစ်တကျတွေ့ဆုံမေးမြန်းခွင့်ပြုရန် တောင်းဆိုမှုကို ငြင်းဆန်ခဲ့ခြင်းကြောင့် စွပ်စွဲမှုများကို အတည်မပြုနိုင်ခဲ့သည့်အပေါ် အလွန်စိတ်ပျက်ရကြောင်း။

အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည့် လိင်အကြမ်းဖက်မှု စွပ်စွဲချက်နှင့် ပတ်သက်၍ မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကိုမျှ လျစ်လျူရှုရန် မရှိကြောင်းဖြင့် မြန်မာအစိုးရ၏ ရပ်တည်ချက်ကို ရှင်းလင်းစွာ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ သက်သေအထောက်အထား ခိုင်လုံစွာရှိပါက မည်သည့်ချိုးဖောက်သူကိုမဆို အကာအကွယ်မပေးဘဲ ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ အင်းဒင်အဖြစ်အပျက်တွင် ပါဝင်ပတ်သက်ခဲ့သည့် တပ်မတော်သား ခုနစ်ဦးကို မကြာမီက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ခြင်းသည် တရားဥပဒေစိုးမိုးရေးအတွက် အစိုးရ၏ ခိုင်မာသည့် ကတိကဝတ်ကို ရှင်းရှင်းလင်းလင်း ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။

### ပြတ်သားစွာပယ်ချ

မူဆလင်များအား ၎င်းတို့နေအိမ်များမှ စွန့်ခွာထွက်ပြေးစေရန်အတွက် လိင်အကြမ်းဖက်မှုကို နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးပြုခဲ့သည်ဟူသော အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြတ်သားစွာ ပယ်ချပါကြောင်း။

မြန်မာနိုင်ငံ၌ လိင်အကြမ်းဖက်မှုသည် ဓလေ့ထုံးစံတန်ဖိုးထားမှုများအရ လွန်စွာစက်ဆုပ် ရွံရှာဖွယ်ကောင်းသည့် ပြစ်မှုဖြစ်ပြီး ဥပဒေအရသာမက ယဉ်ကျေးမှုအရပါ တင်းကျပ်စွာ တားမြစ်ထားကြောင်း၊ တပ်မတော်သားများအနေဖြင့် ၁၉၅၉ တပ်မတော်အက်ဥပဒေနှင့် တပ်မတော် စည်းမျဉ်းများကိုသာမက တည်ဆဲအရပ်ဘက်ဥပဒေနှင့် ဓလေ့ထုံးတမ်းများကိုပါ လေးစားလိုက်နာကြရသည်ကို အလေးထားပြောကြားလိုကြောင်း၊ သို့အတွက် အရပ်သားဖြစ်စေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်စေ ကျူးလွန်သူများကို ဥပဒေကြောင်းအရ ပြင်းထန်စွာ အရေးယူမှုများ ပြုလုပ်ပါကြောင်း၊ လိင်အကြမ်းဖက်မှုကျူးလွန်ခဲ့သည့် တပ်မတော်သားများအား တရားစွဲဆိုအရေးယူမှုပြုခဲ့သည့် သာဓကများစွာ ရှိခဲ့ကြောင်း၊ တပ်မတော်၏ကျင့်ဝတ်ကို တိကျစွာ စောင့်ထိန်းရန်နှင့် လိင်အကြမ်းဖက်မှုစသည့် ပြစ်မှုများတွင် ပါဝင်ကျူးလွန်ခြင်းမပြုရန် တပ်မတော်သားများအား ရှင်းလင်းစွာ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို တပ်မတော်သားများ သိရှိနားလည်စေရန်အတွက် စွမ်းဆောင်ရည် တည်ဆောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း၊ တပ်မတော်သင်တန်းကျောင်းများရှိ သင်ရိုးညွှန်းတမ်းများတွင်လည်း လိင်အကြမ်းဖက်မှု တားဆီးရေးနှင့် ပတ်သက်သည့် ဥပဒေများ ပါဝင်ကြောင်း။

### ပိုမိုဝေးကွာ

ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ "မျိုးနွယ်စုများအား သုတ်သင်ရှင်းလင်းခြင်း" သို့မဟုတ် "လူမျိုးသုဉ်းသတ်ဖြတ်ခြင်း" စသည့် အသုံးအနှုန်းများ သုံးစွဲမှုကို မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း၊ အထောက်အထား မခိုင်လုံသော တစ်ဖက်သတ်စွပ်စွဲမှုများ၊ သတင်းမှားများ၊ နိုင်ငံရေးအရ ဆွပေးရန် ရည်ရွယ်သည့် အစီရင်ခံစာများပေါ်တွင် အခြေခံသည့် ယင်းသို့ တာဝန်မဲ့သော စွပ်စွဲချက်များသည် လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေပြီး ဒေသတွင်းရှိ လူမှုအသိုက်အဝန်းများကို ပိုမိုဝေးကွာစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပေါ် ယင်းသို့ ဆက်တိုက်ပုံဖော်ပြောကြားနေမှုများသည် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများနှင့် လက်ရှိလူသားချင်းစာနာထောက်ထားမှု ပြဿနာအပြင် ရှုပ်ထွေးသည့် ရခိုင်ပြည်နယ်အခြေအနေကို ရေရှည်အဖြေရှာမှုများ ပြုလုပ်နိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ဆိုးရွားစွာ ထိခိုက်စေမည်သာဖြစ်ကြောင်း။

### အပြုသဘောဆောင်

ပဋိပက္ခနှင့်ဆက်စပ်သည့် လိင်အကြမ်းဖက်မှုများကို ရှုတ်ချသကဲ့သို့ အချို့သော အုပ်စုများက ၎င်းတို့၏ ကိုယ်ပိုင်နိုင်ငံရေးအကျိုးအမြတ်ရရှိရေးအတွက် ယင်းကဲ့သို့ ထိခိုက်လွယ်သည့် ကိစ္စရပ်ကို အသုံးချနေကြခြင်းကိုလည်း ရှုတ်ချသင့်ကြောင်း၊ လိင်အကြမ်းဖက်မှုပြဿနာကို အမည်နာမ ဖော်ထုတ်ဝေဖန်ပြစ်တင်ခြင်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ မျှဝေခြင်းနှင့် ယင်းကိစ္စကို ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများအား ကူညီခြင်းဖြင့် အပြုသဘောဆောင်သည့် နည်းလမ်းကို အသုံးပြုရမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



# မြန်မာနှစ်ဆန်း ၁ ရက် သီပေါမြို့နယ်၌ အန္တရာယ်ကင်းပရိတ်ရွတ်၊ သက်ကြီးပူဇော်

**သီပေါ ဧပြီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်)တွင် မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာများတွင် ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် သက်ကြီးအဘိုး အဘွားများအား ပူဇော်ကန်တော့ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် သက်ဆိုင်ရာရပ်ကွက်ရုံးများ၌ ကျင်းပခဲ့သည်။

ထို့အတူ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ (၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၂၄ ဦးတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းအေး အမှူးပြုသော ရပ်ကွက်ပြည်သူများက လှူဒါန်းပူဇော်ကြပြီး ပင့်သံဃာတော် ငါးပါးတို့ကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး လူငယ်မောင်မယ်များက အဘိုး အဘွားများကို ခြေသည်း၊ လက်သည်းများ ညှပ်ပေးကြပြီး တရော်ကင်ပွန်းရည်ဖြင့် ခေါင်းဆေးမင်္ဂလာ ကုသိုလ်ယူဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို
ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ **နှစ်သစ်မင်္ဂလာမှ**

ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားဟောကြားရာတွင် "တစ်နေ့လျှင် သုံးကြိမ် နံနက်၊ မွန်းလွဲနှင့် ညပိုင်းတို့တွင် နေ့တိုင်း ဘုရားဝတ်တက်ရန် ပခုက္ကူဆရာတော်ကြီးက ဩဝါဒပေးခဲ့ပါကြောင်း၊ ဒုတိယမှာ အမျှပေးဝေရန်ဖြစ်ပါကြောင်း၊ တတိယမှာ ဆုတောင်းကြရမည်ဖြစ်ပါကြောင်း၊ နမောတဿဖြင့် ဘုရားရှိခိုးသည့်အတွက် စီးပွားဉစ္စာတိုးတက်စေပါကြောင်း၊ မိမိတို့၏ အမျက်ဒေါသများကို ပြေပျောက်စေသည့်အပြင် သူတစ်ပါး၏ အမျက်ဒေါသကိုလည်း ပြေပျောက်စေသဖြင့် ခေါင်းအေးအေးဖြင့် အိပ်စက်နိုင်ပြီး သွား၊ လာ၊ စား၊ သောက်မှု ကောင်းပါကြောင်း၊ အထူးသဖြင့် အသက်ရှည်ပြီး နိဗ္ဗာန်ရောက်စေပါကြောင်း၊ ထို့ကြောင့် တစ်နေ့ (၃)ကြိမ် နေ့စဉ် ဘုရားဝတ်တက်၊ အမျှအတန်းပေးဝေ၊ ဆုတောင်းပြီး တိုင်းပြည်၏အကျိုးကို ဆောင်ရွက်စေလိုပါကြောင်း။

**❛ ရှင်ဘုရင်၊ အစိုးရ၊ နိုင်ငံတော်သမ္မတတို့သည် မင်းကျင့်တရား (၁၀) ပါးကို ကျင့်သုံးရပါကြောင်း၊ အတိုချုပ်ရလျှင် တောင်သူလယ်သမားများကို မျိုးစေ့ လုံလုံလောက်လောက်ပေးရမည်၊ ချီးမြှောက်ရမည်ဟု ဘုရားဟောကြားခဲ့ပါကြောင်း၊ အလားတူ ကုန်သည်များကို အရင်းအနှီးများ ထုတ်ပေးရမည်၊ မိမိတို့၏ လုပ်ငန်းများကို ဒိုင်ခံလုပ်ပေးနေသည့် လခစား မင်းခယောက်ျားများကို လစာရိက္ခာများ ပုံမှန်ပေးဝေရမည်ဟူ၍လည်း ဟောကြားခဲ့ပါကြောင်း၊ အဆိုပါတရား(၃)ပါးကို ကျင့်သုံးလျှင် တိုင်းပြည်သာယာစည်ပင်ဝပြောမည်ဟု ဟောကြားခဲ့ပါကြောင်း၊ ထိုတရား(၃)ပါးကို အစပြု၍ ကျင့်အပ်၊ ကျင့်သင့်၊ ကျင့်ထိုက်သည့် တရားများ ကျင့်သုံးနေထိုင်နိုင်ပါစေ ❜**

ရှင်ဘုရင်၊ အစိုးရ၊ နိုင်ငံတော်သမ္မတတို့သည် မင်းကျင့်တရား (၁၀) ပါးကို ကျင့်သုံးရပါကြောင်း၊ အတိုချုပ်ရလျှင် တောင်သူလယ်သမားများကို မျိုးစေ့ လုံလုံလောက်လောက် ပေးရမည်၊ ချီးမြှောက်ရမည်ဟု ဘုရားဟောကြားခဲ့ပါကြောင်း၊ အလားတူ ကုန်သည်များကို အရင်းအနှီးများထုတ်ပေးရမည်၊ မိမိတို့၏ လုပ်ငန်းများကို ဒိုင်ခံလုပ်ပေးနေသည့် လခစား မင်းခယောက်ျားများကို လစာရိက္ခာများ ပုံမှန်ပေးဝေရမည်ဟူ၍လည်း ဟောကြားခဲ့ပါကြောင်း၊ အဆိုပါတရား (၃)ပါးကို ကျင့်သုံးလျှင် တိုင်းပြည်သာယာစည်ပင်ဝပြောမည်ဟု ဟောကြားခဲ့ပါကြောင်း၊ ထိုတရား(၃)ပါးကို အစပြု၍ ကျင့်အပ်၊ ကျင့်သင့်၊ ကျင့်ထိုက်သည့် တရားများကျင့်သုံးနေထိုင်နိုင်ပါစေဟု နှစ်သစ်မင်္ဂလာဩဝါဒပြုအပ်ပါကြောင်း" ဟောကြားရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲသို့ ကြွရောက်တော်မူကြသည့် ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၇**

၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်(C)ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်တေဇောဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



အဆိုပါ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၃ မှ

လယ်ယာမြေသွင်းအားစုတွေ အခွန်ကင်းလွတ်ခွင့်ပေးမှာ ဖြစ်ပါတယ်။ သောက်သုံးရေ၊ စိုက်ပျိုးရေ၊ လျှပ်စစ်မီး ရရှိရေးနဲ့ လမ်းပန်းဆက်သွယ်ရေးရရှိရေးတို့ကို ဦးစားပေး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အလုပ်သမားများရဲ့ဘဝစိုပြည်သာယာရေး**အတွက် ရေတိုကာလမှာ အလုပ်သမားတွေရဲ့ လူမှုဖူလုံရေးရန်ပုံငွေ တွေကို အလုပ်သမားတွေအတွက် ထိထိရောက်ရောက် စီမံပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ပါမယ်။ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ မြင့်မားလာအောင် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး နိုင်ငံတကာကို ဖိတ်ခေါ် သွားပါမယ်။ ပြည်ပရောက် မြန်မာအလုပ်သမားတွေရဲ့ လုံခြုံဘေးကင်းမှု၊ အခွင့်အရေး ရရှိခံစားနိုင်မှုတို့ကိုလည်း နိုင်ငံချင်း သဘောတူညီချက်တွေကို အခြေခံပြီး မြှင့်တင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ထိုက်တန်တဲ့ပညာရပ် ဆည်းပူးခွင့်**

**ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး**အတွက် ပညာသင်စရိတ်ထောက်ပံ့ မှုတွေကို တိုးမြှင့်ပေးနိုင်အောင် ဆောင်ရွက်မှာဖြစ်သလို အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှုတွေ မြင့်မား လာအောင် ဦးတည်ကြိုးပမ်းမှာ ဖြစ်ပါတယ်။ ဝင်ငွေနည်း မိသားစု၊ ဆင်းရဲနွမ်းပါးတဲ့မိသားစုက ကျောင်းသားလူငယ် တွေ အဆင့်မြင့်ပညာဆည်းပူးခွင့် ရရှိရေးဟာ နိုင်ငံတော် အတွက် အရေးကြီးတဲ့မူဝါဒတစ်ရပ် ဖြစ်လာမှာဖြစ်ပါ တယ်။ အရည်အချင်းရှိတဲ့လူငယ်တွေ သူတို့နဲ့ထိုက်တန်တဲ့ ပညာရပ်တွေကို ဆည်းပူးခွင့်ရရှိပြီး သူတို့နဲ့ထိုက်တန်တဲ့ နေရာတွေ ရရှိနိုင်ဖို့ နိုင်ငံတကာပညာသင်အခွင့်အလမ်း တွေ၊ ပြည်တွင်းအခွင့်အလမ်းတွေကို အလေးထားပြီး မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

ပြည်ထောင်စုအစိုးရ ရှေ့ဆက်လက်လျှောက်လှမ်း မယ့် ပြုပြင်ပြောင်းလဲရေးကို အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုနဲ့နီးစပ်တဲ့ အောက်ခြေက စတင်မှာဖြစ်ပါတယ်။ ပြည်သူနဲ့အတူ စုပေါင်းအင်အားဆို တဲ့ သဘောတရားနဲ့ ပြုပြင်ပြောင်းလဲရေးကို ချဉ်းကပ်ရမှာ ဖြစ်ပါတယ်။ ပြည်သူနဲ့အတူဆိုရာမှာ ပြည်သူရဲ့အသံကို နားထောင်ရုံသာမကဘဲ ပြည်သူတွေရဲ့ဆန္ဒသဘောထား တွေကို အလေးအနက်ထားပြီး စုပေါင်းအင်အားကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။

**ဗဟိုချုပ်ကိုင်မှုလျှော့ချ**

ပြုပြင်ပြောင်းလဲမှုနဲ့ အံမဝင်ခွင်မကျတဲ့နေရာတွေမှာ သွက်လက်ထက်မြက်ပြီး အရည်အသွေးရှိတဲ့ လူစားလဲမှု တွေ လုပ်သင့်ရင်လည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် အနာဂတ်မှာ ပေါ်ထွန်းလာမယ့် ဖက်ဒရယ် ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်အတွက် ကြိုတင်စီမံ ဆောင်ရွက်တဲ့အနေနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ တင်ပြချက်တွေကို အခြေခံပြီး ပြောင်းလဲသင့်တာတွေ ပြောင်းလဲဖို့လည်း ရှိပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ကျွန်တော်တို့ လိုက်နာရမယ့် အခြေခံမူကတော့ **"တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်းဖြစ်ပေါ်စေ"** ဆိုတဲ့ နည်းလမ်းနဲ့ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှု၊ တာဝန်ယူမှု အဆင့်ဆင့်ရှိ ရေးဆိုတဲ့ စံနှုန်းကိုအခြေခံပြီး ပြုပြင်ပြောင်းလဲမှုတွေကို ပြည်ထောင်စုအစိုးရ၊ အခြားသော မဏ္ဍိုင်ကြီးတွေ၊ တတ်သိပညာရှင်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ၊ သတင်းမီဒီယာတွေနဲ့ ပြည်သူတွေရဲ့ စုပေါင်းအင်အားနဲ့ ကြိုးပမ်းဆောင်ရွက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ခင်ဗျား-**

ကျွန်တော့်အနေနဲ့ မိဘပြည်သူတွေ မျှော်လင့်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ဖို့ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့အားလုံးနှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ စုပေါင်းအင်အားသစ်တွေ တည်ဆောက်နိုင်ကြမယ်ဆိုရင် တူညီတဲ့ ရည်ရွယ်ချက်၊ မျှော်မှန်းထားကြတဲ့ ပန်းတိုင်ကို အမြန်ဆုံး မြင်တွေ့ကြရမယ်ဆိုတာကို အလေးအနက် ယုံကြည်ထားပါတယ်။

**ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်**

ယခုလို မြန်မာတို့ရဲ့ မင်္ဂလာအပေါင်းခညောင်းတဲ့ နှစ်သစ်အခါသမယမှာ နိုင်ငံသူနိုင်ငံသားအားလုံး နှလုံး စိတ်ဝမ်းအေးချမ်းကြပါစေ၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာ မှာ နိုင်ငံသူ နိုင်ငံသားအားလုံး ကျရာကဏ္ဍအသီးသီး ကနေ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန် ကောင်း တောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီခရိုင်၏ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်

**မြဝတီ ဧပြီ ၁၇**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်အချိန်အခါတွင် မြဝတီခရိုင်၏ ဇီဝိတ ဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားဂုဏ်ပြုပူဇော်ပွဲ အခမ်း အနားများသို့ တက်ရောက်သည်။

မြဝတီခရိုင်၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို နံနက် ၈ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဝတ်ရွတ်အသင်းများ၊ ဘာသာရေးအသင်းအဖွဲ့ များနှင့် လူမှုရေးအသင်းအဖွဲ့များက ဇီဝိတဒါနအဖြစ် ငါးသားပေါက်များကို သောင်ရင်းမြစ်အတွင်းသို့ လွှတ် ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ သည် မြဝတီမြို့ ရွှေမြင်းဝန် စေတီတော်ဂေါပကရုံး၌ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဘိုးဘွားများ အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန် ရှိသူများသည် ရွှေမြင်းဝန်စေတီတော် သာသနာ့ဟိတကာရီ ဓမ္မဗိမာန်တော်၌ ကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်း အနားသို့ တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ သက်ကြီးဘိုးဘွားများကိုယ်စား အမှတ်(၂)ရပ်ကွက်မှ အသက်(၈၇) နှစ်ရှိ အဘိုး ဦးတင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် သည်။

ယနေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် မြဝတီမြို့ ပေါ်ရှိ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွား ၂၀၂ ဦးတို့အား ဂုဏ်ပြုပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန် ရှိသူများသည် အမှတ်(၃)ရပ်ကွက်ရှိ မိဌာန်အောင် စေတီတော်ဘုရားဝတ္တကမြေ၌ကျင်းပသည့် သစ်ပင်စိုက်ပျိုး ပွဲသို့ ရောက်ရှိကြပြီး ကျွန်း၊ ဗာဒံ၊ ကံ့ကော်၊ ပိတောက်၊




ခရေ၊ မန်ကျန်ရှား၊ ရေတမာ၊ တရုတ်တည်၊ အော်ရေးရှား၊ သပြေဘူရ၊ မဟော်ဂနီနှင့်စိန်ပန်းပင်တို့ကို စိုက်ပျိုးပေးကြ သည်။

**သတင်းစဉ်**

# (၅၄)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပ

**စစ်တွေ ဧပြီ ၁၇**

ရခိုင်ပြည်နယ်သင်္ကြန်ပွဲတော် ကျင်းပ ရေးဦးစီးကော်မတီနှင့် စစ်တွေမြို့လုံး ကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီတို့ ပူးပေါင်း ကျင်းပသည့် (၅၄)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း(၁)ရက်(ဧပြီ ၁၇ ရက်) နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပူဇော်ခံသက်ကြီးဘိုးဘွား များအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအမှူးပြုသော ပြည်နယ်ဝန်ကြီး များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဧည့်ပရိသတ်များက ကန်တော့ကြ သည်။ ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင်များက သက်ကြီး အဘိုး အဘွားများအား မင်္ဂလာရေ စင်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် သက်ကြီးပူဇော်ပွဲကျင်းပ ရေးကော်မတီဥက္ကဋ္ဌ ဦးစံသာမောင် က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများနှင့်ဇနီးများ၊ သက်ကြီး



ပူဇော်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ ဝင်များ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေ၊ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်း အမျိုးမျိုးတို့ကို လှူဒါန်းကြသည်။ ယင်းနောက် အပူဇော်ခံအဘိုး အဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သပေးပြီး သက်ကြီး ပူဇော်ပွဲကျင်းပရေး ယဉ်ကျေးမှု ကော်မတီမှ မဟာမြတ်မုနိပူဇာယိမ်း အကနှင့် လှိုင်းစရာစစ်ခင်းတိုက်စည်း ခြင်းယိမ်းအကတို့ဖြင့် ဂါရဝပြု ဖျော်ဖြေပူဇော်ကြသည်။

မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီမှ စစ်တွေမြို့ပေါ် ရပ်ကွက်များနှင့် ဘိုးဘွားရိပ်သာတို့ တွင်ရှိသောအသက်(၈၀)နှင့် အထက် အဘိုး အဘွား ၁၃၅ ဦးတို့အား ရပ်ကွက်အလိုက် သွားရောက်ပြီး ပူဇော် သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ် ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ သက်ကြီး ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ စေတနာရှင်အလှူ ရှင်များနှင့် ရခိုင်ယဉ်ကျေးမှုအဖွဲ့မှ လူငယ်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်တွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**မောင်တော ဧပြီ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့အတွင်း သက်ကြီးအဘိုးအဘွားများအား (၄၁)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မောင်တောမြို့နယ် သာသနာ့ဗိမာန်၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်းတို့က ဂါရဝစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် အဘိုးအဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းသာပီတိစကား ပြန်လည် ပြောကြားခဲ့သည်။

ယင်းနောက် ကန်တော့ခံအဘိုးအဘွားများအား ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ အရပ်ဘက်လူမှုရေးအဖွဲ့ အစည်းများ၊ ပရဟိတအဖွဲ့များနှင့် ရပ်မိရပ်ဖများက လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

သက်ကြီးပူဇော်ပွဲသို့ မောင်တောမြို့နယ်အတွင်းမှ အသက်(၈၀)နှင့် အထက် အဘိုးအဘွား ၁၂၆ ဦးအနက် ၉၃ ဦး တက်ရောက်အပူဇော်ခံကြပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများကိုလည်း အိမ်တိုင် ရာရောက် သွားရောက်ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-အောင်ကျော်ဦး၊ တင်စိုး**





မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မဟာဝိဇယစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-လှမိုး




မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-အေးမင်းသူ

## ❂ မြန်မာနှစ်ဆန်း ၁ ရက်နေ့မှ

အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် "နာဂစီဝရာပဠ္ဍပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်" ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် ၎င်း၏ အလင်းရောင်ဖြင့် မြန်မာနှစ်ဆန်း ၁ ရက် (၂၀၁၈ ခုနှစ် ဧပြီ ၁၇ ရက်) အင်္ဂါနေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်သည်။

နံနက် ၇ နာရီခွဲတွင် ဆူးလေစေတီတော် ကျက်သရေခန်းမဆောင်၌ သိမ်တော်ကြီးဆရာတော်ထံမှ ဂေါပကအဖွဲ့နှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မွေးနံထောင့်များရှိ ဘုရားဆင်းတုတော်များအား ဘုရားဖူးလာပြည်သူများ သွန်းလောင်းပူဇော်ရန် အမွှေးနံ့သာရည်များကို စီစဉ်ပေးထားကာ စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၉ နာရီတွင် သာသနဇောတိကဓမ္မာရုံ၌ ဓမ္မကထိကဆရာတော်များက သီလပေးတရားများကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကိုလည်းကောင်း ဟောကြားချီးမြှင့်တော်မူကြပြီး ပုညယုနကျောင်းတိုက်ဆရာတော်ကြီးမှူး၍ စေတနာရှင်အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများတွင် ယနေ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့်အားလျော်စွာ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ဒါနပြုကြသူများ၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ခေါင်းလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် စတုဒိသာကျွေးမွေးကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ဆရာတော်၊ သံဃာတော်များက မော်တော်ယာဉ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ လမ်းမကြီးများတစ်လျှောက်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ ပရိတ်ရေများပက်ဖျန်းခြင်း၊ ရပ်ကွက်များရှိလမ်းများအလိုက် ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ယနေ့တွင် ပုဂ္ဂလိကယာဉ်အချို့ကလည်း ဘုရားဖူးပြည်သူများအား တန်ခိုးကြီးဘုရားများသို့ ကုသိုလ်ဖြစ် အခမဲ့ ပို့ဆောင်ပေးကြသည်ကို တွေ့မြင်ရသည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကုသိုလ်ကောင်းမှု၊ အလှူဒါနအစုစုတို့ ပြုလုပ်ကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့အပြား၌လည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။ ယင်းမှာ မြန်မာတို့၏ ရှေးဘိုးဘွားလက်ထက်မှ စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေပုံရိပ်ကောင်းများပင် ဖြစ်ပါသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**



မြန်မာနှစ်ဆန်း ၁ ရက်နေ့က ကြေးမုံသတင်းစာတိုက်ဝန်ထမ်းမိသားစုများ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# ရန်ကုန်မြို့နေ ရဟန်းရှင်လူပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော်နာယူခြင်းနှင့် ပရိတ်ရေသွန်းလောင်းခြင်းမင်္ဂလာအခမ်းအနား ကျင်းပ




**ရန်ကုန် ဧပြီ ၁၇**

ရန်ကုန်မြို့နေ ရဟန်းရှင်လူပြည်သူများ မြန်မာနှစ်ကူးကာလတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဘေးအန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းနှင့် ပရိတ်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ ရက်) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမနှင့် မရမ်းကုန်းမြို့နယ် ရေကူ၊ ရေတွန်းစက်ရုံတို့၌ ကျင်းပသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များသည် မရမ်းကုန်းမြို့နယ်ရှိ ရေကူ၊ ရေတွန်းစက်ရုံသို့ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့နေ ပြည်သူများသို့ နေ့စဉ်ဖြန့်ဝေလျက်ရှိသည့် ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်းပေးကာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများနှင့် မိသားစုဝင်များကလည်း ရန်ကုန်မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်ရေများကို မေတ္တာပို့သ သွန်းလောင်းပေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ကျော်စိုး၊ ဓာတ်ပုံ-စောသိန်းဝင်း**

## ✻ ကျောဖုံးမှ

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် နှစ်ဆန်း ၁ ရက်နေ့တွင်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းမှုများ ပြုလုပ်ပေးခြင်းနှင့် ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းနှင့် ကုသိုလ်ဒါနပြုခြင်းတို့ဖြင့် နှစ်သစ်ကို အစပြုကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေတွင်လည်း နှစ်သစ်ကူး နှစ်ဆန်း ၁ ရက် နံနက်ပိုင်းမှစ၍ တန်ခိုးကြီးဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်းပရိတ်တရားတော်ကို နာကြားကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ ဒသမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော် နာယူပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ကမ္ဘာသူကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများ ဖျန်းပက်ကာ မေတ္တာပို့သကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေရှိ ထင်ရှားသော သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းဘုရားကြီး၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ၊ ရန်အောင်မြင်စေတီ စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြသူများ များပြားခဲ့သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှပေးဝေကြသည်။

**သတင်းစဉ်**

# အကျဉ်းသား အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန်(ဗဟို)အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ရှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦး အပါအဝင် ၃၃၆ ဦး လွတ်မြောက်

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံး ဥပဒေအရ ယနေ့ နံနက်ပိုင်းက လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ရန်ကုန်မြို့ရှိ အင်းစိန်(ဗဟို)အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား ရှစ်ဦးနှင့် နိုင်ငံခြားသားတစ်ဦး အပါအဝင် အကျဉ်းသား အကျဉ်းသူ ၃၃၆ ဦး လွတ်မြောက်ခဲ့ကြောင်း အဆိုပါ အကျဉ်းထောင်မှသိရသည်။

"နိုင်ငံတော်သမ္မတက နှစ်သစ်ကူး အခါသမယမှာ မင်္ဂလာရှိအောင်၊ နိုင်ငံအကျိုးကို တစ်ဖက် တစ်လမ်းက စိတ်သစ်လူသစ်နဲ့ အကျိုးပြုနိုင်အောင် လွတ်ငြိမ်းခွင့် ပေးခဲ့တာပါ၊ ဒီကနေ့ လွှတ်ပေးတဲ့အထဲမှာ နိုင်ငံရေး အကျဉ်းသား ရှစ်ဦးနဲ့အတူ တရုတ်နိုင်ငံသားတစ်ဦးလည်း ပါဝင်ပါတယ်"ဟု အင်းစိန်(ဗဟို)အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အင်းစိန်(ဗဟို)အကျဉ်းထောင်မှ ယနေ့ပြန်လည် လွတ်မြောက်လာသူများတွင် နိုင်ငံရေးအကျဉ်းသား (AAPP) စာရင်းဝင် အမျိုးသား ရှစ်ဦး၊ ရဲစည်းကမ်း ထိန်းသိမ်းရေးဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တပ်မတော် အက်ဖြင့် ပြစ်ဒဏ်ကျခံနေရသူများ၊ မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ အပါအဝင် အကျဉ်းသား ၂၉၉ ဦးနှင့် အကျဉ်းသူ ၃၇ ဦး ပါဝင်ကြောင်း သိရသည်။

ပြစ်ဒဏ်ကျခံခဲ့ရသူ စောဝါးလေးက "ထောင်ဒဏ် နှစ်ရှည် ချမှတ်ခံရတာပါ၊ ၁၃ နှစ်လောက် ထောင်ထဲမှာ နေပြီး ပြန်လည်လွတ်မြောက်လာတာပါ၊ အခုလို မထင် မှတ်ဘဲ လွတ်မြောက်လာတဲ့အတွက် ဝမ်းသာပါတယ်၊ နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်အကြီးအကဲတွေ ကိုလည်း ကျေးဇူးတင်ပါတယ်၊ အထဲမှာကျန်ခဲ့တဲ့သူတွေကို လည်း စိစစ်ပြီး လွှတ်ပေးဖို့မျှော်လင့်ပါတယ်"ဟု ပြောသည်။



ရန်ကုန်မြို့ရှိ အင်းစိန်(ဗဟို)အကျဉ်းထောင်မှ နိုင်ငံရေးအမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရသော အကျဉ်းသားများအား လာရောက်ကြိုဆိုကြသူများနှင့်အတူ တွေ့ရစဉ်။

အလားတူ လွတ်မြောက်လာသည့် နိုင်ငံရေး အကျဉ်းသားများကို လာရောက်ကြိုဆိုသူ နိုင်ငံရေး အကျဉ်းသားဟောင်း ဦးရဲအောင်က "အခုလို နှစ်ဆန်း တစ်ရက်နေ့မှာ နိုင်ငံရေးအကျဉ်းသားတွေကို ဂရုတစိုက်နဲ့ လွှတ်ပေးတဲ့အတွက် ဝမ်းသာပါတယ်၊ သမ္မတကြီးကိုလည်း ဝမ်းမြောက်ကြောင်း ပြောချင်ပါတယ်၊ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေမရှိစေဘဲနဲ့ တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းပြီးတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို သွားမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးနဲ့အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဆောင်ရွက် နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ယနေ့ လွတ်မြောက်လာသူများတွင် နိုင်ငံရေးအမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး လွတ်မြောက်လာသူများတွင် ထောင်ဒဏ်နှစ်ရှည်ကျခံနေရသူများအပြင် သေဒဏ်နှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံနေရသူများလည်း ပါဝင်ကြောင်း သိရသည်။

ဗဟန်းမြို့နယ်မှ ဒေါ်သီရိက "မူးယစ်ဆေးဝါးမှုနဲ့ ထောင်လေးနှစ်ကျခဲ့တာပါ၊ ထောင်ထဲမှာ နှစ်နှစ်ကျော် လောက် နေခဲ့ရပါတယ်၊ ဒီကနေ့ လွတ်မယ်ဆိုတာကို ကြိုမသိခဲ့ရပါဘူး၊ မနက်ကမှ နာမည်နဲ့ လာခေါ်တော့မှ သိရတာပါ၊ အခုလိုမထင်မှတ်ဘဲ သမ္မတကြီးရဲ့ လွတ်ငြိမ်း ခွင့်နဲ့ အမြန်ဆုံးလွတ်မြောက်လာတဲ့အတွက် သမ္မတကြီးကို ကျေးဇူးတင်ပါတယ်၊ အထဲမှာရှိတဲ့ အကျဉ်းသား အကျဉ်းသူတွေကလည်း သမ္မတကြီးကို ကြိုဆိုကြပါတယ်၊ ရှေ့ဆက်ပြီး ဘဝကို အကောင်းဆုံးတည်ဆောက် နေထိုင် သွားမယ်လို့ဆုံးဖြတ်ထားပါတယ်၊ လူငယ်တွေအနေနဲ့လည်း မူးယစ်ဆေးနဲ့ပတ်သက်ပြီး နည်းနည်းလေးမှ မငြိစွန်းစေချင် ပါဘူး၊ နည်းနည်းလေး ပတ်သက်တာနဲ့ ဘဝနဲ့ရင်းပြီး ပေးဆပ်ရလိမ့်မယ်လို့ သတိပေးချင်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်သမ္မတက မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျ ခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ များကို ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက် သာခွင့်ပေးလိုက်သည့် သတင်းကြောင့် ယနေ့နံနက်ပိုင်းမှ စတင်ကာ အင်းစိန်(ဗဟို)အကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုနေကြသူများ၊ စောင့်မျှော်နေသည့် မိသားစုဝင်များလည်းရှိသည်။

အကျဉ်းသား အကျဉ်းသူများကို ယနေ့ လွှတ်ပေးရာ တွင် ရန်ကုန်တိုင်းဒေသကြီး၌ အင်းစိန်(ဗဟို)အကျဉ်း ထောင်နှင့် ရွှေသူဌေး၊ တောကြီးတန်း၊ လှေလှော်အင်း၊ အိုင်ကလောင်၊ အောင်ချမ်းသာ၊ မင်းကုန်း စသည့် အကျဉ်း စခန်းများလည်း ပါဝင်ရာ တိုင်းဒေသကြီးအတွင်း အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၀၉ ဦး လွှတ်ပေး မည်ဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မန္တလေးအကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူများ လွတ်မြောက်

**မန္တလေး ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန်ဖြင့် အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူ ၈၄၉၀ ကို ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး အိုးဘို အကျဉ်းထောင်၊ ထုံးဘိုအကျဉ်းထောင်(၁/၂)၊ ထုံးဘိုအမျိုးသမီးကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၉၃၁ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လွတ်ငြိမ်းခွင့်ရရှိရာတွင် အိုးဘိုအကျဉ်းထောင်မှ အမျိုးသား ၄၃၀ နှင့် အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၄၆၃ ဦး၊ ထုံးဘို-၁ အကျဉ်းထောင်မှ အမျိုးသား ၁၈၁ ဦး၊ ထုံးဘို-၂ အကျဉ်းထောင်မှ အမျိုးသား ၁၃၆ ဦး၊ အိုးဘို အမျိုးသမီးကုန်ထုတ်စခန်းမှ အမျိုးသမီး ၁၅၁ ဦး စုစုပေါင်း ၉၃၁ ဦး လွတ်ငြိမ်းသက်သာခွင့်ရခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၇ ဦး လွတ်မြောက်



**စစ်တွေ ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့် အမိန့်ဖြင့် လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်ရာ တွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၇ ဦးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်ပေး လိုက်ကြောင်း သိရသည်။

မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်း စေရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုကို အလေးထားသော အားဖြင့် လည်းကောင်း အကျဉ်း ထောင်/စခန်းအသီးသီးတွင် အကျဉ်း ကျခံနေကြရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူများအား နိုင်ငံတော်သမ္မတက ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့် ပေးလိုက် သည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပေး ရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၈၁ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ ဘူးသီးတောင်အကျဉ်း ထောင်မှ အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ ခုနစ်ဦး၊ ကျောက်ဖြူ အကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး၊ အကျဉ်းသူ နှစ်ဦးနှင့် သံတွဲ အကျဉ်းထောင်များမှ အကျဉ်းသား ၂၀ ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၀၃ ဦး လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများ အား မိသားစုဝင်များ၊ သူငယ်ချင်း မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၀၂ ဦး လွတ်ငြိမ်းသက်သာခွင့်ပေး

**ကော့သောင်း ဧပြီ ၁၇**

နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် မြန်မာ နှစ်သစ်ကူးအခါသမယ အထိမ်း အမှတ်အဖြစ် လည်းကောင်း၊ ပြည်သူ လူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရန် နှင့် လူသားချင်း စာနာထောက်ထား မှုကို အလေးထားသောအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာ ခွင့်ဖြင့် ယနေ့ညနေပိုင်းက တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်း အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၀၂ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့်ရ အကျဉ်း သား အကျဉ်းသူများအား ကော့သောင်းမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် အကျဉ်းထောင်တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြပြီး ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ် ငွေများ ပေးအပ်ခဲ့ကြသည်။ လွတ်ငြိမ်း သက်သာခွင့်ရ ကော့သောင်း အကျဉ်း ထောင်မှ အကျဉ်းသား အကျဉ်းသူများ အနက် အမျိုးသား ၇၈ ဦး၊ အမျိုးသမီး ၂၄ ဦးဖြစ်ပြီး မြိတ်မြို့မှ ၁၂ ဦး၊ ဘုတ်ပြင်းမြို့မှ ၃၀၊ ကော့သောင်းမြို့မှ ၅၈ ဦးနှင့် ထိုင်းနိုင်ငံသား တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦး အပါအဝင် စုစုပေါင်း ၁၀၂ ဦးဖြစ်သည်။



မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်း ထောင်အသီးသီးမှ နိုင်ငံတော် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်ငြိမ်းသက်သာ ခွင့်ပြုသူများ အနက် ကော့သောင်းအကျဉ်းထောင် မှ ၁၀၂ ဦး ပါဝင်ခြင်းဖြစ်သည်။

**ကျော်စိုး (ကော့သောင်း)**

## ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၁၅၆ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေး

**ဘားအံ မေ ၁၇**

မြန်မာနှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားခြင်းအားဖြင့်လည်းကောင်း ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံအကျဉ်းထောင်နှင့် လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းရှိ အကျဉ်းကျခံနေရသော နိုင်ငံသား အကျဉ်းသားများအား မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၁ နာရီက လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ မေ ၁၇ ရက် ထုတ်ပြန်သည့် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ရရှိသူများတွင် ဘားအံအကျဉ်းထောင်မှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၂၈ ဦး၊ ဘားအံမြို့ လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အမျိုးသား ၇၂ ဦး စုစုပေါင်း ၁၅၆ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပေးရာ နေရပ်ထံပြန်ကြမည့် ဘားအံမြို့ ၆၃ ဦး၊ မြဝတီမြို့ ၅၀၊ လှိုင်းဘွဲ့ တစ်ဦး၊ ကမမောင်း နှစ်ဦး၊ ကျုံဒိုး နှစ်ဦး၊ ကြာအင်းဆိပ်ကြီး နှစ်ဦး၊ ဘုရားသုံးဆူ တစ်ဦး၊ ကော့ကရိတ် ကိုးဦး၊ ထိုင်း တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး လေးဦး၊ မွန်ပြည်နယ် ၁၆ ဦး၊ ရှမ်း(တောင်) တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး သုံးဦး၊ ပဲခူးတိုင်းဒေသကြီး တစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ပေးသော နိုင်ငံသား အကျဉ်းသားများအား ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဦးဇော်ဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က သွားရောက်အားပေးစကားပြောကြားကာ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးသော တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၆၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မိတ္ထီလာအကျဉ်းထောင်မှ အကျဉ်းသူ အကျဉ်းသား ၆၄ ဦး လွတ်မြောက်ခွင့်ရရှိ

**မိတ္ထီလာ မေ ၁၇**

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူး အခါသမယ အထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် နိုင်ငံတစ်ဝန်း အကျဉ်းထောင်များမှ လွတ်ငြိမ်းသက်သာခွင့်ရရှိသည့် အကျဉ်းကျခံရဆဲ နိုင်ငံသားအကျဉ်းသား ၈၄၉၀ အနက် မိတ္ထီလာ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရဆဲ အကျဉ်းသူ အကျဉ်းသား ၆၄ ဦးသည် မေ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က လွတ်မြောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

"အခုလို အကျဉ်းကျခံနေရဆဲအချိန်မှာ နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းသက်သာခွင့်နဲ့ လွတ်မြောက်လာရလို့ အများကြီးဝမ်းသာမိပါတယ်၊ နောက်နောင် ဥပဒေနဲ့ မလွတ်ကင်းတဲ့ အမှုကိစ္စတွေကို စိတ်လိုက်မာန်ပါ မလုပ်တော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားပါတယ်"ဟု အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံရဆဲ လွတ်မြောက်ခွင့်ရရှိသည့် အကျဉ်းသားတစ်ဦးက ပြောသည်။




မိတ္ထီလာ အကျဉ်းထောင်မှ နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်ခွင့်ရရှိသူ ၆၄ ဦးအနက် အကျဉ်းသူ ၁၀ ဦး၊ အကျဉ်းသား ၅၄ ဦး ပါဝင်ပြီး ၎င်းတို့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းငွေးနှင့် ထောင်မှူး ဦးလှငွေးတို့က တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် မိုးညှင်းအကျဉ်းထောင်မှ ၂၀၃ ဦး လွတ်မြောက်




**မိုးညှင်း မေ ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းအကျဉ်းထောင်တွင် မေ ၁၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က နိုင်ငံတော်သမ္မတ၏လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြစ်ဒဏ်ကျခံရသူ ၂၀၃ ဦး လွတ်မြောက်ကြောင်း သိရသည်။

အဆိုပါအကျဉ်းထောင်မှ လွတ်မြောက်ခွင့်ရသူများအား မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းလင်း၊ မိုးညှင်းအကျဉ်းထောင်တာဝန်ခံအရာရှိ ဦးအာကာတို့က ဆုံးမစကားပြောကြားပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့်လက်မှတ်နှင့် ထောက်ပံ့ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

အဆိုပါလွတ်ငြိမ်းသက်သာခွင့်ဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားထောင်တွင် ၄၉၂ ဦး၊ ဗန်းမော်ထောင်တွင် ၁၅၁ ဦး၊ မိုးညှင်းထောင်တွင် ၂၀၃ ဦး၊ ပူတာအိုထောင်တွင် ၃၃ ဦး၊ မလိခထောင်တွင် ၉၆ ဦး စုစုပေါင်း ၉၇၅ ဦးရှိကြောင်း သိရသည်။

**နီတိုး**

## ကချင်ပြည်နယ် အကျဉ်းထောင်များမှ အကျဉ်းကျခံ နိုင်ငံသားအကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေး

**မြစ်ကြီးနား မေ ၁၇**

ကချင်ပြည်နယ်အတွင်း အကျဉ်းကျခံနေကြသော နိုင်ငံသားအကျဉ်းသားများအား မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း မေ ၁၇ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက ကချင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများမှ ပုဒ်မအလိုက် အကျဉ်းကျခံနိုင်ငံသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်း၊ ပူတာအို၊ မလိခ(ပိတောင်)အကျဉ်းစခန်းများမှ အသက်(၈၀)အထက် အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး၊ အသက်(၇၅)နှစ်မှ (၈၀)အထိ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ နာမကျန်းသူ တစ်ဦး၊ AAPP နှစ်ဦး၊ မူးယစ်(၁၅)အမျိုးသား ၁၆၄ ဦး၊ အမျိုးသမီး ၃၃ ဦး၊ မူးယစ်(၁၆) အမျိုးသား ၃၅၃ ဦး၊ အမျိုးသမီး ၉၀၊ မူးယစ်(၁၅၊ ၁၆)အမျိုးသား ၂၁၃ ဦး၊ အမျိုးသမီး ၁၅ ဦး၊ တပ်မတော်အက် ၇၉ ဦး၊ ရဲစည်းကမ်းအက် ခုနစ်ဦး စုစုပေါင်း ကချင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ နိုင်ငံသားအကျဉ်းသား စုစုပေါင်း ၉၇၅ ဦး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြင်းခြံအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူများ လွှတ်ပေး

**မြင်းခြံ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများအနက် ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည့် အကျဉ်းသား အကျဉ်းသူများ လွှတ်ပေးခြင်းကို မေ ၁၇ ရက် မွန်းလွဲ ၂ နာရီက အကျဉ်းဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးငွေးလွင်၊ မြင်းခြံအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးခင်မောင်ငွေး (လက်ထောက်ညွှန်ကြားရေးမှူး)တို့က ပြစ်ဒဏ်မှ လွတ်မြောက်သူများအား မိမိနေရပ်သို့ ပြန်လည်ရောက်ရှိပါက ကောင်းမွန်စွာ နေထိုင်စားသောက်လုပ်ကိုင်ကြရန်တို့ကို မှာကြားခဲ့ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လွတ်မြောက်သော အကျဉ်းသား အကျဉ်းသူများအား လွတ်မြောက်ခြင်းလက်မှတ်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။



အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူများ လွှတ်ပေးခြင်းသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ပြီး မြင်းခြံအကျဉ်းထောင်မှ စစ်စည်းကမ်းဖြင့် အရေးယူခံထားရသော အကျဉ်းသား ကိုးဦး၊ မူးယစ်ဆေးဝါးမှုဖြင့် အရေးယူခံထားရသော အကျဉ်းသား ၁၃ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၂၆ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ပခုက္ကူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၂ ဦး လွှတ်ပေး

**ပခုက္ကူ မေ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန ပခုက္ကူအကျဉ်းထောင်မှ ကျင့်-၄၀၁(၁)အရ လွတ်မြောက်အကျဉ်းသား အကျဉ်းသူများအား လွှတ်ပေးသည့် အခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၁ နာရီခွဲက ပခုက္ကူအကျဉ်းထောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူအကျဉ်းထောင် ထောင်ပိုင်ကြီး ဦးငွေစိုးနှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်တို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ်၊ ၁၇/၂၀၁၈၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ လွတ်ငြိမ်းသက်သာခွင့်ပေးရသည့်အကြောင်းများ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထောင်ပိုင်ကြီး ဦးငွေစိုးက အကျဉ်းသား ၂၁ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၂၂ ဦးတို့အား ထောင်လွှတ်လက်မှတ်များနှင့် ခရီးစရိတ်ငွေများပေးအပ်ကြောင်း သိရသည်။ **ကိုဇော်(ခာတု)**

## မြို့သစ်မြို့ အကျဉ်းစခန်းများမှ လွတ်ငြိမ်းသက်သာခွင့်ပေး

**မြို့သစ် မေ ၁၇**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းအသီးသီးတွင် အကျဉ်းကျခံနေရသော အကျဉ်းသားများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့အကျဉ်းစခန်း၊ သနန်အကျဉ်းစခန်း၊ ဗန္ဓုလအကျဉ်းစခန်းများမှ အကျဉ်းသား စုစုပေါင်း ၂၂၇ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့သည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် မြို့သစ်၊ သနန်၊ ဗန္ဓုလအကျဉ်းစခန်းများမှ တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူတို့က အကျဉ်းသားများအား ဆုံးမဩဝါဒစကား ပြောကြားကာ ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့သည်။

လွတ်ငြိမ်းသက်သာခွင့်ရအကျဉ်းသားများမှာ မြို့သစ်အကျဉ်းစခန်းမှ ၆၀၊ သနန်အကျဉ်းစခန်းမှ ၈၉ ဦး၊ ဗန္ဓုလအကျဉ်းစခန်းမှ ၇၈ ဦး စုစုပေါင်း ၂၂၇ ဦးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ဆီးရီးယားအား ပါလီမန်ခွင့်ပြုချက် ကြိုတင်မရယူဘဲ လေကြောင်းတိုက်ခိုက်မှု အမတ်များ ဒေါသထွက်နေ

**လန်ဒန် ဧပြီ ၁၇**

ဆီးရီးယားနိုင်ငံအား အမေရိကန်ဦးဆောင်၍ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ် ထရီစာမေနှင့် သမ္မတ အီမင်နျူယယ်မေခရွန်တို့ကို ဒေါသထွက်နေကြသော ပါလီမန်အမတ်များက ပါလီမန်ရှေ့မှောက်၌ မေးမြန်းမှုများ ပြုလုပ်ရန်ရှိနေကြကြောင်း အေအက်ဖ်ပီသတင်းဌာနက ဧပြီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်ဝန်ကြီးချုပ်မေနှင့် ပြင်သစ်သမ္မတ မေခရွန်တို့သည် အာဏာရရှိလာခဲ့ပြီးချိန်နောက်ပိုင်း ၎င်းတို့ နှစ်ဦးစလုံးအတွက် ပထမဆုံးအကြိမ် စစ်ရေးအရ အရေးယူဆောင်ရွက်ချက်အဖြစ် ဆီးရီးယားနိုင်ငံအပေါ် လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ရာတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**မကျေမချမ်းဖြစ်**

ပါလီမန်၏ သဘောတူခွင့်ပြုချက်ကို ကြိုတင်ရယူခြင်းမရှိဘဲ ဆီးရီးယားနိုင်ငံအပေါ် တိုက်ခိုက်ခဲ့ခြင်းအတွက် ဗြိတိသျှ အမတ်များက ဝန်ကြီးချုပ် မေ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ မကျေမချမ်း ဖြစ်နေကြသည်။

မိမိ၏ လုပ်ဆောင်ချက်နှင့် ပတ်သက်၍ ပါလီမန် အမတ်များအနေဖြင့် မိမိအား မေးမြန်းပိုင်ခွင့်ရှိကြောင်း၊ သို့ရာတွင် မိမိသည် ဝန်ကြီးချုပ် တစ်ဦး ထမ်းဆောင်ရမည့် တာဝန်များနှင့်အညီ ဆုံးဖြတ်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း အသက် ၆၁ နှစ်ရှိ ဝန်ကြီးချုပ် မေက ပြောကြားသည်။

ပါလီမန်တွင် အမတ်များ၏ ထောက်ခံမှုကို ကြိုတင်ရယူခြင်းမပြုဘဲ အစိုးရအဖွဲ့ အနေဖြင့် စစ်ရေးအရ ဆောင်ရွက်ချက် တစ်ရပ်ရပ် ပြုလုပ်နိုင်ခြင်း မရှိစေရန် တားမြစ်ပိတ်ပင်နိုင်မည့် ဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲသွားရန် ဗြိတိန် အတိုက်အခံ လေဘာပါတီခေါင်းဆောင် ဂျာရမီကော်ဘင်က ပြောကြားသည်။

ဝန်ကြီးချုပ် အနေဖြင့် ပါလီမန်ကို တာဝန်ခံရမည်ဖြစ်ပြီး အမေရိကန် သမ္မတကို တာဝန်ခံရန် မဟုတ်ကြောင်း ကော်ဘင်က ဝေဖန်ပြောကြားသည်။

သို့ရာတွင် ဝန်ကြီးချုပ် မေက ကော်ဘင်၏ ဝေဖန်ထိုးနှက်ချက်ကို ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။ မိမိသည် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်၏ အမိန့်ကို နာခံခဲ့သည်ဟု ယူဆနေကြခြင်းမှာ လုံးဝမှားယွင်းကြောင်း ဝန်ကြီးချုပ်မေက ပြောကြားသည်။

၂၀၁၆ ခုနှစ် မေလတွင် အာဏာရရှိလာခဲ့သူ ဝန်ကြီးချုပ်မေသည် ပါလီမန်၏ သဘောတူညီချက်ကို ကြိုတင်မရယူဘဲ စစ်ရေးဆောင်ရွက်ချက် ပြုလုပ်ခဲ့ပြီးနောက် ပြည်သူများ၏ အားပေးထောက်ခံမှု ပိုမိုကျဆင်းလာနေကြောင်း လတ်တလော ပေါ်ထွက်လာသည့် ပြည်သူ့သဘောထား စစ်တမ်းများတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း ဆီးရီးယား လေတပ်စခန်းနှစ်ခုကို ပစ်မှတ်ထားသော ဒုံးကျည်တိုက်ခိုက်မှုများကို ဆီးရီးယား လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ရေးသားဖော်ပြသည်။

ဧပြီ ၁၆ ရက် ညသန်းခေါင်ယံအကျော်တွင် ဆီးရီးယားနိုင်ငံ ဟွမ်းမြို့ရှိ ရှာရတ်လေတပ်စခန်းကို ပစ်မှတ်ထားကာ ဒုံးကျည်ခြောက်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ မြို့တော်ဒမတ်စကတ် တောင်ဘက် ကာလမွန်ဒေသဒူမေယာမြို့ရှိ ဒူးမတ် လေတပ်စခန်းကိုလည်း ပစ်မှတ်ထားကာ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားဖျက်ချနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားတွင် မြစ်ကူးတံတားတစ်စင်း ကျိုးကျ လူနှစ်ဦးထက်မနည်းသေဆုံး

**ဂျကာတာ ဧပြီ ၁၇**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်တွင် ဧပြီ ၁၇ ရက်က မြစ်ကူးတံတားတစ်စင်း ကျိုးကျမှုဖြစ်ပွားခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများက ကုန်တင်ကား ယာဉ်မောင်းနှစ်ဦး၏ ရုပ်အလောင်းနှစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မြစ်တွင်းသို့ ထိုးကျ**

အရှေ့ဂျာဗားပြည်နယ် တူဘန်ခရိုင်ခွဲအတွင်း တည်ရှိသည့် မြစ်ကူးတံတားသည် ဧပြီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ကျိုးကျမှုဖြစ်ပွားခဲ့သည်။ တံတားကျိုးကျမှုကြောင့် ကုန်တင်ယာဉ် သုံးစီးနှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ မြစ်အတွင်းသို့ ထိုးကျခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါဝူးနျူဂရိုဟိုက ပြောကြားသည်။

လတ်တလောကာလတွင် ကုန်တင်ယာဉ်မောင်း နှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားကြောင်း၊ ၎င်းတို့သည် ပျက်စီးသွားသည့် ကုန်တင်ယာဉ်များအတွင်း၌ ပိတ်မိနေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အခြားကုန်တင်ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ် စီးနင်းလာသူတို့နှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူက အသေးစိတ် ပြောကြားခြင်းမရှိပေ။ တံတားကျိုးကျမှုကြောင့် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# ဂျပန်နှင့် အမေရိကန် ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

**တိုကျို ဧပြီ ၁၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် သမ္မတ ဒေါ်နယ်ထရန့်နှင့် ထိပ်သီးဆွေးနွေးပွဲပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုသို့ ဧပြီ ၁၇ ရက်တွင် ထွက်ခွာသွားကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

**စီစဉ်ထား**

ဝန်ကြီးချုပ်အာဘေးသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ပမ်းဘိချ်မြို့၌ သမ္မတထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ထိပ်သီးဆွေးနွေးပွဲကျင်းပခြင်းမှတစ်ဆင့် ဂျပန်နှင့် အမေရိကန်တို့၏ မဟာမိတ်ဖွဲ့စည်းမှုမှာ ခိုင်မာတိုးတက်လျက်ရှိကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

**လုံခြုံရေးနှင့် ကုန်သွယ်ရေးဆွေးနွေးမည်**

ပမ်းဘိချ်မြို့ရှိ မာရာလာဂို အပန်းဖြေစခန်း၌ နှစ်ရက်ကြာပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲ၌ မြောက်ကိုရီးယား၏ နျူကလီးယားအရေး၊ မြောက်ကိုရီးယား၏ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသော ဂျပန်နိုင်ငံသားများ၏ အရေးတို့အပါအဝင် လုံခြုံရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည်။ **ကျိုဒို**

# အာဖဂန်နစ္စတန်၌ ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး မဲဆန္ဒရှင် မှတ်ပုံတင်လုပ်ငန်း စတင်ပြီ

ကဘူး ဧပြီ ၁၇

**စစ်ဒဏ်ခံစားနေရသော အာဖဂန်နစ္စတန်နိုင်ငံ၌ ကာလကြာရှည် မျှော်လင့်စောင့်ဆိုင်းနေခဲ့ရသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင် မှတ်ပုံတင်လုပ်ငန်းကို စတင်ပြီဖြစ်ကြောင်း၊ ကျင်းပရန် နှောင့်နှေးကြန့်ကြာခဲ့ရသည့် လွှတ်တော် ရွေးကောက်ပွဲများကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန် အာဏာပိုင်များက မျှော်မှန်းကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။**



အောက်တိုဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်များ မှတ်ပုံတင်သည့် လုပ်ငန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။ နိုင်ငံတစ်ဝန်း ဖွင့်လှစ်မည့် မဲရုံပေါင်း ၇၀၀၀ ကျော်၌ မဲပေးမည့်သူ ၁၄ သန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သော အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်မှုများ ရှိနေသည့်ကြားမှ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းမှာ ကြီးမြတ် ထည်ဝါသော ရည်မှန်းချက်တစ်ရပ် ဖြစ်သည်။

ရွေးကောက်ပွဲများ ချောချောမွေ့မွေ့ ကျင်းပနိုင်ရေးအတွက် အဓိက စိန်ခေါ်မှုမှာ အထူးသဖြင့် ကျေးလက်ဒေသများတွင် လုံခြုံမှု အခြေအနေ ညံ့ဖျင်းနေခြင်းဖြစ်ကြောင်း လွတ်လပ်သော ရွေးကောက်ပွဲ ကော်မရှင်၏ ဥက္ကဋ္ဌ ဘာဒီဆာယက်က ပြောကြားသည်။

**ဟောကိန်းထုတ်**

မိမိတို့ နိုင်ငံ၌ တာလီဘန်အဖွဲ့နှင့် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) တို့က အကြမ်းဖက်မှု လုပ်ရပ်များဖြင့် ပြည်သူလူထုအား ခြိမ်းခြောက်နေကြောင်း၊ ဒေသန္တရ စစ်မင်းများ၊ ဥပဒေမဲ့ ဖွဲ့စည်းထားသော ပြည်သူ့စစ်အဖွဲ့များနှင့် သူတစ်လူငါတစ်မင်း အုပ်စိုးသူများက လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရကောင်စီ ရွေးကောက်ပွဲများတွင် ကြားဝင် စွက်ဖက်မှုများ ရှိလာနိုင်ကြောင်း ရွေးကောက်ပွဲကော်မရှင် အကြီးအကဲက ဟောကိန်းထုတ်သည်။

ရှေးရိုးအစဉ်အလာ လိုက်နာမှု အားကောင်းသော ကျေးလက်ဒေသများ၌ အမျိုးသမီး မဲရုံဝန်ထမ်းများ အလုံအလောက်မရှိခြင်းကြောင့် မဲပေးပွဲတွင် အမျိုးသမီးများ ပါဝင်နိုင်ခွင့် နည်းပါးနိုင်ကြောင်း၊ အမျိုးသမီးများသည် မိသားစု အကြီးအကဲများ၏ ခွင့်ပြုချက်မရပါက မဲပေးရန် မှတ်ပုံတင်နိုင်ခြင်းရှိမည် မဟုတ်ကြောင်း၊ မဲပေးချိန်တွင် ခေါင်းမြီးခြုံ အမျိုးသမီးများ အနေဖြင့် ၎င်းတို့၏ မျက်နှာကို ထုတ်ဖော်ပြသရန် တောင်းဆိုမှုကို ရိုးရာထုံးစံလေ့အရ ခွင့်ပြု ပေးနိုင်ခြင်း မရှိသည့် ဖြစ်ရပ်များဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**

# လာခြင်းကောင်းသော မြန်မာနှစ်သစ်

မောင်သောင်းဝင်း (တမန်ဟောင်း)

၁၃၈၀ ပြည့် နှစ်ဦးကဆုန်လဆန်း ၃ ရက်သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အားလျော်စွာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာရှိစွာဖြင့် ဖြတ်သန်းလိုကြသည်။ နှစ်သစ်ကူးနေ့တွင် မင်္ဂလာရှိနေမှသာလျှင် တစ်နှစ်တာလုပ်ငန်းတာဝန်များအဆင်ပြေချောမွေ့လေ့ရှိသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် စတင်ခဲ့မည်ဆိုလျှင် ထိုတစ်နှစ်လုံးကို အခက်အခဲ၊ အတိုက်အခိုက်များစွာဖြင့် ကျော်လွှားရလေ့ရှိသည်။ ထိုသို့ဖြစ်နေခြင်းသည် တိုက်ဆိုင်မှု သက်သက်မဟုတ်ပေ။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း၌ အောင်နိမိတ်ထွန်းနေသည်မဟုတ်ပါလား။

**နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား**

နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် နံနက် ၈ နာရီသတင်းကြေညာပြီးနောက် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားကိုထုတ်လွှင့်ပေးသည်။ သမ္မတကြီး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသည် တစ်မူထူးခြားနေသည်။ တိုင်းပြည်အတွင်း ဆက်လက်အကောင်အထည်ဖော်သွားမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အလေးထားပြောကြားသွားသည်။ ဆိုရလျှင်နိုင်ငံတော်အခြေပြမိန့်ခွန်းပင်ဖြစ်သည်။

**လစာတိုးပေးမည်**

ဝန်ထမ်းများအားလစာတိုးမြှင့်ပေးမည့်အစီအမံနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးက "အလုပ်သမားတစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို ၂၀ ရာခိုင်နှုန်းတိုးမြှင့်ပေးပြီး အရာထမ်းလစာများကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီးဖြစ်ပါတယ်"ဟု ပြောကြားသွားသည်။ စာရေးသူတို့လိုအောက်ခြေဝန်ထမ်းများအတွက် ဝမ်းသာစရာသတင်းပင်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ရန်လည်းလို**

ထို့အပြင်သမ္မတကြီးက "နိုင်ငံတော်အစိုးရကဝန်ထမ်းတွေအတွက် ယခုလိုစီမံဆောင်ရွက်ပေးမှုကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဝန်ထမ်းတွေကလည်းတာဝန်ယူမှုဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်အထူးသတိပြုစေလိုပါတယ်" ဟု သတိပေးပြောကြားသွားသည်။ "မလုပ်၊ မရှုပ်၊ မပြုတ်" နေတတ်သောဝန်ထမ်းများ၊ "ငွေပေးလျှင်ရန်မလို"ဆိုသော ဝန်ထမ်းများသည် အတိတ်ကအကျင့်ဆိုးများကိုပြုပြင်ကြရတော့မည်ဖြစ်သည်။ ပြောင်းလဲမှုလှိုင်းနှင့်အတူ လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ခြင်းမရှိသူများသည် လက်တွဲဖြုတ်ခံကြရမည်ဖြစ်သည်။

**တစ်မူထူးခြား**

လက်ရှိ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ထောက်ခံဆန္ဒမဲ ၄၀၃ မဲဖြင့် ရွေးချယ်တင်မြှောက်ခံရသူဖြစ်သည်။ ထို့နောက် သမ္မတကြီးသည် မတ် ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ မြန်မာနိုင်ငံ၏ ဆယ်ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ထိုနေ့၌ပင် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခဲ့သည်။

**ရည်မှန်းချက်ပန်းတိုင်သုံးရပ်**

ထိုသို့မိန့်ခွန်းပြောကြားရာ၌ သမ္မတကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ပန်းတိုင်သုံးရပ်ကို အသိပေးပြောကြားခဲ့သည်။ ထိုရည်မှန်းချက်များမှာ-

(၁) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး။

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး။

**နာမည်ကောင်းထွက်**

နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကတည်းက နာမည်ကောင်းထွက်ခဲ့သည်။ မေးခွန်းများမေးရာတွင် သတ်မှတ်ချိန်အတွင်း လိုရင်းကိုသာ ထိထိမိမိ မေးမြန်းဖို့ရန် သတိပေးခဲ့သည်။ ထို့အပြင် အစိုးရအဖွဲ့မှ လွှတ်တော်သို့ မေးခွန်းများလာရောက်ဖြေဆိုကြသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများကိုလည်း တိကျစွာဖြေဆိုဖို့သတိပေးခဲ့သည်။ စာနယ်ဇင်းများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် နိုင်ငံတော်သမ္မတသစ် ဦးဝင်းမြင့်ကို စိတ်ထားကောင်းရှိသည်။ လုပ်ရဲကိုင်ရဲရှိသည်။ တက်တက်ကြွကြွရှိသည်ဟု ဆိုနေကြသည်။

**လက်တွေ့လှုပ်ရှားမှုများ**

သမ္မတကြီးသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်မှုကာလ ရက်သတ္တနှစ်ပတ်အတွင်း လက်တွေ့လှုပ်ရှားမှုများဖြင့်စတင်ခဲ့သည်။ အထူးသဖြင့် ဧပြီ ၁၁ ရက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများကို တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာစေရေးအတွက် ကြပ်မတ်သွားရေး၊ အဆင့်ဆင့်တာဝန်ယူမှု တာဝန်ခံမှုစနစ်များဖြင့်ဆင့်ကဲဆင့်ကဲ ကြပ်မတ်ဆောင်ရွက်သွားရေး၊ အဂတိလိုက်စားမှု ကင်းရှင်းရေးနှင့်အရည်အချင်းရှိသူများကို ဦးစားပေး ခန့်အပ်ရေးအတွက် မှာကြားခဲ့သည်။

> ❝ နိုင်ငံတော်သမ္မတကြီးက "အလုပ်သမား တစ်ဦးရဲ့ တစ်နေ့အတွက် အနည်းဆုံးအခကြေးငွေ ၄၈၀၀ ကျပ်နှုန်းနဲ့ လိုက်လျောညီထွေ ဖြစ်စေရန် အမှုထမ်းလစာများအားလုံးကို ၂၀ ရာခိုင်နှုန်း တိုးမြှင့်ပေးပြီး အရာထမ်းလစာများကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ စီစဉ်တွက်ချက်ပြီး ဖြစ်ပါတယ်" ဟုပြောကြား . . . ❞

> ❝ ပြည်သူများသည် တိုင်းပြည်အတွင်း၌ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ပေးရန် မျှော်လင့်နေ . . .
>
> ထို့အပြင် တိုင်းပြည်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ဖြစ်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်သော ပညာရေးစနစ်၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အိုးပိုင်အိမ်ပိုင်ဖြင့် နေထိုင်နိုင်ရေးအတွက်လည်း မဝံ့မရဲဖြင့်မျှော်လင့် . . . ❞

ထို့အပြင် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို တိတိကျကျမှန်မှန်ကန်ကန်ဖြင့် ပိုမိုလုပ်ဆောင်ရေး၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်နှင့် အာဏာအရှိန်အဝါရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုများ၊ စွပ်စွဲခံရသူဘက်မှ အကာအကွယ်ပေးမှုများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြသွားရေး၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မျက်နှာကြီးငယ်မလိုက်၊ ဆုကြုံနိမ့်မြင့်မရွေး ပြတ်ပြတ်သားသား ဆောင်ရွက်သွားရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတသည် ဧပြီ ၁၂ ရက်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားဥပဒေမဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုများကို နိုင်ငံသူ နိုင်ငံသားများနှင့် နောင်မျိုးဆက်သစ်များမခံစားရစေရေးအတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုအရှိန်မြှင့်တင်၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရေး၊ နိုင်ငံသားအားလုံး မွေးရာပါလူ့အခွင့်အရေးနှင့်နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များ၊ ကွန်ဗင်းရှင်းပါအချက်များ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

**ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာနိုင်**

သမ္မတကြီးသည် အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာနိုင်ပေသည်။ အထူးသဖြင့် တုံ့နှေးနေသော တိုင်းပြည်စီးပွားရေးကို ပြန်လည်ဦးမော့လာအောင်ဆောင်ရွယ်သွားဖွယ်ရာရှိပေသည်။

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုအလေးထားဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏စိုးရိမ်ပူပန်မှုများ၊ အထူးသဖြင့် သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ဆေးဝါးမှုများ၊ ရာဇဝတ်မှုများလျော့နည်းလာအောင် ဆောင်ရွက်သွားဖွယ်ရာရှိသည်။

**ပြည်သူများ၏ မျှော်လင့်ချက်**

ပြည်သူများသည် တိုင်းပြည်အတွင်း၌ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုသာ ဖော်ဆောင်ပေးရန် မျှော်လင့်နေကြသည်။ ထို့အပြင် တိုင်းပြည်အတွင်း လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက်လည်း မျှော်လင့်နေကြသည်။ ဖြစ်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်သော ပညာရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိုးပိုင်အိမ်ပိုင်ဖြင့်နေထိုင်နိုင်ရေးအတွက်လည်း မဝံ့မရဲဖြင့်မျှော်လင့်နေကြသည်။

**မျှော်လင့်ချက်ရောင်ခြည်သန်း**

နိုင်ငံ့ဝန်ထမ်းများ၏ မျှော်လင့်ချက်ကို အားလုံးသိထားပြီးဖြစ်မည် ထင်ပါသည်။ တရိပ်ရိပ်မြင့်တက်နေသောကုန်ဈေးနှုန်းကို အမီလိုက်နိုင်ရန်အတွက် လစာတိုးမြှင့်ပေးရေးကို မျှော်လင့်နေကြသည်။ မည်သည့်အချိန်တွင် လစာတိုးမလဲဟု မျှော်တလင့်လင့်ဖြင့် တာဝန်ထမ်းဆောင်နေကြရသည်။ နိုင်ငံတော်သမ္မတကြီးက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် နိုင်ငံ့ဝန်ထမ်းများအတွက် လစာတိုးပေးရန် စီစဉ်ထားသည်ဟု ပြောကြားသွားသည်။ ထို့ကြောင့် ဝန်ထမ်းများ၏ မျှော်လင့်ချက်သည်ရောင်ခြည်သန်းလာပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့်တာဝန်ကိုကျေပွန်စွာထမ်းဆောင်သွားသင့်သည်။

**ပြည်သူ့သမ္မတ**

ရွေးချယ်တင်မြှောက်ခံရသော သမ္မတကြီးသည် မည်သည့်ပါတီကဖြစ်နေစေကာမူ ပြည်သူအားလုံးကိုကိုယ်စားပြုသွားမည်ဟု ယုံကြည်မိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုအပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဟုလည်းမျှော်လင့်မိပါသည်။ အမျိုးသားလုံခြုံရေးနှင့် ပြည်သူများ၏ သက်သာချောင်ချိရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည်ဟု ထင်မိပါသည်။

ခြုံ၍တင်ပြရလျှင် နှစ်ဟောင်းကုန်၍ ၁၃၈၀ ပြည့်နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်သစ်တွင် နိုင်ငံတော်သမ္မတကြီးက ပြည်သူများသို့ပြောကြားသောနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသည်အားတက်ဖွယ်ရာပင်ဖြစ်သည်။ တိုင်းပြည်အတွင်းဆက်လက်အကောင်အထည်ဖော်မည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပြောကြားသွားသည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများကိုလစာတိုးပေးမည်ဟု ထည့်သွင်းပြောကြားသွားသည်။ စာရေးသူတို့လို အောက်ခြေဝန်ထမ်းများအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာခြင်းပင်ဖြစ်သည်။ ဆိုရလျှင် နိုင်ငံတော်သမ္မတကြီးသည် တာဝန်စတင်ထမ်းဆောင်စဉ်ကတည်းက ထူးခြားသောလှုပ်ရှားမှုများဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၁၃၈၀ ပြည့်နှစ်သည် နိုင်ငံသူ နိုင်ငံသားများ၊ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် လာခြင်းကောင်းသော မြန်မာနှစ်သစ်ပင်ဖြစ်သည်။ ။

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့်သက်ကြီးပူဇော်ပွဲ ကချင်ပြည်နယ်တွင်ကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၇**
ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မြစ်ကြီးနားမြို့၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ နေအိမ်အနီး ဧရာဝတီမြစ်ကမ်းတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အဘယဒါန၊ ဇီဝိတဒါန ငါးလွှတ်ပွဲကို နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး ဒေါက်တာဂျေကော့ဘူ၊ လွှတ်တော်ဥက္ကဋ္ဌဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက ငါးသားပေါက်များအား ဧရာဝတီမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကာ အဘယဒါန၊ ဇီဝိတဒါန ငါးလွှတ်ပွဲတွင် ငါးကြင်းရွှေဝါကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၃၀၀၀ အား လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် သက်ကြီး ဘိုးဘွားများအား ပူဇော်ပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် သာသနဝိမာန်တော်ကြီး၌ ကျင်းပရာ အသက်(၈၅)နှစ်အထက် အဘိုးအဘွား ၇၈ ဦးတက်ရောက်ပြီး ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့်ဇနီး ဒေါက်တာဂျေကော့ဘူ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများက အဘိုးအဘွားများအား ရှိခိုးကန်တော့ကာ ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

**ဦးလေးကြီး**



# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများတွင် လာရောက်လည်ပတ်သူများ အထူးစည်ကား

**မန္တလေး ဧပြီ ၁၇**
မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရ နေရာများနှင့် ရပ်ကွက်အတွင်း၌ စတုဒိသာကျွေးမွေးသူများဖြင့် နေရာတိုင်းတွင်စည်ကားလျက်ရှိကြောင်းသိရသည်။

နံနက် ၅ နာရီခွဲတွင် မန္တလေးမဟာမြတ်မုနိဘုရားကြီးအား ရေတော်တိုက် ဆရာတော်ကြီးက မျက်နှာသစ်တော်ရေကပ်လှူပြီး ဆွမ်း၊ ပန်း၊ ဆီမီး၊ သစ်သီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ မန္တလေးမြို့ဒေသခံဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ထို့ပြင် မဟာမုနိဘုရားကြီးရှိ ငါးကန်၊ လိပ်ကန်များတွင် ကုသိုလ်ယူအစာကျွေးသူများ၊ ကြေးရုပ်ပြတိုက်၊ ကြေးစည်တော်ပြတိုက်၊ ကြေးမောင်းကြီး၊ မဟာမုနိကိုယ်စား ရေတော်သပ္ပာယ်ရန်နေရာများနှင့် သမိုင်းပန်းချီပြတိုက်၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်း၊ မဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေးလှူကုသိုလ်ယူသူများနှင့် ဘုရားဖူးပြည်သူများတိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

"မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ မိသားစုနဲ့အတူ မဟာမုနိဘုရားကြီးကို အရင်လာဖူးတာပါ၊ လူတွေအရမ်းများနေတော့ အတော်လေးတိုးလိုက်ရတယ်၊ ဘုရားဖူးပြီးရင် ဦးပိန်တံတားဘက်ကို ဆက်သွားမှာပါ၊ ခုလိုအခါကြီးရက်ကြီးမှာ မိသားစုနဲ့အတူ လျှောက်လည်ရတာ အလွန်ပျော်စရာကောင်းပါတယ်"ဟု မန္တလေးမြို့မှ ဒေါ်သန္တာထွေးက ပြောသည်။

အလားတူ ရပ်ကွက်များအတွင်း၌ စတုဒိသာကျွေးမွေးသူများ၊ သက်ကြီးပူဇော်ပွဲများ၊ ငါးလွှတ်ပွဲများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်စောင့်သူများနှင့် ကုသိုလ်ပြုသူများ၊ မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော အောင်တော်မူဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အိမ်တော်ရာဘုရား၊ စန္ဒာမုနိဘုရား၊ မဟာသကျသီဟဘုရား၊ ချမ်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီ ဘုရား၊ ပေါ်တော်မူဘုရားငါးဆူနှင့် အခြားတန်ခိုးကြီးဘုရားများအပြင် အထင်ကရနေရာများဖြစ်သော ဦးပိန်တံတား၊ မန္တလေးတောင်တော်၊ ရန်ကင်းတောင်တော်၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ မြို့တော်ဥယျာဉ်၊ မနော်ရမံဥယျာဉ်အစရှိသော နေရာများတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများနှင့် ဒေသခံပြည်သူများ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်ပွဲနှင့်ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**မန္တလေး ဧပြီ ၁၇**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၀ ပြည့်နှစ်မြန်မာနှစ်ဆန်းတစ်ရက်သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနသက်လွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများသည် ၂၆ လမ်း၊ ၇၀ လမ်းနှင့် ၇၁ လမ်းကြားရှိ သတ်မှတ်နေရာတွင်ကျုံးအတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးပူဇော်ပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးခရိုင်အတွင်းရှိ အသက် (၉၀)နှင့် အထက် အဘိုးအဘွားများတက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသော တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား ကန်တော့ခံပစ္စည်းများပေးအပ်ကြသည်။ ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးနှင့်အဘွားတစ်ဦးတို့က ဆုပေးစကားများပြောကြားကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တောင်ကြီးမြို့၌မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့်ပိတ်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၁၇**
ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဆုပေးပွဲနှင့်ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေ ၄ နာရီတွင် ဗဟိုမဏ္ဍပ်ရှေ့ မြို့မဈေးကြီးရှေ့၌ ကျင်းပခဲ့ သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုပေးပွဲအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပညာရေးမိသားစုယိမ်းအဖွဲ့ကိုးဖွဲ့အတွက် ဂုဏ်ပြုလက်ဆောင်အား ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ယိမ်းအကအဖွဲ့ ၁၄ ဖွဲ့အတွက် ဂုဏ်ပြုလက်ဆောင်အား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဆုပေးပွဲနှင့်ပိတ်ပွဲသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခွန်ရဲထွေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စာရင်းစစ်ချုပ်ဒေါ်နန်းဝိုဟိန်း၊ ပြည်နယ်ဝန်ကြီးများ၏ဇနီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယိမ်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများနှင့်တေးသံရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**




# တာချီလိတ်မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ ရှမ်းပြည်နယ်စည်ပင်ဝန်ကြီး တက်ရောက်

**တာချီလိတ် ဧပြီ ၁၇**
ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေပိုင်းက တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက် ဗဟိုမဏ္ဍပ်တွင် ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲကို တက်ရောက်ကာ ယိမ်းပြိုင်ပွဲ ဆုရအသင်းများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် သင်္ကြန်ယိမ်းပြိုင်ပွဲများတွင် ပထမဆုရ ဗမာတိုင်းရင်းသား ယဉ်ကျေးမှု ယိမ်းအဖွဲ့အမှတ်(၁)နှင့်အတူ ပူးတွဲ ပထမဆုရ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(တာချီလိတ်)ယိမ်းအဖွဲ့၊ ဒုတိယဆုကို အမှတ်(၅၂၆)ခြေမြန်တပ်ရင်း ယိမ်းအဖွဲ့၊ တတိယဆုကို မယ်ခေါင်ရပ်ကွက်နှင့် ရန်အောင်မြေရပ်ကွက် ကိုယ်စားပြုယိမ်းအဖွဲ့၊ အထူးဆု(၁)ကို အမှတ်(၃၅၉) ခြေမြန်တပ်ရင်းကိုယ်စားပြုယိမ်းအဖွဲ့၊ အထူးဆု (၂)ကို အမှတ်(၃၃၁)ခြေမြန်တပ်ရင်း ကိုယ်စားပြုယိမ်းအဖွဲ့၊ အထူးဆု (၃)ကို ဝမ်လုံးကျေးရွာအုပ်စုနှင့် မိုင်းဟဲကျေးရွာအုပ်စု ကိုယ်စားပြုယိမ်းအဖွဲ့တို့က အသီးသီးရရှိသည်။

အဆိုပါ ဆုရယိမ်းအဖွဲ့များအား ပွဲတော်ကျင်းပရေးဦးစီးကော်မတီက ချီးမြှင့်သည့် ပထမဆုအား ငွေကျပ် ငါးသိန်း၊ ဒုတိယဆုအား ငွေကျပ်လေးသိန်း၊ တတိယဆုအား ငွေကျပ်သုံးသိန်း၊ အထူးဆုများကို ငွေကျပ်တစ်သိန်းစီဖြင့်လည်းကောင်း၊ ထို့အပြင် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ယှဉ်ပြိုင်ဆုအဖြစ် ငွေကျပ်တစ်သိန်းနှင့် ထိုင်းဘတ်ငွေတစ်သောင်းစီတို့ကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ရွှေတိဂုံစေတီတော်သို့လာရောက်ဖူးမြော်ကြသည့်မိဘပြည်သူများ သွားလာမှုအဆင်ပြေစေရေးဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၇**

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) နံနက်ပိုင်းတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် မိဘပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်စေရန်အတွက် ယာဉ်အသွားအလာပိတ်ဆို့မှုမရှိစေရေး လမ်းဘေးဈေးသည်များ စနစ်တကျရှိစေရေးအတွက် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ ဗဟန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးသိန်းဇော်နှင့် ယာဉ်ထိန်းတပ်ဖွဲ့စု ၄၆ မှ ဒုတိယရဲမှူးတို့ဦးဆောင်ကာ ယာဉ်အသွားအလာ အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်ပိတ်ဆို့မှုမရှိစေရေးနှင့်လမ်းဘေးဈေးသည်များ စည်းကမ်းတကျရှိစေရေး ဆောင်ရွက်ပေးခဲ့ကြသည်။

"အခါကြီးရက်ကြီးမှာ ဥပုသ်သီလစောင့်သူတွေ၊ အနယ်နယ်ကဘုရားဖူးလာသူတွေ၊ နိုင်ငံခြားဧည့်သည်တော်တွေ၊ ငှက်လွှတ်ခြင်း၊ ငါးလွှတ်ခြင်းကောင်းမှုပြုသူတွေနဲ့ စည်ကားလျက်ရှိပါတယ်၊ မိဘပြည်သူတွေ စိတ်ချမ်းသာစွာသွားလာနိုင်ဖို့ ရေတာရှည်လမ်းသစ်၊ လမ်းဟောင်းနဲ့ ကြားတောရလမ်းတွေမှာ ရှင်းလင်းဆောင်ရွက်ပေးပါတယ်" ဟု ဗဟန်းမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။ **မောင်မောင်**

## သင်္ကြန်ကာလအတွင်း ဘားအံမြို့ အထင်ကရ ဂူဘုရားများတွင် ဘုရားဖူးနှင့် လည်ပတ်သူများဖြင့် စည်ကား

**ဘားအံ ဧပြီ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာလများတွင် အထင်ကရဂူဘုရားများသို့ ဘုရားဖူး ကုသိုလ်ကောင်းမှုပြုသူများ၊ ဘားအံမြို့ပေါ်နှင့် ကျေးရွာများမှ လှည့်လည် ရေပက်ခံရေကစားကြသူများ သွားရောက်လည်ပတ်ကြသည်မှာ သင်္ကြန်ကာလအတွင်း အထူးစည်ကားလျက်ရှိသည်။

ဘားအံမြို့တွင် သင်္ကြန်အကြိုနေ့မှ စတင်ကာ အတာသင်္ကြန်အတက်နေ့နှင့် နှစ်ဆန်း ၁ ရက်များတွင်ပါ အထင်ကရ ဂူဘုရားများဖြစ်သော ရသေ့ပျံဂူ၊ ကော့ဂွန်းဂူ၊ ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်၊ ကြောင့်ကမ်လာဘ်ဘုရား၊ ဆဒ္ဒန်ဂူ၊ ကော့ကသောင်၊ ရေတံခွန် (စိမ့်စမ်းရေ၊ ရေချိုးကန်)၊ ဘုရင့်ညီဂူ၊ တောင်ဝိုင်း စသည်များတွင် ဘုရားဖူးနှင့် ကုသိုလ်ကောင်းမှုပြုသူများ နှစ်စဉ်နှစ်တိုင်း စည်ကားနေလျက်ရှိပြီး သက်သတ်လွတ်ထမင်းများဖြင့် စတုဒိသာ နေကုန်ထိကျွေးမွေးလျက်ရှိသည်။ ထို့အပြင် ဘားအံမြို့တွင်းနှင့် ကမ်းနားလမ်းတစ်လျှောက်တွင် မြန်မာ့ရိုးရာအစားအစာများ စတုဒိသာမဏ္ဍပ်၊ အက၊ အဆိုဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များတွင် ရေကစားသူများ၊ လှည့်လည်ရေပက်ခံသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အလားတူဘားအံမြို့ သမိုင်းဝင် ရသေ့ပျံဂူဘုရားတွင် သင်္ကြန်ကာလအတွင်းနှင့် နှစ်ဆန်း ၄ ရက်ထိ နေ့စဉ်ဘုရားသို့ လာရောက်သူများအား ထမင်းစတုဒိသာကျွေးမွေးခြင်းနှင့် ပတ်သက်ပြီး ရသေ့ပျံကျေးရွာနေ လုပ်အားဒါနပြုနေသော စောခရစ်က "ရသေ့ပျံ ကျေးရွာကျောင်းတိုက် ဆရာတော်ဦးဆောင်ပြီး ရပ်ဝေးရပ်နီးမှအလှူရှင်တွေရဲ့ လှူဒါန်းမှုနဲ့ကျေးရွာဒေသခံတွေက နှစ်စဉ်သင်္ကြန်ကာလမှာ ထမင်းစတုဒိသာကုသိုလ်ပြုခြင်းဖြစ်ပါတယ်၊ သင်္ကြန်အကြိုနေ့မှစတင်ကာ နှစ်ဆန်း ၄ ရက်အထိ ဘုရားသို့လာရောက်သူတိုင်းကို ကျွေးမွေးမှာဖြစ်ပါတယ်၊ ကော့ဂွန်းဂူမှာတော့ နှစ်ဆန်း ၁ ရက်နေ့မှာဆိုရင် ဘုရားပွဲနှင့် ဆွမ်းကြီးလောင်းလှူပွဲကို နှစ်စဉ်မပျက် ပြုလုပ်ခဲ့ပြီး ဘုရားပွဲကိုတော့ နှစ်ဆန်း ၄ ရက်အထိ ပြုလုပ်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ဘားအံမြို့တွင် ကမ်းနားလမ်းနှင့် ရပ်ကွက်၊ ကျေးရွာလမ်းများတွင် ရေပက်ခံသူ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး ရေတံခွန် (စိမ့်စမ်းရေ၊ ရေချိုးကန်)၊ ဂူဘုရားများသို့ သီးသန့် ဘုရားဖူးအလည်သွားရောက်ကြသူများဖြင့် သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၄ ရက်အထိ စည်ကားနိုင်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





## မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ဘားအံ၌ကျင်းပ

**ဘားအံ ဧပြီ ၁၇**

မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်သော အားဖြင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမနှင့် ကန်သာယာ၌ ကျင်းပသည်။

ရှေးဦးစွာ သက်ကြီးပူဇော်ပွဲကို ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံမြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက်ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဦးသုံးကြိမ်ချကန်တော့၍ အခမ်းအနားသို့ တက်ရောက်လာသော အဘိုးအဘွားများအား တစ်ဦးလျှင် လှူဒါန်းငွေကျပ် ၅၀၀၀၀ နှင့် ဂါရဝပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းပြီး သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သော ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် သွားရောက် ကန်တော့မည်ဖြစ်ကာ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုံးမစကားပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် သက်ကြီးပူဇော်ပွဲတွင် ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ဘိုးဘွား ၄၁၁ ဦးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၂၀၆၀၂၆၀၀၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ကျပ် ၁၈၇၄၀၀၀၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ကျပ် ၅၀၂၀၅၀၀တန်ဖိုးရှိ တိုင်းရင်းဆေးပစ္စည်းများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ ဇီဝိတဒါနငါးလွှတ်ပွဲကို ဇွဲကပင်ခန်းမရှေ့ ကန်သာယာအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဘိုးအဘွားများက ရွှေဝါငါးကြင်းကောင်ရေခြောက်သောင်း၊ ငါးမြစ်ချင်းကောင်ရေ ငါးထောင်၊ ငါးခုံးမကြီးကောင်ရေ ၅၀၀၀၊ တီလားပီးယား ကောင်ရေ ၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၇၅၀၀၀ ကို ကန်သာယာအတွင်းသို့ ဇီဝိတဒါနအဖြစ် စေလွှတ်ပေးခဲ့ကြောင်းနှင့် တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်က "နှစ်သစ်မှာ အားလုံးပဲ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ" ဟု နှစ်သစ်ကူးဆုမွန်ကောင်း တောင်းပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နှစ်သစ်မင်္ဂလာအခါသမယတွင် သက်ကြီး၊ ဝါကြီး ဘိုးဘွားများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပူဇော်ကန်တော့

**ပဲခူး ဧပြီ ၁၇**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ (၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့) ဧပြီ ၁၇ ရက် နံနက် ၉ နာရီက နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်မင်္ဂလာ အခါသမယတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ သက်ကြီး၊ ဝါကြီး ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးအုန်းမြင့်က နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မင်္ဂလာရှိပြီး လန်းဆန်းသစ်လွင်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ အဆိုပါနေ့ထူးနေ့မြတ်မှာ 'ဂါရဝေါစ' ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေသင့် ရိုသေထိုက်သူများ၊ ပူဇော်သင့်ပူဇော်ထိုက်သူများကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကိုသနား ဆိုသည့်စကားနှင့်အညီ မိမိထက် အသက်အရွယ်ကြီးမားပြီး အတွေ့အကြုံရင့်ကျက်သည့် အဘိုးအဘွားများကို ယနေ့ပူဇော်ကန်တော့ခြင်းသည် ကုသိုလ်ကြီးမားပြီး မင်္ဂလာရှိသည့် အစဉ်အလာတစ်ခုလည်းဖြစ်ကြောင်း၊ မိမိတို့ လူငယ်၊ လူရွယ်၊ လူလတ်အားလုံးသည် အဘိုးအဘွားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှိုးနွမ်းသိမ်ငယ်မှုမရှိစေဘဲ လုံလုံခြုံခြုံနွေးနွေးထွေးထွေး ရပ်တည်နိုင်ရန် အားလုံးက ဝိုင်းဝန်းအားပေးမြှင့်တင် စောင့်ရှောက်ကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ကြီး၊ ဝါကြီး ဘိုးဘွားများအား တက်ရောက်လာသူအားလုံးကကန်တော့ချီးဖြင့် ရှိခိုးကန်တော့ပြီး အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုပေးစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်၍ ပဲခူးမြို့ပေါ်ရှိ ၃၁ ရပ်ကွက်နှင့် သပြေကုန်းဘိုးဘွားရိပ်သာရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၂၆၂ ဦး၊ အဘွား ၆၇၃ ဦး စုစုပေါင်း ၉၃၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ပစ္စည်းတန်ဖိုးကျပ် ၁၀၀၀၀ နှုန်းဖြင့် ကျပ် ၁၈၇ သိန်းလှူဒါန်းကန်တော့ခြင်းဖြစ်ပြီး အခမ်းအနားမတက်နိုင်သူ အဘိုး၊ အဘွားများအား သက်ဆိုင်ရာ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် အသက် ၉၀ နှင့်အထက် ပုဂ္ဂိုလ်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဂုဏ်ပြုခံသက်ကြီးဝါကြီးပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုပြီး ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့်အညီလစဉ်ထောက်ပံ့ငွေများထောက်ပံ့ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအရှေ့တွင် ၈၂၉၈ ဦး၊ ပဲခူးတိုင်းဒေသကြီးအနောက်တွင် ၁၀၈၉၄ ဦး စုစုပေါင်း ၁၉၁၉၂ ဦးတို့အားတစ်ဦးလျှင် တစ်လ ကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့မှုများရရှိနေပြီဖြစ်သည်။

ထို့အတူနှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာနှစ်ဆန်း ၁ ရက်တွင်ရပ်ကွက်များရှိ လမ်းအသီးသီးတို့၌ မိသားစုများစုပေါင်းကာ နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်း၊ ရေဆွမ်း၊ ပဲဆွမ်းလှူဒါန်းခြင်း၊ ငါးလွှတ်ခြင်း၊ အဘိုးအဘွားများအား ခေါင်းလျှော်ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်းလှီးပေးပြီး တစ်ကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ပေးခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည့်အပြင် ညနေပိုင်း၌ ဘေးအန္တရာယ်ကင်းစေရန် သံဃာတော်များအား ပင့်ဖိတ်၍ ပရိတ်တရားနာယူခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခြင်းနှင့် ကမ္မဝါစာဖတ်ကြားပူဇော်ခြင်းများပြုလုပ်ခဲ့သည်။ **တင်စိုး(ပဲခူး)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

*ယခုရက်သတ္တပတ်အတွင်း ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ စီးရီးအေကလပ်အသင်း ရိုးမားက ဘာစီလိုနာကို အိမ်ကွင်းမှာ သုံးဂိုးပြတ်အနိုင်ကစားပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်သွားတာကြောင့် စီးရီးအေအသင်းဖြစ်တဲ့ ဂျူဗင်တပ်ကလည်း ဒီအခြေအနေအတိုင်း တစ်ထပ်တည်းလိုက်လံစွမ်းဆောင်ပြဖို့ကြိုးစားခဲ့ပေမယ့် ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက ရီးယဲလ်အသင်းကို ပင်နယ်တီပေးခဲ့ခြင်းနဲ့အတူ ရီးယဲလ်အသင်း ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ ဒီရာသီချန်ပီယံလိဂ်ပြိုင်ပွဲမှာ နောက်ထပ်ထူးခြားချက်တစ်ရပ်ကတော့ ဥရောပထိပ်တန်းလိဂ်လေးခုလို့ ပရိသတ်တွေ သတ်မှတ်ထားတဲ့ လာလီဂါ၊ ဘွန်ဒက်စ်လီဂါ၊ စီးရီးအေနဲ့ ပရီမီယာလိဂ်က အသင်းတစ်သင်းစီ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ကို တက်ရောက်လာနိုင်ခဲ့ခြင်းပါ။ ဒီလို ဥရောပထိပ်တန်းလိဂ်လေးခုက အသင်းတစ်သင်းစီ အရေအတွက် အညီအမျှ တက်ရောက်နိုင်ခြင်းမရှိတာ နှစ်အတော်ကြာပြီဖြစ်ပါတယ်။*

## ဂွါဒီယိုလာ အားပေးမယ့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အသင်း

မန်စီးတီးနည်းပြ ဂွါဒီယိုလာဟာ သူ့အသင်းက လီဗာပူးကို နှစ်ကျော့စလုံး ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာရအပြီးမှာတော့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် တက်ရောက်သွားတဲ့ လေးသင်းထဲမှာ သူအားပေးမယ့် အသင်းကို ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ကို တက်ရောက်သွားတဲ့ လေးသင်းကတော့ လက်ရှိချန်ပီယံရီးယဲလ်မက်ဒရစ်၊ဘာစီလိုနာကို မထင်မှတ်ဘဲ ဖြုတ်ချပြခဲ့တဲ့ ရိုးမား၊ ချန်ပီယံလိဂ်အစဉ်အလာကြီးမားတဲ့ ဘိုင်ယန်မြူးနစ်နဲ့ လီဗာပူးတို့ပါ။

ဂွါဒီယိုလာကတော့ “ကျွန်တော်ဟာကာတလန်သားဖြစ်သလို ဘာစီလိုနာကစားသမားဟောင်းလည်းဖြစ်၊ နည်းပြဟောင်းလည်းဖြစ်တာကြောင့် ဘာစီလိုနာရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်တယ်ဆိုတာ ပြောစရာမလိုတဲ့ အချက်ပါ။ အခု ကျွန်တော့်လက်ရှိအသင်း မန်စီးတီး၊ ဘာစီလိုနာတို့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာသွားရပြီဆိုတော့ ဘိုင်ယန်ကို ကျွန်တော် အားပေးပါမယ်” လို့ သူအားပေးမယ့် အသင်းကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဂွါဒီယိုလာဟာ ဘိုင်ယန်မြူးနစ်အသင်းကို သုံးရာသီကြာ ကိုင်တွယ်ဖူးပြီး ဘိုင်ယန်နဲ့အတူ ပြည်တွင်းလိဂ်ဖလားကို နှစ်စဉ်နှစ်တိုင်း ရရှိခဲ့ပေမယ့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကပဲ သုံးနှစ်ဆက်တိုက် လှည့်ပြန်ခဲ့ရတာကြောင့် ဝေဖန်မှုတွေခံခဲ့ရတဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းကို ကိုင်တွယ်တဲ့ ပထမရာသီမှာပဲ ချန်ပီယံလိဂ်ဖလားအပါအဝင် တစ်နှစ်တည်း ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ပေမယ့် ဂျက်ဟေးနက်စ်ထားခဲ့တဲ့ ချန်ပီယံလိဂ်ဖလားပိုင်ရှင် ဘိုင်ယန်မြူးနစ်ကိုတော့ ဆီမီးဖိုင်နယ်အဆင့်ကကျော်လွန်အောင် စွမ်းဆောင်မပေးနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးကွင်းလယ်ကြယ်ပွင့် ဒီဘရိုင်းကတော့ ဂွါဒီယိုလာသာ မန်စီးတီးမှာ ကာလကြာရှည်နေရင် မန်စီးတီးခေတ်ကို ထူထောင်သွားနိုင်မှာဖြစ်တာကြောင့် မန်စီးတီးနဲ့ ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးလိုက်တဲ့ ဂွါဒီယိုလာအပေါ် ထောက်ခံစကားဆိုလိုက်ပါတယ်။ သတင်းတွေအရ စာချုပ်သစ် လက်မှတ်ရေးထိုးလိုက်တဲ့ ဂွါဒီယိုလာဟာ တစ်နှစ်လုပ်ခ ပေါင် ၁၅ သန်းအပြင် အပိုဆုကြေး ပေါင် ၁၀ သန်းပါ ထပ်ရဦးမှာဖြစ်တာကြောင့် ကမ္ဘာ့လစာအများဆုံးနည်းပြ ဖြစ်လာခဲ့ပါပြီ။

ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းမှာ လေးရာသီအတွင်း ဖလား ၁၄ လုံးရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် သူ့အနေနဲ့ အနားယူဖို့ လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ နည်းပြဘဝကို ခေတ္တအနားယူခဲ့ပါတယ်။ အဲဒီနောက် ဘိုင်ယန်မြူးနစ်၊ မန်စီးတီးတို့ကို ဆက်တိုက်ဆိုသလို ကိုင်တွယ်ခဲ့ပြီး ဒီနှစ်သင်းကို ကိုင်တွယ်ခဲ့တဲ့ ငါးရာသီအတွင်းမှာတော့ ချန်ပီယံလိဂ် အောင်မြင်မှု ဝေးကွာနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီဘရိုင်းကတော့ ဂွါဒီယိုလာသာ မန်စီးတီးကို ကာလရှည် ကိုင်တွယ်ရင် ချန်ပီယံလိဂ်ဖလားကို အနေးနဲ့ အမြန်ဆိုသလို ရလာမှာဖြစ်ပြီး ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်တို့လို စဉ်ဆက်မပြတ် အောင်မြင်မှုကို ရှာဖွေနိုင်တဲ့ အသင်းဖြစ်လာမယ်လို့ ယုံကြည်နေတာပါ။

ဒီဘရိုင်းက “ ကျွန်တော်တို့အသင်းအနေနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ကနဲ့ ကစားပုံမတူတော့သလို အသင်းသားတွေအားလုံးလည်း အတူတကွ တိုးတက်မှုတွေ ရလာပါတယ်။ သူ့အနေနဲ့ အသင်းကို ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်တို့အသင်းကြီးတွေလို ဖြစ်လာဖို့ ဆန္ဒရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ သူသာ ဒီမှာ တစ်ရာသီထက် ဆက်နေရင် ဒါမျိုးဖြစ်လာမယ်ဆိုတာ ကျွန်တော်တို့ စိတ်ထဲမှာ ရှိပါတယ်” လို့ သူ့အမြင်ကို ပြောခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်က ပရီမီယာလိဂ် ပြိုင်ဘက် လီဗာပူးကို အိမ်ကွင်းမှာ ထပ်မံ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရတာကြောင့် နည်းပြ ဂွါဒီယိုလာအပေါ် ဝေဖန်မှုတွေ ရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ ဧပြီ ၁၅ရက်က ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာတော့ မန်စီးတီးက စပါးအသင်းကို အဝေးကွင်းပဲ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံလိုက်ပါတယ်။





## အဖြူရောင်စက္ကူစတွေ လွှမ်းမိုးခဲ့တဲ့ တန်းဆင်းဇုန်တိုက်ပွဲ

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ ချန်ပီယံအသင်း စောစောစီးစီး ထွက်ပေါ်ခဲ့ပြီးဖြစ်ပေမယ့် ပြီးဆုံးဖို့ နီးကပ်လာတာနဲ့အမျှ တန်းဆင်းဇုန်တိုက်ပွဲအရှိန်ကလည်း ပိုမို သည်းထန်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁၆ရက်က ယှဉ်ပြိုင်ခဲ့တဲ့ မိန့်ဇ်နဲ့ ဖရိုင်းဘတ်အသင်းတို့ရဲ့ ပွဲစဉ်ကတော့ တန်းဆင်းဇုန် တိုက်ပွဲပြင်းထန်ခဲ့သလို ပရိသတ်တွေရဲ့ မကျေနပ်မှုကြောင့် စက္ကူဖြူတွေ ပလူပျံခဲ့တဲ့ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးဟာ တန်းဆင်းဇုန်အတွင်း ကျရောက်နေပြီး ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အရေးပါခဲ့သလို ပရိသတ်တွေရဲ့ ပြင်းထန်တဲ့ စိတ်ခံစားချက်ကြောင့် စက္ကူမိုးရွာခဲ့တဲ့ ပွဲဖြစ်ခဲ့ပါတယ်။

ပထမပိုင်းပွဲပြီးဆုံးဖို့ စက္ကန့်ပိုင်းအလိုမှာ ဖရိုင်းဘတ် နောက်ခံလူ အိုလီဗာက ပင်နယ်တီဧရိယာအတွင်း ဘောလုံးကို လက်နဲ့ထိခဲ့ပေမယ့် ဒီပွဲကို ကိုင်တွယ်ခဲ့တဲ့ ဒိုင်ဖြစ်သူ ဝင့်မန်းက လျစ်လျူရှုခဲ့ပါတယ်။ ဝင့်မန်းဟာ ပထမပိုင်းပြီးဆုံးကြောင်း ပွဲသိမ်းခရာကို မှုတ်ခဲ့ပြီး နှစ်ဖက်ကစားသမားတွေတောင် ကွင်းဘေးစည်းရောက်နေချိန်ရောက်မှ ဆုံးဖြတ်ချက်ကို ရုတ်တရက် ပြောင်းလိုက်ကာ ဗီဒီယိုလက်ထောက်ဒိုင်စနစ် (VAR) ကို ပြန်ကြည့်ပြီး မိန့်ဇ်အသင်းကို ပင်နယ်တီကန်ခွင့်ပြုခဲ့ပါတယ်။

ဒီအတွက် “ဟုတ်ကဲ့၊အငြင်းခံခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဂိုးသွင်းနိုင်ခဲ့ပါတယ်” လို့ မိန့်ဇ်အသင်းတွစ်တာဝက်ဆိုက်ပေါ်မှာရေးသားထားတာကို တွေ့ရပါတယ်။ အရင်က ဂျာမန်စံတော်ချိန် ညနေ ၃နာရီခွဲအချိန်မှာ ပုံမှန်ကစားနေခဲ့ပေမယ့် အဲဒီပွဲကို တနင်္လာနေ့ညပိုင်းမှာ ကစားခဲ့တာကြောင့် နဂိုက ဒေါသထွက်နေတဲ့ နှစ်ဖက်ပရိသတ်တွေဟာ ပွဲကစားချိန်နောက်ကျတဲ့အပြင် ဒိုင်ဖြစ်သူက နားကျင်အချိန်ပိုမိနစ်ပိုပေးခဲ့တာကြောင့် ဒုတိယပိုင်း စတင်ချိန်မှာတော့ စက္ကူဖြူလိပ် (အိမ်သာသုံးစက္ကူ)တွေ ကွင်းထဲကို ကျဲချခဲ့တာကြောင့် စက္ကူဖြူမိုးရွာခဲ့တဲ့ပွဲလို့ ဂျာမန်မီဒီယာတွေက ဖော်ပြခဲ့ပါတယ်။

## ဂရစ်ဇ်မန်းရဲ့လိုအပ်ချက်ကို ထုတ်ပြောလိုက်တဲ့ တောရက်စ်



တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်က သူ့ရဲ့ အက်သလက်တီကို အသင်းဖော် ဂရစ်ဇ်မန်းအနေနဲ့ စီရိုနယ်လ်ဒို၊ မက်ဆီတို့လို ကစားသမားတွေနဲ့ တစ်တန်းတည်းလို့ သတ်မှတ်ခံချင်ရင် ဖလားတွေရရှိဖို့လိုအပ်နေတယ်လို့ ထောက်ပြပါတယ်။ ဂရစ်ဇ်မန်းဟာ ယခုနှစ်ဘောလုံးရာသီမှာ အက်သလက်တီကိုအသင်းအတွက် ၂၆ဂိုးသွင်းယူပေးထားနိုင်ပြီဖြစ်တာကြောင့် ပြီးခဲ့တဲ့ ရာသီက သွင်းဂိုးနှုန်းကို ရာသီမကုန်မီမှာပဲ စောစောစီးစီး လိုက်မီသွားခဲ့ပါပြီ။

ဂရစ်ဇ်မန်းဟာ အက်သလက်တီကိုအသင်း လာလီဂါချန်ပီယံဖြစ်ပြီး နောက်ရာသီကျမှ ရောက်လာသူဖြစ်သလို အက်သလက်တီကိုနဲ့အတူ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို နှစ်ကြိမ် တက်ရောက်နိုင်ခဲ့ပေမယ့် နှစ်ကြိမ်လုံး ရီးယဲလ်မက်ဒရစ်ကို အရေးနိမ့်ခဲ့တာကြောင့် ယခုထိ အက်သလက်တီကိုအသင်းနဲ့ ဆုဖလားအောင်မြင်မှု မရယူနိုင်သေးတဲ့ ကစားသမားအဖြစ်ပဲ ရှိနေဆဲပါ။

တောရက်စ်ကတော့ “သူ့ (ဂရစ်ဇ်မန်း) ကို စီရိုနယ်လ်ဒို၊ မက်ဆီတို့လို ကစားသမားတွေနဲ့ တစ်တန်းတည်း စဉ်းစားမယ်ဆိုရင် သူက ဆုဖလားအောင်မြင်မှုတွေ မရရှိဘူးဗျ”လို့ ပြောကြားခဲ့တာပါ။

**မေလဲ့သင်း - ရေးသားသည်။**

# ပညာတော်သင်ဆုအတွက် အမေရိကန်ဒေါ်လာ တစ်သိန်းကျော် ဘီယွန်းစေး လှူဒါန်း

ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးဟာ လတ်တလောမှာကျင်းပခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ သူ့အနေနဲ့ ကောလိပ်နဲ့ တက္ကသိုလ်လေးခုမှာ ပညာသင်ကြားခွင့်ပေးအပ်သွားဖို့ ရည်ရွယ်ကာ အမေရိကန်ဒေါ်လာ ၁၃၀၀၀၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါပညာတော်သင်ဆုတွေကို ၂၀၁၈-၁၉ ပညာရေးနှစ်အတွက် ပေးအပ်သွားမှာဖြစ်ပြီး လူဝစ်ရှီင်းနားမှာရှိတဲ့ ဇာဗီယာတက္ကသိုလ်၊ အိုဟိုင်းဝိုးမှာရှိတဲ့ ဝေလ်ဘာဖို့တက္ကသိုလ်၊ အယ်လ်ဘားမားမှာရှိတဲ့ တက်စ်ကီဂီးတက္ကသိုလ်နဲ့ ဖလော်ရီဒါမှာရှိတဲ့ ဘတ်သ်တူးကွတ်ခ်မန်းတက္ကသိုလ်တို့မှ ကျောင်းသားတစ်ဦးစီကို ပေးအပ်သွားဖို့ရာ ရည်ရွယ်ထားတာ ဖြစ်ပါတယ်။





# BTS ၏ တတိယမြောက် တေးအယ်လ်ဘမ် စတင်ထုတ်လွှင့်မည့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ အဖွဲ့ရဲ့ တတိယမြောက် တေးအယ်လ်ဘမ်ထုတ်လွှင့်သွားမယ့်ရက်ကို ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။ တတိယမြောက် တေးအယ်လ်ဘမ်ကိုတော့ "Love Yourself: Tear"လို့ အမည်ပေးထားပြီး လာမယ့် မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မယ့်ရက်ကို ထုတ်ပြန်ကြေညာပေးခဲ့တာဖြစ်ပြီး တေးအယ်လ်ဘမ်အတွက် ကြိုတင်မှာယူနိုင်ပြီဖြစ်ကြောင်းနဲ့ အမှာတွေကိုတော့ ဧပြီ ၁၈ ရက်မှ စတင်လက်ခံသွားမှာဖြစ်ကြောင်း အေဂျင်စီက တစ်ပါတည်း ပြောကြားခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက "BTS"ဟာ ဂျပန်တေးအယ်လ်ဘမ် "Face Yourself"ကို ထုတ်လွှင့်ခဲ့ပြီး ယင်းတေးအယ်လ်ဘမ်ဟာလည်း အလွန်ကိုအောင်မြင်ခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်ဟာ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသောတေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ ဒ့ါအပြင် အကျော်ကြားဆုံးသောတေးသံရှင် ၁၀၀ စာရင်းမှာလည်း ပါဝင်ခဲ့ပြီး အခြားသော တေးဂီတထူးချွန်ဆုတွေကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရပါတယ်။

# ဘန်ကောက်မှာ ပရိသတ်တွေနဲ့ တွေ့ဆုံဖို့ရာ စိတ်လှုပ်ရှားနေတဲ့ လီဆန်းဂီ

တောင်ကိုရီးယား နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီဆန်းဂီဟာ လတ်တလောမှာတော့ ထိုင်းနိုင်ငံ ဘန်ကောက်ကို ရောက်ရှိနေပါတယ်။ အဲဒီမှာ သူ့ရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံသွားဖို့ရာ စီစဉ်ထားတာဖြစ်ပြီး ပရိသတ်တွေနဲ့ တွေ့ဆုံရမှာဖြစ်တာကြောင့် သူ့အနေနဲ့ စိတ်လှုပ်ရှားနေမိကြောင်း လီဆန်းဂီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့လည်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။






(၃၇)ကြိမ်မြောက် ဟောင်ကောင်ရုပ်ရှင်ဆုပေးပွဲကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဟောင်ကောင်ယဉ်ကျေးမှုစင်တာမှာ ကျင်းပခဲ့ရာ ယင်းဆုပေးပွဲမှာ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရရှိခဲ့တဲ့ လူးဝစ်ကူးနဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုရရှိခဲ့တဲ့ ထရီဇာမိုတို့ကို ထူးချွန်ဆုနဲ့အတူ တွေ့ရစဉ်။



(၈)ကြိမ်မြောက် ဘေဂျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ပြီးခဲ့တဲ့တနင်္ဂနွေနေ့က စတင်ဖွင့်လှစ်ခဲ့ရာ ယင်းပွဲတော်ကို တက်ရောက်လာသည့် မင်းသမီး ကာရန်မော့ခ်ကို တွေ့ရစဉ်။

(ယင်းပွဲတော်တွင် နိုင်ငံနှင့် ဒေသပေါင်း ၇၁ ခုမှ ရုပ်ရှင် ၆၅၉ ကား ပြသခွင့် တင်သွင်းထားပြီး ယင်းတို့အနက်မှ ၁၅ ကားကို ရွေးချယ်ပြသကာ "The Tiantan Awards" ဆုအတွက် ယှဉ်ပြိုင်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။)

# စကော့တလန်ဖျော်ဖြေပွဲအတွင်း ရိုးရာဝတ်စုံဝတ်ဆင်ဖျော်ဖြေခဲ့တဲ့ ဟယ်ရီစတိုင်

ဗြိတိန်ရဲ့ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ မကြာသေးမီက စကော့တလန်မှာ ဖျော်ဖြေခဲ့ရာမှာတော့ ရိုးရာဝတ်စုံကို ဝတ်ဆင်ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။ စကော့တလန်ရိုးရာဝတ်စုံဝတ်ဆင်ထားတဲ့ သူ့ရဲ့ပုံကိုတော့ ဟယ်ရီစတိုင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ယင်းဓာတ်ပုံမှာတော့ ဟယ်ရီရဲ့ တေးဂီတအဖွဲ့သားတွေဟာလည်း ရိုးရာဝတ်စုံတွေကို ဝတ်ဆင်ထားတာတွေ့ရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟယ်ရီစတိုင်ဟာ စကော့တလန် ဂလက်စ်ဂိုမှာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က တိုက်ရိုက်ဖျော်ဖြေတင်ဆက်ခဲ့တာ ဖြစ်ပါတယ်။ ဟယ်ရီစတိုင်ရဲ့ မြောက်အမေရိကနယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ ပြီးခဲ့တဲ့ ဧပြီ ၁၆ ရက်မှာ စတင်ခဲ့တာဖြစ်ပြီး အဲဒီနောက်မှာတော့ ဩစတြေးလျမှာ ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။



အေးပြည့်-စုစည်းသည်

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ် စာအောင်သံဃာတော်အရှင်သူမြတ်တို့အား(ဘဏ်တိုး)ဖြင့် (နှစ်စဉ်)စာအောင်ဆုလှူဒါန်းနိုင်ရန် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆု ထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း ၀၉-၂၀၁၂၆၂၅(-၄-၃)
(၂) ဦးသိန်းငွေအောင် (ဂေါပက) ဖုန်း ၀၉-၂၀၀၉၇၉၀
အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

မတ်လအလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်ကို-သီရိသုမင်္ဂလာ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြရွှေဆိုင်မိသားစု | မန္တလေးမြို့ | ၁၀၀၀၀၀၀ |
| ၂။ | အဖ ဦးတင်ဖေ-အမိ ဒေါ်တင်ညွန့်တို့အားရည်စူး၍ သမီး ဒေါ်တင်တင်ဦး၊ ဒေါက်တာတင်တင်ဖြိုး၊ ဒေါ်ဂျူလီမိသားစု | ခ/၁၉၁၊ A၊ ရုပ်ရှင်ရုံလမ်း၊ မြို့မရပ်၊ မိုးကုတ်မြို့ | ၁၀၀၀၀၀ |
| ၃။ | ကိုအောင်စိုးဝင်း-မသင်းနွယ်စိုး"မင်္ဂလာ"ဘုရားမီးစကြာ မိသားစု | ၈၉လမ်း၊ ၁၀×၁၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၄။ | ဦးအောင်ဝင်းချို-ဒေါ်ခင်ခင်ဆွေ၊ သား ကိုဖြိုးသုအောင်၊ ကိုရဲဝင့်အောင်မိသားစု | အမှတ်(၁၀၉)၊ သံလျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၅။ | ဆရာတော်အာစရိယ ဗုဒ္ဓရက္ခိတ(၉၇ နှစ်မြောက်မွေးနေ့အလှူ) | မဟာဗောဓိအသင်းစာသင်တိုက်၊ ဘန်ဂလောမြို့၊ အိန္ဒိယနိုင်ငံ | ၅၀၀၀၀၀ |
| ၆။ | ဦးစိန်ဝင်း-ဒေါ်တင့်တင့်ဝေး မိသားစု | အမှတ်(၅၂၈)၊ အရှေ့ကြို့ကုန်း(မြောက်)၊ ၄လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၇။ | ဒေါ်သန်းတင် | အမှတ်(၆၈)၊ စံပယ်ခြံ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈။ | ဦးသိန်းလှမော်-ဒေါ်နီနီလှ မိသားစု | ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၉။ | ဦးကျော်ကျော်အောင်-ဒေါ်သီတာ၊ သမီး အေးငြိမ်းစံမိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၁၀။ | မဖြိုးစံသာကျော် (မွေးနေ့အလှူ) | အမှတ်(၂၄/A)၊ ပထမထပ်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၁။ | ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)-ဒေါ်မာမာဌေး မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၂။ | မိဘနှစ်ပါးနှင့်ခင်ပွန်း ဦးခင်မောင်တို့အားရည်စူး၍ ဒေါ်ညွန့်ရီမိသားစု | ဝင်ဇင်းရပ်ကွက်၊ မိတ္ထီလာမြို့ | ၁၀၀၀၀၀ |
| ၁၃။ | ကွယ်လွန်သူမိဘများ၊ ဦးသိန်းငွေနှင့်သမီးလေး မစန်းစန်းမော်တို့အား ရည်စူး၍ ဒေါ်မြလေးမိသားစု | အမှတ်(၂၆)၊ အကောက်ဆိပ်၊ ပုသိမ်မြို့ | ၅၀၀၀၀ |
| ၁၄။ | ဦးတင်အောင်-ဆရာမဒေါ်သန်းစိန်မိသားစုနှင့် ၂၀၁၇/၂၀၁၈ခု ပညာသင်နှစ် KG-B ကျောင်းသား၊ ကျောင်းသူများ | အမက(၁၀)၊ ပုဂံ၊ ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၁၅။ | နှစ်ဖက်မိဘများအား အမျှုးထား၍ ဦးသိန်းအောင်-ဒေါ်သန်းဦးမိသားစု | ဝေနက္ခန်းသာ၊ ၂၀၀၀တန်၊ ၅ လမ်း၊ ပုသိမ်မြို့ | ၁၀၀၀၀၀ |
| ၁၆။ | ဖခင်ကြီးဦးဉာဏ်-မိခင်ကြီးဒေါ်စင်းယုံတို့အားရည်စူး၍ သမီးဒေါက်တာအေးအေးလွင် (ရင်ခေါင်းနှင့်အဆုတ်အထူးကုသမားတော်ကြီး)နှင့် ကျန်ရစ်သူမိသားစု | ၂၉လမ်း၊ ၈၃×၈၄ ကြား မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၁၇။ | ဒုတိယဗိုလ်မှူးကြီးမောင်းထွန်း-ဒေါ်မြမြရီ မိသားစု | ပါရမီ၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈။ | ဦးထေရာသဘ | မဟာသမယကျောင်းတိုက်၊ မိုးကောင်းမြို့ | ၁၀၀၀၀၀ |
| ၁၉။ | ဒေါ်ခင်စန်းဝင်း | ကျောက်ပန်းတောင်းမြို့ | ၁၀၀၀၀၀ |
| ၂၀။ | နှစ်ဖက်မိဘများကိုရည်စူး၍ ဦးဘုန်းနိုင်-ဒေါ်ရွှေမိသားစု | မကွေးမြို့ | ၁၅၀၀၀၀ |
| ၂၁။ | ဦးထွန်းအောင်(ကျောင်းအုပ်ကြီး-ငြိမ်း၊ ရေနံချောင်းဒီဂရီကောလိပ်)-ဒေါ်နှင်းရီ ကျော်ကြားဖိနပ်ဆိုင်မိသားစု | ထန်းတပင်-ဇီးကုန်းမြို့၊ ကန့်ဘလူမြို့နယ် | ၃၀၀၀၀၀ |
| ၂၂။ | ဆရာလေးဒေါ်ဓမ္မစာရီနှင့်မိခင်ကြီးဒေါ်ထွေးရှင်တို့အား ရည်စူး၍ မောင်သန်းထိုက်လင်း | ရေစကြိုမြို့ | ၁၀၀၀၀၀ |
| ၂၃။ | ဦးဝင်းမောင်-ဒေါ်သန်းနွဲ့မိသားစု | တိုက်အမှတ်(၂၃၅)၊ အခန်း(၅)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၂၄။ | ဖခင်ဦးရွှေ-မိခင်ဒေါ်ကြည်ညွန့်၊ သမီး ဒေါ်ခင်အေးမြင့်မိသားစု (၆၁)နှစ်ပြည့်မွေးနေ့အလှူ | အမှတ်(၃၃)၊ ဦးရွှေစိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၂၅။ | ခမည်းတော်ဦးကြီးမောင်-မယ်တော်ဒေါ်ခင်မော်တို့အား ရည်စူး၍ အရှင်တေဇနိယ | တိပိဋကနိကာယကျောင်း၊ မင်းကွန်း-မိုးမိတ်ကုန်းမြေ စစ်ကိုင်းမြို့နယ် | ၅၀၀၀၀၀ |
| ၂၆။ | ဒေါ်တင်ရီ (၈၄)နှစ်ပြည့်မွေးနေ့အလှူ | အမှတ်(၁၀၂၆)၊ ယသဝတီ(၁၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၂၇။ | ဦးကျော်သက်ပိုင်သိန်း-ဒေါ်ကြည်စုစုရှိန်၊ သားမောင်တည်ကြည်ပိုင်ဦးမိသားစု | အမှတ်(၁၇၂)၊ ကံသာA-(၉)လမ်း မကွေးမြို့ | ၁၀၀၀၀၀ |
| ၂၈။ | ကျောင်းဒါယကာကြီး ဦးဟန်စိန်အား ရည်စူး၍ ဇနီးဒေါ်သက်သက်နှင်းမိသားစု | မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၂၉ | ဦးထွန်းရီ-ဒေါ်ခင်မမသမီး မငွေး၊ မအိစံမိသားစု | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၀ | ဆရာမ မငွေး ကျူရှင်မိသားစု | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၃၁ | ဦးဖေဝင်း-ဒေါ်ခင်ဝင်းမြင့် နီနီကနုကမာဆိုင်မိသားစု | အမှတ်-၇၃/၇၄၊ အရှေ့ဒီရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၂ | ဦးရွှေသွင်-ဒေါ်မြင့် သမီး မသန်းသန်းဌေး၊ မစန်းစန်းလွင်၊ သား မောင်မျိုးမြင့်နိုင်၊ မောင်ဆွေဝင်း၊ သမီး မမွန်မွန်ဆင့်၊ သား မောင်အောင်အောင် မိသားစု | အမှတ်-၄ရပ်ကွက်၊ ရေနံစုရပ်၊ ညောင်ဦးမြို့ | ၁၁၀၀၀၀ |
| ၃၃ | နှစ်ဖက်မိဘများကိုအမျှုးထား၍ ဦးအောင်အောင်(စက်မှုလယ်ယာ)-ဒေါ်သက်မွန်ပန် သားမောင်ထက်ဝေအောင်၊ မောင်ဇွဲထက်အောင်မိသားစု | အမှတ်-၅ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ရပ်၊ ညောင်ဦးမြို့ | ၁၁၀၀၀၀ |
| ၃၄ | ဦးဆွေဝင်း(တပ်ကြပ်ကြီး)-ဒေါ်အေးအေးစန်း သမီး မအိမ့်မှူးကျော် မိသားစု | တံတားဦးလေယာဉ်ကွင်း မန္တလေးတိုင်းဒေသကြီး | ၁၁၀၀၀၀ |
| ၃၅ | ဦးဝရသိရိဇေယျသုခအေးကျောင်း၊ ညောင်ဦးမြို့ကိုအမျှုးထား၍ ရဟန်းဒါယကာကြီး ဦးဇော်မင်းအားရည်စူး၍ ဒေါ်ဝင်းဝင်းသန်းမိသားစု | ဘီးတန်း၊ မန္တလေးမြို့ | ၁၁၀၀၀၀ |
| ၃၆ | ဦးလီရှုဖန်-ဒေါ်ချင်ဆွေယုတို့အား ရည်စူး၍ သမီး ဒေါ်ရိမ်ဖီး၊ ဒေါ်အေးအေးသွယ် မိသားစု | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၇ | ဒေါ်ထွန်းထွန်းလင်း မနောဖြူ ဆရာမများ ကုသိုလ်ရှင်အဖွဲ့ | အမှတ်-၆၇၃၊ ၃၀×၃၁လမ်းကြား၊ ၈၆×၈၇လမ်းကြား ဓာတ်နန်းရပ်၊ မန္တလေးမြို့ | ၃၀၀၀၀၀ |
| ၃၈ | ဦးထွန်းအောင်ကျော်အားရည်စူး၍ ကျန်ရစ်သူမိသားစု | နေပြည်တော်၊ တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၃၉ | ဖခင်ကြီး ဦးသာလှအောင်-မိခင်ကြီး ဒေါ်တင်ကြည်တို့အား ရည်စူး၍ ဦးအောင်သန်း-ဒေါ်စန်းရီမိသားစု | အမှတ်-၁၊ အနောက်ပုလဲဂေဟာလမ်း၊ ၃ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၄၀ | ဦးစိုးမြင့်-ဒေါ်သန်းရွှေမိသားစု | ၁၅/၆၇၊ ၁၁လမ်း၊ တောင်ငူမြို့ | ၁၀၀၀၀၀ |
| | | | ၇၂၂၀၀၀၀ |

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ရန်ကုန်မြို့ ကြေးခေါင်းလောင်းများနှင့် ဖယောင်းပျက်များအား ရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် ကြေးခေါင်းလောင်းအသေးဆိုဒ်စုံနှင့် ကြေးပစ္စည်းအဟောင်းများ အလေးချိန်(၂၇၁၁. ၅၀)ပိဿာခန့်နှင့် ဖယောင်းပျက်အလေးချိန် (၂၁၉၉၆)ပိဿာခန့်အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ ၁၈-၄-၂၀၁၈ရက်မှ ၃၀-၄-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၈-၅-၂၀၁၈ရက် မွန်းလွဲ ၁း၀၀နာရီတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၃၅၀၇၊ ၀၁-၃၈၃၅၀၈၊ ၀၁-၃၅၇၅၇၆၇၊ ၀၁-၃၇၁၀၈၉ နံပါတ်များသို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## Open Tender ခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းအား Steel Sheet Pile များ အသုံးပြု၍ မြစ်ကြောင်းထိန်းတံတိုင်းတည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

၁။ ဆောင်ရွက်မည့်လုပ်ငန်း - ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်းအား Steel Sheet Pile များ အသုံးပြု၍ Anchor Type ဖြင့် မြစ်ကြောင်းထိန်းတံတိုင်း တည်ဆောက်ခြင်း။

၂။ တင်ဒါပုံစံများစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန် - ၂၃-၄-၂၀၁၈ ရက်မှ ၂၄-၄-၂၀၁၈ ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၃-၅-၂၀၁၈ ရက်(ကြာသပတေးနေ့)၊ ၁၂း၀၀ နာရီအချိန်

၄။ တင်ဒါပုံစံများရောင်းချမည့်နေရာ - အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၅၁၂၄၀၄၆၀ နှင့် ၀၉-၄၃၁၂၇၄၆၈ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဒေါက်တာမင်းမင်း၊ ဦးအောင်ခိုင် (ရွှေသံလွင်စက်မှုဇုန်၊ ဦးအောင်ခိုင်အထည်ချုပ်စက်ရုံ၊ ရောဝတီလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့) နှင့် အများသိစေရန်

လူကြီးမင်း၏ (၂၅-၆-၂၀၁၄) နေ့ထုတ်မြန်မာ့အလင်းသတင်းစာ ကြေညာဖော်ပြချက်ပါ"**Myanmar Solar Rays Co., Ltd** သို့ ပေးရန် ငွေကျပ် - ၃၁၈၃၄၃၃၅/-ကျန်ရှိသည်ဆိုသည်မှာ **မမှန်ကန်ပါ**"ဟု ဖော်ပြပါရှိရာ **မဟုတ်မှန်ကြောင်း ငြင်းဆိုအပ်ပါသည်။** လူကြီးမင်းထံသို့(၁၁-၅-၂၀၁၇) ရက်က လူကြီးမင်းအကြွေးစာရင်းရှင်းတမ်းမူရင်း တင်ပြထားပြီးဖြစ်ပါသည်။ ၎င်းရှင်းတမ်းတွင် ပစ္စည်းတန်ဖိုးများနှင့်တကွ Sun Engineering ထံသို့ ခွဲရုံ Installation အတွက် **စိုက်ထုတ်ပေးငွေများပါ ပါဝင်ကြောင်း အထောက်အထားများ အခိုင်အလုံရှိပါသည်။**

လူကြီးမင်းတို့ဘက်မှ နှစ်ဘက်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် နေ့ရက်၊ အချိန်၊ နေရာသတ်မှတ်ပေးရန် ပြောကြားလာ၍ **Myanmar Solar Rays Co.,Ltd** မှ နေ့ရက်၊ အချိန်၊ နေရာသတ်မှတ်ပေးသည့်အခါ လူကြီးမင်းတို့ဘက်မှ နိုင်ငံခြားတွင် နေထိုင်နေသည်ဟုလည်းကောင်း၊ တရားရုံးများတွင် အမှုများနေ၍ဟုလည်းကောင်း၊ အကြောင်းအမျိုးမျိုးပြကာ ပျက်ကွက်ခဲ့ခြင်းသာ ဖြစ်ကြောင်းသိစေအပ်ပါသည်။

**Myanmar Solar Rays Co.,Ltd**၏ လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးခင်မောင်ဦး (B.A., R.L)**
တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၅၃၂၉)
အမှတ် - ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၄၂၈၀၄၊ ၀၉ ၅၁၅၈၄၀၁

GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်းဝယ်ငှားရမ်းခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။
လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒိုတိုက်ခန်း၊လုံးချင်းမြေကွက်များရောင်းဝယ်ငှားရမ်းလိုပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-424523234
အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရုံးချိန် - တနင်္လာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)

ဒဂုံမြို့သစ်
မြောက်ပိုင်း၊
အရှေ့ပိုင်း၊
တောင်ပိုင်း၊
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။
09 441984405
09 421110067

နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

စင်္ကာပူနိုင်ငံရှိ အစိုးရကျောင်းများဖြစ်သည့် Polytechnic နှင့် BCA Academy ကျောင်းများသို့ ၂၀၁၈-ခုနှစ်၊ ဧပြီလ တွင် ကျောင်းဝင်ခွင့်ရရှိသော ကျောင်းသား/သူများအတွက် RVi Institute မှ မိဘများနှင့်ထပ်တူ လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။



Aung Khant Kyaw
Aung Moe Thet
Aung Thet Paing
Chan Su Win
Chit San Thwe
Chit Su San
Hein Pyae Aung
Hein Sett Aung

Hein Zay Htun
Kaung Khant Ko
Kaung Sett Win
Kaung Thant Soe
Kyaw Htet Naing
Kyaw Swar Shein
Kyi Kyi Naing @ Kyi Phyu Khin
Kyi Kyi Wai

Lei Ye Mon
Min Htat Kyaw Zaw Aung
Moe Hein Kyaw
Myat Min Thu
Nang Moon Moon Seng
Nay Min Tun
Nyi Myint Myat
Nyi Min Khant

Phone Myat Win
Sai In Kyauk
Thant Thuta Ko
Thiha Ye Yint Aung
Thukha San
Thwin Aung Aung
Yaung Ni Khant Zaw
Ye Win Myint

Zwe Nyan Swan Aung
Aung Thura
Han Myat Nwe
Khaing Thinzar Kyi
Kyaw San Win
Kyaw Kyaw Myo Khine
Nyein Khant Zaw
Nyein Thant San

Phyo Chit Maung
Sai Zin Chai
Thar Htet San
Thu Rein Pe Thein
Thuta Zaw
Tun Aung Phyo
Win Htet Kyaw
Win Yadanar Aung
Yin Yin Moe

ကျောင်းဝင်ခွင့်အတွက် ဖြင့်ဆင်ပေးသည့် သင်တန်းများစတင်ဖွင့်လှစ်နေပါပြီ။

RVi INSTITUTE
Centre for Higher Education

အမှတ် ၇၂၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၂၅၀ ၀၀၆ ၄၂၁၊ ၀၉ ၂၅၄ ၇၁၁ ၈၉၈
E-mail: rvinstitute.admission@gmail.com RVi Group

**Information Talk:**
20 April 2018 | 3:00 PM ~ 4:00 PM | RVi Global Education Campus

**Pre-Test for our next Preparatory Programme**
21 April 2018 | 10:00 PM | RVi Global Education Campus







ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ - ၁ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ မင်္ဂလာဓမုန်ဖွင့် (စံရိပ်ငြိမ်)၊ Top Royal (ပါရမီ)၊ JCGV (Junction City (ဗိုလ်ချုပ်ဈေး)၊ (Junction CityMall (စိန့်ဂွန်း)၊ Junction Square & Junction Mawtin)၊ နဝဒေး၊ မဟာမြိုင် (အင်းစိန်)၊ Mega Ace (Capital-ဒေါပုံ)၊ ရွှေဗဟိုရ် (တာမွေ)၊ မြရတနာ (သာကေတ)၊ ကန်သာယာ (မြောက်ဥက္ကလာ)၊ Red Radiance (လှည်းတန်းစင်တာ)၊ Red Radiance မြဟံသာ (သန်လျင်)၊ ရွှေပြည်သာ 3D (ရွှေပြည်သာ)၊ PARADISO (မှော်ဘီ)၊ မန္တလေး -ဝင်းလိုက်၊ မန်းနေပြည်တော် (ဆိုင်းတန်း)၊ မင်္ဂလာဒိုင်းမွန်း၊ JCGV၊ မြို့ဂုဏ်ရောင်၊ နေပြည်တော် - JCGV၊ အောင်သပြေ၊ ဖေယျာသီရိ၊ မော်လမြိုင် - မင်္ဂလာဘုရင့်၊ JCGV၊ PARADISO၊ မုံရွာ-မင်္ဂလာမြစ်နွာ၊ မင်္ဂလာ(အိုးရှင်း)၊ PARADISO၊ မကွေး-မင်္ဂလာစံပြ၊ တောင်ငူ -New3D၊ ပြည် - မင်္ဂလာထွန်းသီရိ၊ ပဲခူး - မင်္ဂလာ (Icon Shopping Mall)၊ မင်္ဂလာရွှေဟင်္သာ၊ တောင်ကြီး - မြသုခ၊ Mega Ace (City Square)၊ PARADISO (အေးသာယာ)၊ လားရှိုး - သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပြင်ဦးလွင် - Movie Planet၊ ချယ်ရီလွင်၊ ဖန်းမော် - စတား၊ မြစ်ကြီးနား - ဇရာ၊ ဖျာပုံ -PARADISO၊ အောင်ပန်း - PARADISO၊ ကျောက်ပန်းတောင်း - PARADISO၊ သထုံ - PARADISO၊ ရွှေဘို - PARADISO၊ ဘိုကလေး - PARADISO၊ မတ္တရာ - PARADISO၊ ကလေး - PARADISO၊ မအူပင် - PARADISO၊ ဟင်္သာတ - PARADISO၊ ပုသိမ် - ရွှေပြည်တော်၊ ပခုက္ကူ - သီဟ၊ မိတ္ထီလာ - ဂရင်း၊ မြင်းခြံ - မြေလတ်ဂုဏ်၊ ရေနံချောင်း - ရတနာ၊ ဘားအံ - ဦးဆောက်ပန်း၊ တက်နေဝင်း၊ မြဝတီ - သွန်းရွှေဝင်၊ ထားဝယ် - အောင်မင်္ဂလာ၊ မြိတ် - မြိတ်မင်္ဂလာ၊ Hello၊ ဂုဏ်၊ အဆင့်မြင့်ရုပ်ရှင်ရုံများတွင်တပြိုင်တည်းပြပြီ

ရတနာသစ်တော ပြည့်သွေး ကြော သစ်တော ရတနာ ထိန်းသိမ်းပါ


STEEL DRAGON ၏
အစဉ်အလာအတိုင်း အရည်အသွေး အာမခံချက် အပြည့်အဝရှိသော
ကုန်ပစ္စည်းများကိုသာ တင်သွင်း ဖြန့်ချိပါသည်။
မြန်မာပြည်တွင် အရည်အသွေး အကောင်းဆုံး
ALCO MAX
အလူမီနီယံ ကွန်ပိုးစစ်
No.1
BEST QUALITY
အကောင်းဆုံးအရည်အသွေး
● အရည်အသွေး အမြင့်ဆုံး နိုင်ငံတကာ စံချိန်မီသည့် အလူမီနီယံမျက်နှာပြင် နှင့်အတွင်းကွန်ပေါင်းသား။
● အရည်အသွေးနှင့် အရောင်အသွေးသက်တမ်း နှစ်(၂၀)အထိကြာရှည်ခံကြောင်း အာမခံအပြည့်အဝ ပေးနိုင်သော PVDF ဆေးသား။
ရာသီဥတုဒဏ်ခံနိုင်မှု
● မြန်မာနိုင်ငံ၏ရာသီဥတုနှင့်ကိုက်ညီမှုရှိစေရန် အထူးထုတ်လုပ်ထားခြင်း။
အဆင်ပြေစွာသုံးစွဲနိုင်မှု
● ကြိုးထိုးရအဆင်ပြေလွယ်ကူခြင်း။
● 30° မှ 95° အထိ စိတ်ကြိုက် ချိုးကွေးနိုင်ခြင်း။
မီးလောင်ကျွမ်းမှုဒဏ်ခံနိုင်မှု
● မီးလောင်ကျွမ်းမှုဒဏ်ခံနိုင်ခြင်း။
Steel Dragon ဆိုင်တိုင်းတွင် အဆင်ပြေလွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။
■ အမှတ်(၄၀၊ ၄၁၊ ၄၂၊ ၄၃)၊ စံပယ်လမ်း၊ သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၅၂၈၅၈၇၊ ၃၅၂၈၅၂၄၊ ၃၅၈၈၆၄၃၊ ၃၅၈၈၆၄၅
■ အမှတ်(၁၄၉၇)၊ ပြည်ထောင်စုလမ်းမကြီး၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၁၀၀၀၀၉၊ ၈၁၀၀၀၁၀၊ ၈၁၀၀၂၆၉၊ ၈၁၀၀၂၇၀၊ ၀၉ - ၅၁၃၉၁၉၃
■ အမှတ် (၃၀၅၅)၊ ရာဇဌာနီလမ်းနှင့် ပုန်းညက်လမ်းထောင့်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၆၇ - ၂၅၈၇၀၊ ၂၅၈၇၁၊ ၀၉ ၂၅၅၇၁၇၂၃၈၊ ၀၉ ၉၆၉ ၇၇၄၄၃၁
■ အမှတ်(၉၈)၊ ကျိုက္ကမီလမ်း၊ ဒေါင်းဇရပ်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇-၂၂၄၈၄၊ ၀၉ ၂၅၅၇၁၇၂၃၉၊ ၀၉ ၉၆၉ ၇၇၄၄၄၁
■ အမှတ်(၁၀၁)၊ ၄၂-လမ်း၊ (၈၁×၈၂)လမ်းကြား၊ ရှမ်းပွဲရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ ၂၅၀ ၃၅၈ ၃၄၈၊ ၀၉ ၂၅၀ ၆၆၆ ၀၅၂၊ ၀၉ ၉၆၉ ၇၇၄ ၄၅၁
■ အမှတ်(၁၀၂)၊ အနောက် မြို့ပတ်လမ်းနှင့် (၅)လမ်းထောင့်၊ ဘုရင့်နောင်လမ်းမကြီး၊ ခေတ္တရာမြို့သစ်၊ ပြည်မြို့။ ဖုန်း - ၀၅၃ - ၂၈၆၁၉၊ ၂၈၃၃၆၊ ၀၉ ၉၆၉ ၇၇၄ ၄၆၁၊ ၀၉ ၇၈ ၂၂၂ ၄၄၆၀
■ အမှတ်(၅/၁၇၃)၊ အနောက်မြို့ပတ်လမ်းနှင့် ဂုဏ်ထူးလမ်းထောင့်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း - ၀၈၁ - ၂၀၅၁၅၂၊ ၂၁၂၅၂၂၀၊ ၀၉ ၄၄၀၀ ၅၀ ၉၇၇၊ ၀၉ ၄၄၀၀ ၅၀ ၉၈၈
■ အမှတ် (၆၄-က)၊ ဥဿမြို့သစ်(၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီး၊ ပဲခူးမြို့။ ဖုန်း-၀၅၂-၂၂၀၁၃၇၃၊ ၀၉-၄၄၀၀၅၁၁၂၂၊ ၀၉-၉၆၉၇၇၄၄၈၁၊ ၀၉-၉၆၉၇၅၂၁၈၁
■ အမှတ်(၃၄)၊ သီရိမွန်လမ်းမကြီး၊ သီရိမွန်ပလာဇာဝင်းအတွင်း၊ ဘုရင့်နောင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၅၂၈ ၅၂၆ ၊ ၀၉ - ၇၆၅၈၂၈၅၂၄၊ ၀၉-၇၆၅၈၂၈၅၂၆

# မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ တန်ခူးလ၊ မြန်မာနှစ်သစ်ကူး
အခါသမယတွင် ဦးကြူမိသားစုဂျုံစက်မှ ထုတ်လုပ်ရောင်းချသော
ဂျုံမှုန့်များကိုဝယ်ယူအားပေးကြသည့် မိတ်ဟောင်းမိတ်သစ်များ
နှင့်တကွမြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်အလုပ်အကိုင်
စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး
တိုးတက်ကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကြူ- OK မိသားစုဂျုံစက်

# အသိပေးကြေညာခြင်း

ဦးကြူမိသားစုဂျုံစက်မှ ထုတ်လုပ်လျက်ရှိသော ဂျုံမှုန့်များသည်
နိုင်ငံတကာအသိအမှတ်ပြု ISO, HACCP လက်မှတ်များ
ရယူထားပြီး FDA စံချိန်စံနှုန်းနှင့်အညီ ထုတ်လုပ်ထားပါသဖြင့်
ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းများဖြစ်သည့်
Potassium Bromate, Chlorine တို့ ကင်းရှင်းပြီး
စားသုံးသူများ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါကြောင်း
အသိပေးကြေညာအပ်ပါသည်။



ဝယ်ယူအားပေးမှုအား အစဉ်ကျေးဇူးတင်လျက်
ဦးကြူ- OK မိသားစုဂျုံစက်


တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၆/မမ/(CE) | **တိုင်းအမှတ်(၂)ရွာထောင်**<br>ကောလင်း ဒီဇယ်စက်ခေါင်းစက်ရုံရှိ တွဲပြင်ရုံအဆောက်အဦ တိုးချဲ့ခြင်း လုပ်ငန်း |
| ၂ | ၂၇/မမ/(CE) | **တိုင်းအမှတ်(၃)မန္တလေး**<br>မန္တလေးတွဲပြင်ရုံ (Sick Line)Open Shed (100' x 32')တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်း |
| ၃ | ၂၈/မမ/(CE) | **တိုင်းအမှတ်(၄) ကလော**<br>ပထမလွန်းထိုးဘူတာတွင် ပို့ဆောင်ရေးဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း လုပ်ငန်း |
| ၄ | ၂၉/မမ/(CE) | **တိုင်းအမှတ်(၅) တောင်ငူ**<br>မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာ အဆောက်အဦ သန့်ရှင်းသပ်ရပ်လှပစေရန် အတွက် Plastic Paint သုတ်ခြင်း လုပ်ငန်း |
| ၅ | ၃၀/မမ/(CE) | ပျဉ်းမနားဘူတာ အမှတ်(၂) ကွန်ကရစ်လမ်းတွင် သံကူကွန်ကရစ် (1450'x 11'-0"x 0'-6") လောင်းခြင်းလုပ်ငန်း |
| ၆ | ၃၁/မမ/(CE) | ရေနီဘူတာတွင်ရထားရဲတပ်စု(၃)ရဲဝန်ထမ်းများနေထိုင်ရန်(၃)ခန်းတွဲ (၁)လုံး တည်ဆောက်ခြင်း လုပ်ငန်း (အိမ်သာ နှင့် မီးလွှာကန် အပါအဝင်) |
| ၇ | ၃၂/မမ/(CE) | ဓာတ်ကုန်း(Level Crossing)နေရာတွင်(၄)ခန်းတွဲ (၁)လုံးတည်ဆောက်ခြင်း လုပ်ငန်း |
| ၈ | ၃၃/မမ/(CE) | **တိုင်းအမှတ်(၆)ရန်ကုန်**<br>နတ်တလင်းဘူတာတွင် (ပို့ဆောင်ရေး) ဝန်ထမ်းနေအိမ် (၄)ခန်းတွဲ (၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်း |
| ၉ | ၃၄/မမ/(CE) | ပဲခူးယ်ကုန်းဘူတာတွင် အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်း နေအိမ်(၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်း |
| ၁၀ | ၃၅/မမ/(CE) | **တိုင်းအမှတ်(၇)ရန်ကုန်**<br>အင်းစိန်စက်ခေါင်းစက်ရုံအတွင်း Engine Dynamometer Test Room အသံလုံခန်း တည်ဆောက်ခြင်း လုပ်ငန်း၊ |
| ၁၁ | ၃၆/မမ/(CE) | ကြည့်မြင်တိုင်ဘူတာ ယာဒ်ဝင်းတွင် (၄)ခန်းတွဲ ရေလောင်းအိမ်သာ (၄)လုံး တည်ဆောက်ခြင်း ၄ x (၁၅'-၉" x ၉'-၀" )၊ လူ(၅၀)အသုံးပြုနိုင်ရန် Septic Tank & Sock Pit) (၄)လုံး တည်ဆောက်ခြင်း လုပ်ငန်း၊ |
| ၁၂ | ၃၇/မမ/(CE) | **အင်းစိန်မြို့ပတ်ဒီဇယ် စက်ခေါင်းရုံ တိုးချဲ့ခြင်းလုပ်ငန်း**<br>အင်းစိန်မြို့ပတ်ဒီဇယ်စက်ခေါင်းရုံတိုးချဲ့ခြင်းလုပ်ငန်းတွင် ရေစီးရေလာကောင်းမွန်စေရေး (၆-ပေ)အကျယ် (၅' ၆")အနက် အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း (၁၉၂-ပေ) |
| ၁၃ | ၃၈/မမ/(CE) | **တိုင်းအမှတ်(၈) မော်လမြိုင်**<br>မော်လမြိုင်ဘူတာကြီးယာဒ်ဝင်းတွင် အင်ဂျင်နီယာဝန်ထမ်းနေအိမ် (၂)ခန်းတွဲ (၁)လုံး (အိမ်သာ၊ မီးလွှာကန် အပါအဝင်)တည်ဆောက်ခြင်းလုပ်ငန်း |
| ၁၄ | ၃၉/မမ/(CE) | ကိုးမိုင်ဘူတာတွင် အင်ဂျင်နီယာဝန်ထမ်းနေအိမ် (၄)ခန်းတွဲ (၁)လုံး (အိမ်သာ၊ မီးလွှာကန် အပါအဝင်)တည်ဆောက်ခြင်းလုပ်ငန်း |
| ၁၅ | ၄၀/မမ/(CE) | **တိုင်းအမှတ်(၉) ဟသ်္သာတ**<br>ဟသ်္သာတ-ကြံခင်းလမ်းပိုင်း ၊ ဟသ်္သာတ-ဘုရားကုန်းကြား၊ မွေးမြူရေးဂိတ်စောင့် နေအိမ် (၂)ခန်းတွဲ (၁)လုံးတည်ဆောက် ခြင်း လုပ်ငန်း |

တင်ဒါပိတ်မည့် နေ့/အချိန် -( ၂. ၅ .၂၀၁၈ ) (ဗုဒ္ဓဟူးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁၈. ၄ .၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## ဦးစိုးဝင်း (၁၂/ဗတထ (နိုင်) ၀၃၄၄၂၉)
## (Htike Sin Co., Ltd) နှင့် အများသိစေရန်

လူကြီးမင်း၏ (၂၆-၃-၂၀၁၄) ရက်နေ့၊ နေ့ထုတ်ကြေးမုံသတင်းစာ ကြေညာဖော်ပြချက်ပါ "ပစ္စည်းလာယူသယ်ဆောင်ခြင်းမရှိဘဲ"ဟု ဖော်ပြချက်သည် လုံးဝမမှန်မကန်ဖော်ပြချက်ဖြစ်ပါသည်။ **Myanmar Solar Rays Co., Ltd**မှ **13 Ton** ကရိန်းကား(ကားအမှတ်-**5C/5917**) ဖြင့် ငှားရမ်း၍ လာရောက်သယ်ယူသည့်အခါ လူကြီးမင်းတို့ကုမ္ပဏီမှဝန်ထမ်းများက သယ်ယူခွင့်မပြုသဖြင့် ပြန်သွားခဲ့ရခြင်းဖြစ်ပါသည်။

ဦးစိုးဝင်းသည် **(Htike Sin Co., Ltd)**၏ သူဌေးဖြစ်ကြောင်း ဦးစိုးဝင်းကိုယ်တိုင်နှင့် ဦးစိုးဝင်းဝန်ထမ်းများ၏ ပြောပြချက်အရ ပြောဆိုဝယ်ယူခဲ့၍ Electric Cable ကြိုးများကို ယုံကြည်စွာဖြင့် အကြွေးရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

အကြွေးတောင်းသည့်အခါမှ ဦးစိုးဝင်းတို့မှ Certificate ထုတ်ပေးရန်တောင်းဆိုခြင်းလုံးဝမရှိခဲ့ဘဲ **Myanmar Solar Rays Co.,Ltd** သည် Certificate ထုတ်မပေးခြင်းဟုငင်း "အရည်အသွေးမမှီသည့် Electric Cable ကြိုးများရောင်းချခဲ့၍သာ" ဖြစ်သည်ဟုငင်း လူကြီးမင်းတို့ဘက်မှ ကြေညာဖော်ပြသည်ကို လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။

**Myanmar Solar Rays Co.,Ltd** သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ကိုရီးယားနိုင်ငံထုတ်ကမ္ဘာ့အဆင့်မီ Electric Cable များကို နိုင်ငံတော်သို့ အခွန်အပြည့်အဝပေးဆောင်ကာ တင်သွင်းဖြန့်ဖြူးရောင်းချနေသည့်ကုမ္ပဏီဖြစ်ကြောင်း လျှပ်စစ်လုပ်ငန်းလုပ်ကိုင်သူများအားလုံး အသိပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအား တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ထပ်ဆင့်အသိပေးအပ်ပါသည်။

**Myanmar Solar Rays Co.,Ltd**၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဦး: **(B.A., R.L)**
တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၅၃၂၉)
အမှတ် - ၄၅၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၄၂၈၀၄၊ ၀၉ ၅၁၅၈၄၀၁

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းရီ**

**အသက်(၈၇)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးသန်းဌေး၏မွေးသမိခင် ဒေါ်သန်းရီ (၈၇)နှစ်သည် ၁၅-၄-၂၀၁၈ ရက်နေ့ ည ၁၀း၁၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ပါတီကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**
**ရန်ကုန်တိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းရီ**

**အသက်(၈၇)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးသန်းဌေး၏မွေးသမိခင် ဒေါ်သန်းရီ (၈၇)နှစ်သည် ၁၅-၄-၂၀၁၈ ရက်နေ့ ည ၁၀း၁၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီ ဦးခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)**
**နှင့် ဇနီးဒေါ်နီနီ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်တင်မောင်ဆွေ (မြန်မာစစ်သံမှူး၊ လန်ဒန်မြို့) နှင့် ဒေါ်မိမိမော်တို့၏ ချစ်လှစွာသောဖခင် ဦးလှကျင်(ရှင်ကီးစတိုး) ကျုံပျော်၊ ဇရပ်လှ အသက်(၉၂)နှစ်သည် ၁၄-၄-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသံရုံး၊ လန်ဒန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်တင်မောင်ဆွေ (မြန်မာစစ်သံမှူး၊ လန်ဒန်မြို့) နှင့် ဒေါ်မိမိမော်တို့၏ ချစ်လှစွာသောဖခင် ဦးလှကျင်(ရှင်ကီးစတိုး) ကျုံပျော်၊ ဇရပ်လှ အသက်(၉၂)နှစ်သည် ၁၄-၄-၂၀၁၈ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံသားများအသင်း(ယူကေ)**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမောင်မောင်ကလေး ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဗဟိုသုတေသနလုပ်ငန်းအဖွဲ့ အသက်(၈၉)နှစ်သည် ၃-၄-၂၀၁၈ ရက် ဒေသစံတော်ချိန် နံနက် ၅း၁၅ နာရီတွင် အင်္ဂလန်နိုင်ငံ 19,Badgers Way, Benfleet, ESSEX နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဝင်းအောင်**

**ညွှန်ကြားရေးမှူး(ငြိမ်း) ဗဟိုသုတေသနအဖွဲ့**
**64-B၊ မြဝတ်ရည်(၃)လမ်း၊ ပါရမီရိပ်သာ၊ (၉)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်တင့်(ခ)ဒေါ်ကြီး**

**အသက်(၉၆)နှစ်**

(ဦးဖိုးအုန်း-ဒေါ်တင်နု)တို့၏ သမီး၊ (ဦးသိန်း)၏ဇနီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၁)နေ ဦးမောင်မောင်အုန်း-ဒေါ်တင်ဝင်း၊ ဦးချို-ဒေါ်လှလှဝေတို့၏ ချစ်လှစွာသောမိခင်၊ ဦးအောင်ဇော်မင်း-ဒေါ်သင်းပြည့်ပြည့်ချို၊ ဒေါ်မြင့်မြင့်ချို၊ ဦးမျိုးလွင်ဦး-ဒေါ်လင်းလင်းနိုင်၊ ဦးဆွေလိှုင်ထွန်း-ဒေါ်နန့်ဝင်းဝင်းအေး၊ ဦးမျိုးကိုကိုတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောကြည် (၉၄)နှစ်**

**(လေးမျက်နှာ ငါးသိုင်းချောင်း၊ ဟသ်ာတမြို့)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်(၃၇)၊ ပန်းတနော်လမ်းနေ (ဦးသန်းမောင်)၏ဇနီး၊ ဒေါ်အမာရီ၊ ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်ဝင်းသန်း-ဒေါ်လဲ့လဲ့ကြည်၊ ဦးမြင့်ဆွေ(အမှတ်-၈၄၊ ၉၀၊ ဗဟိုရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဒေါ်တင်တင်ရီတို့၏မိခင်၊ ဒေါက်တာအေးစန္ဒာအောင်၏ ချစ်လှစွာသောအဘွား ဒေါ်စောကြည်သည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းရီ**

**အသက်(၈၇)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်တို့၏မိခင် ဒေါ်သန်းရီ အသက်(၈၇)နှစ်သည် ၁၅-၄-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်(ငြိမ်း)နှင့်**
**ဇနီး ဒေါ်ဆွေဆွေဦး မိသားစု၊ နေပြည်တော်**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးမောင်စု(ကြည့်မြင်တိုင်) (၈၉)နှစ်**

**ဒေါင်းခေတ်စာပုံနှိပ်တိုက်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း (မြောက်/အနောက်) ရပ်ကွက်၊ အမှတ်(၂၆)၊ ဌာနလမ်း၊ အောက်လမ်းနေ (ဦးစိုးတင့်-ဒေါ်မယ်နွယ်) တို့၏ သားသမက်၊ (ဦးမောင်ဆိုင်-ဒေါ်ဌေး)တို့၏ သား၊ ဒေါ်သောင်းသောင်းညွန့်(ခ)မလုံး၏ ခင်ပွန်း၊ ဗိုလ်ကြီးဝင်းသိန်း(ငြိမ်း)-ဒေါ်ခင်ပြုံးရီ၊ ဒေါ်သန်းသန်းစိန်(ခ) မနုတို့၏ဖခင်၊ မခင်စန္ဒာဝင်း(MUFL)၊ မခင်ဇာခြည်ဝင်းသိန်း (History ဒုတိယ တက္ကသိုလ်)၊ မောင်နေဇင်ဝင်းသိန်း(Law ဒုတိယ တက္ကသိုလ်)တို့၏အဘိုး၊ ဒေါ်မြရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးကျော်ဦး (၈၈)နှစ်**

**လ-ဝ-က မှူး(ကိုယ်ပိုင်နံပါတ်-၁၃၂၈)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I City၊ ပိတောက်ဝါ(၃)လမ်း၊ အမှတ်(B-၃၃)နေ ဒေါ်ခင်မြင့်(ခ)ဒေါ်မေရီဝူး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသာဗျော-ဒေါ်အေးသစ်)တို့၏ သားကြီး၊ ဒေါ်မေဖံကျော်၊ ဦးအောင်နိုင်ဦး၊ ဦးဟန်သူထိုက်-ဒေါ်ခင်အေးမြတ်ထွန်းတို့၏ မွေးသဖခင်၊ မငြိမ်းပြည့်သူ၏ အဘိုးသည် ၁၆-၄-၂၀၁၈ ရက် နံနက် ၁၀း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ နံနက် ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

**ဦးအောင်သန်းညွန့်(BVS) ကျိုက်လတ်မြို့**

**အသက်(၇၀)**

ကျိုက်လတ်မြို့နေ (ဦးသာလှိုင်-ဒေါ်ရွှေ)တို့၏ သား၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ကြေးတိုင်စု(၁)လမ်း၊ အမှတ်(၅)နေ (ဦးလှရွှေ-ဒေါ်ခင်ပို) တို့၏သားသမက်၊ ကိုထက်ခိုင်-မရွှေရည်ဝင်း၊ ကိုသန်းထွဋ်တို့၏ဖခင်၊ မကြယ်စင်မိုးထက်၏အဘိုး၊ ဒေါ်ခင်ခင်ဝင်း၏ခင်ပွန်းသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဝင်းကြည် (၆၈)နှစ်**

**အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၃၆၆)နေ (ဦးကံလှ-ဒေါ်အုန်းကြိုင်)တို့၏ သား၊ ဒေါ်ယဉ်ယဉ်နု (အထက-၃၊ ဗိုလ်တထောင်၊ အထက်တန်းပြ-ငြိမ်း)၏ ခင်ပွန်း၊ အလုပ်သင်ဆရာဝန် ဒေါက်တာပွင့်လွှာဖြူ၏ ဖခင်သည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးခင်ရွှေ**

**အသက်(၆၈)နှစ်**

**၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုဝင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်အောက်လမ်း၊ အမှတ်(၂၈/၃၀)၊ ပထမထပ်(B)နေ (ဒေါ်စန်းစန်းနု)၏ ခင်ပွန်း၊ ကိုသီဟဇော်-မစုမာပိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ငွေလရောင်သီဟ၏အဘိုး ၇၄-၇၅-၇၆ နိုင်ငံရေးအင်အားစုဝင် ဦးခင်ရွှေသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) ည ၁၁း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးပုကြည်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

**အသက်(၈၀)**

၉-၄-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသောအ ဖခင်ကြီး ဦးပုကြည် နာမကျန်း၍ ဆေးရုံတက် ရောက်ကုသမှုခံယူစဉ် အထူးဂရုစိုက်ကုသပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံမှ ဆရာဝန်ကြီးများ သူနာပြုများ၊ ဆေးရုံတက်နေစဉ် လာရောက်ကူညီအားပေး ကြသော ဆွေမျိုးမိတ်ဆွေများ၊ နာရေးကိစ္စအားလုံးတွင် ဝိုင်းဝန်းကူညီဆောင် ရွက်ပေးခဲ့ကြသော MPPE ဌာနမှ အရာရှိ အရာထမ်း ဝန်ထမ်းဟောင်းများအားလည်းကောင်း၊ Shwe FM အသံလွှင့်ဌာန ဥက္ကဋ္ဌ ဒေါ်နန်းမောက်လောဝ်ဆိုင်(မမီး)နှင့် တာဝန်ရှိလူကြီးမင်းများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ရွှေပုန်းညက်ရိပ်မွန်မှ အိမ်ရာကော်မတီအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ မိတ်ဆွေများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆက်သွယ်မေးမြန်းကြသော မိတ်ဆွေများအားလည်းကောင်း အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အနိစ္စ

**ဒေါ်ချိန်ဝမ်း**

**အသက် (၉၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ ခြံအမှတ်-၃၊ (မန္တလာဘုံ)နေ (ဦးကြီးတင်-ဒေါ်ကြူးတင်)တို့၏ သမီး၊ (ဦးမျိုးမြင့်)၏ ဇနီး၊ (ဦးမင်းဇော်ဦး)-ဒေါ်ကြူကြူ၊ (ဦးလေးမော်-ဒေါ်ချိုချို)၊ ဦးဇော်ဌေး၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်ဝါတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုစိုးမြတ်မော်-မဖြိုးဖြိုးစုမော်၊ ကိုပြည့်ဖြိုးကျော်-မမြသဥ္ဇာ၊ ကိုဇော်သိခ်-မဖြူဖြူတင့်ဝေ၊ ကိုဝေဖြိုးအောင်၊ ကိုဇော်နိုင်ထူး-မနှင်းလဲ့လဲ့ဝေ၊ ကိုကောင်းမြတ်-မစုပပခိုင်၊ ကိုချမ်းငြိမ်းဇော်-မစုစုဝင့်မော်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားသည် ၁၆-၄-၂၀၁၈ ရက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်စိန်ရီ (သခွတ်ပင်)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၉၄)၊ ခြောက်လွှာနေ (ဦးစိန်ညွန့်-ဒေါ်မြရီ)တို့၏ သမီးလတ်၊ (ဦးထွန်းရှိန်)၏ဇနီး၊ (ဦးချစ်မင်း-ဒေါ်ခင်စိန်)တို့၏ညီမ၊ ဦးဝင်း-ဒေါ်ခင်မြမြတို့၏အစ်မ၊ ဒေါက်တာသန်းထွဋ်-ဒေါ်ဖြူဖြူ (ဦးအေးမွန်-ဒေါ်အေးအေးတင်)၊ လှမြတ်မွန်(မို့မို့)၊ ဦးသစ်လွင်-ဒေါ်ဌေးဌေးအေး၊ (ဦးတင့်ဆန်း)-ဒေါ်သန်းသန်းမင်းတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်သိန်းအေး(မြန်အောင်)**

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ (၅)ရပ်ကွက်၊ တာဝတိံသာလမ်းနေ ဦးတင်လှိုင် (ကုန်သွယ်လယ်ယာ-ငြိမ်း)၏ ဇနီး၊ (ဦးသိန်းထွန်းအောင်)၊ ဦးစိုးလွင်မိုး(ခပကြီး/လေ-မိတ္ထီလာ)-ဒေါ်ပိုခိုင်သန်း၊ ဒေါ်အေးသီတာလှိုင်-ဦးဇော်ကြီး၊ ဒေါ်ခင်သန္တာလှိုင်-(ဦးကျော်ကျော်သက်)၊ ဒေါ်မေလင်းလှိုင် (ဌာနစုမှူး-ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၀၀း၃၀ နာရီတွင် အမှတ်(၁၃)၊ သုံးလွှာ၊ (၁၅၄)လမ်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ၊ တာမွေမြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (တာမွေ၊ နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဒေါ်နွဲ့နွဲ့ရီ (၇၃)နှစ်**

**အထက်တန်းပြ(ငြိမ်း)**
**ရွှေလှေ(အလက)၊**
**အလက-၆ အင်းစိန်၊**
**အထက-၁ အင်းစိန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂၀)၊ အခန်း(၁၀၅)နေ (ဦးထွန်းဦး-ဒေါ်သန်းကြည်)တို့၏ သမီးလတ်၊ (ဦးစန်းလွင်)-ဒေါ်ခင်ခင်တင့်၊ (ဦးဝင်းချို-ဒေါ်ခင်ခင်သိန်း)၊ (ဦးစိုးမြင့်လွင်-ဒေါ်ခင်ခင်အေး)၊ (ဦးသိန်းမြင့်-ဒေါ်မြင့်မြင့်ခင်)တို့၏ညီမ၊ (ဦးစိုးကြည်-ဒေါ်ခင်အေးသွင်)၊ (ဦးကျော်နိုင်)-ဒေါ်စန်းဌေး၊ (ဦးလင်းအောင်)-ဒေါ်စန်းနွဲ့၊ ဦးတင်ဝင်း - ဒေါ်မြတ်မြတ်ကြည်၊ ဦးသီဟဦး-ဒေါ်မြင့်မြင့်မော်တို့၏ချစ်လှစွာသော အစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၁၆-၄-၂၀၁၈ ရက် ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၈ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်မြသီ (၉၃)နှစ်**

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်လှညွန့်)တို့၏ သမီး၊ [ဦးလှမောင် (တိုင်းလူမှုဝန်ထမ်းဦးစီးမှူး-ပဲခူးမြို့)(ငြိမ်း)]၏ ဇနီး၊ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂၂/အေ)နေ ဒေါ်ခင်သီတာ (မြို့နယ်သမဝါယမဦးစီးဌာန-ငြိမ်း၊ ကော့သောင်းမြို့)၊ ဦးညွန့်လှိုင်-ဒေါ်ခင်နီလာ (Andaman Hill Co., Ltd.)၊ ပဲခူးမြို့နေ ဒုတိယဗိုလ်မှူးကြီးသန်းနိုင်(ငြိမ်း)-ဒေါ်နန်းကျန်ဟွမ်၊ ကော့သောင်းမြို့နေ ဦးသန်းဇော်(Myanmar Andaman Pearl Co.,Ltd.)-ဒေါ်သန္တာထွန်းဝင်းတို့၏ မိခင်ကြီး၊ မောင်စိုင်းမင်းထက်၊ မနန်းခင်နှင်းယုနိုင်၊ မနန်းခင်နှင်းနုနုနိုင်၊ မောင်ထွန်းလင်းအောင်၊ မဟိဏ်းနန္ဒာအောင်တို့၏အဘွား ဒေါ်မြသီသည် ၁၅-၄-၂၀၁၈ (တနင်္ဂနွေနေ့)နံနက် ၁၁း၅၀ နာရီတွင် ကော့သောင်းမြို့နေအိမ်၌ ကွယ်လွယ်သွားပါသဖြင့် ၁၆-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကော့သောင်းမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ယက်သဲဖြူ(စစ်တွေ)**

**အသက် (၉၂)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက် (၄)နေ (ဦးငနက်-ဒေါ်မြပွင့်)တို့၏ သမီး၊ (ဦးပြည်စိုးအောင်)၏ ဇနီး၊ ဦးဗျော့မောင်-ဒေါ်အဖြူမေ၊ (ဦးရွှေသီး)-ဒေါ်ငွေနုစိန်၊ (ဦးမောင်သိန်း)-ဒေါ်လှချောယဉ်၊ (ဦးနန်းလှအောင်)-ဒေါ်လှသိန်းခင်၊ (ဦးစောရွှေမောင်)-ဒေါ်သိန်းမ၊ ဦးသိန်းတင် (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ဖြူဖြူခင်၊ ဦးမောင်သန်း၊ ဦးအောင်ကျော်လှ-ဒေါ်မသိန်းကျော့၊ (ဦးမောင်ဖြူ)-ဒေါ်စိုးသဲဝေ(ခ)မငယ်သန်းတို့၏ မိခင်၊ မြေး ၂၀ ယောက်တို့၏အဘွား၊ မြစ် ၂၅ယောက်တို့၏ အဖီး၊ တီတစ်ယောက်၏ အဇူသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄- ၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးအုန်းကြူ (၈၃)နှစ်**

**(ကုန်သွယ်/လယ်ယာ)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၁၄)၊ အခန်း (၁၀၅)နေ (ဦးပန်ငါး-ဒေါ်သန်း)တို့၏သား၊ (ဦးထွန်းကြိုင်-ဒေါ်မာအို)တို့၏သားသမက်၊ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဒေါ်သီသီဦး(ငြိမ်း၊ အလက-၂၊ ပုဇွန်တောင်)၊ ဒေါ်စန်းစန်းနွယ် (မင်္ဂလာဈေးသစ်)၊ ဦးအေးမင်း (car-Audio)-ဒေါ်ခင်မျိုးလှ၊ ဒေါ်ခင်အေးကြူ (မင်္ဂလာဈေးသစ်)-ဗိုလ်ကြီးသက်မင်းထွန်း (PSM Department တပ်မတော်ဆေးတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်ဇင်ခန့် (BIY,BBA)၊ မောင်ဘုန်းမြတ်မင်း (ထ-၅၊ ဗိုလ်တထောင်)တို့၏ အဘိုးသည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည် (၈၃)နှစ်**

(ဦးအေးကြည်-ဒေါ်စု)တို့၏ သမီး၊ (ဦးဖိုးသာ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်(၄၂)နေ (ဗိုလ်မှူးကြီးမင်းလွင်)၏ ချစ်လှစွာသောဇနီး၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-ဦးအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်၊ ဦးဝေလွင်-ပါမောက္ခဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်-ကိုဥက္ကာငွေ၊ မခင်ချမ်းမြေ့၊ ဒေါက်တာအေးအေးအောင်(အိဖြူလွင်)၊ ဒေါက်တာသဥ္ဇာအောင်၊ မောင်နေဝင်းလွင်၊ မဆောင်းဝင်းလွင်၊ မလဝင်းလွင်တို့၏ ချစ်လှစွာသောအဘွား၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်၊ မောင်ဉာဏ်လင်းတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၂-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ပန်းချီကိုဇော်ဝင်း(K.M.D) အသက် (၇၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၁၇/ခ)နေ ဒေါ်သန်းသန်းဆိုင်၏ခင်ပွန်း၊ (ဦးခင်မောင်ချို)၊ (ဒေါ်တင်တင်ချို)-ဦးတိုးဝင်း၊ ဒေါ်တင်တင်ညို၊ ဦးကိုကိုနိုင်-ဒေါ်ခင်လေးမြင့်၊ ဒေါ်မိမိမော်(ခေတ္တ-ထိုင်ဝမ်)-ဦးကိုကိုနိုင်ထွဋ်(ခေတ္တ-ထိုင်ဝမ်)တို့၏အစ်ကိုကြီး၊ ဦးမင်းကျော်သူ၊ ဦးမျိုးသူ (Chief Engineer)-ဒေါ်သင်းသင်းနိုင်၊ ဒေါ်အေးအေးသူ(ကြည့်မြင်တိုင်ညဈေး)၊ ဦးဝင်းသူ (K.B.Z Bank)-ဒေါ်စိုးအိအိမောင် (K.B.Z Bank)၊ ဒေါ်မေသူဇော်ဝင်းတို့၏ဖခင်၊ မောင်ပြုံးမင်းပိုင်၊ မသင်းသူသူသင်း၊ မောင်သွင်သန့်သူ၊ မောင်ဝေယံလင်းသူတို့၏ ချစ်လှစွာသောအဘိုးသည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ည ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

**ဒေါ်ရီညွန့် (၆၈)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် (၅၈၂-ခ)နေ (ဦးမောင်စံ-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးသန်းမောင်-ဒေါ်အုန်းမေ)တို့၏သမီးချွေးမ၊ ဦးသောင်းရင် (ဦးပဏ္ဍိတ)(အငြိမ်းစားရွှေဝါထွန်းဟိုတယ်)၏ဇနီး၊ (ဦးတင်အောင်-ဒေါ်စောတင်)၊ (ဦးစစ်အောင်)-ဒေါ်မတင်ဝင်းတို့၏ညီမ၊ ဦးမြင့်ဆွေ-ဒေါ်ခင်မျိုးမြင့်၊ ဦးမျိုးသက်-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ ဦးဝင်းမြင့်ထွန်း(အထက် တန်းရှေ့နေ) - ဒေါ်သီတာဝင်း (Wyndham Grand Yangon)၊ (ဦးဌေးလှိုင်)-ဒေါ်မာလာဝင်း၊ (ဦးအောင်နိုင်ဦး)-ဒေါ်အိအိမွန်ထွေး၊ ဦးရဲဝင်း ထွန်း-ဒေါ်ဝင်းမေဦးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေး နေ့) နံနက် ၉ နာရီတွင် အထက်ပါ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၈(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများပြား


မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့အခါသမယ တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်ညောင့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ခြင်း၊ နံနက် ၅ နာရီခွဲတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၆ နာရီတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြပြီး ရေစက်ချအမျှပေးဝေခြင်းနှင့် နံနက် ၈ နာရီတွင် ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ၃၂ ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❂**

**ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ**

**ပြည်သူ့အတွက်**
**ဒုတိယ(၁)နှစ်တာ အချပ်ပို ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **နေပြည်တော်ကောင်စီ**၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**မောင်တောမြို့ ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်ဖွင့်လှစ်၊ ပျော်ရွှင်စွာ ရေပက်ကစား**

စာမျက်နှာ » ၆

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်

**နေပြည်တော် မေ ၁၇**

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်ကုန်ဆုံး၍ ၁၃၈၀ ပြည့်နှစ် နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယ ဖြစ်သည်။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် နှစ်ဟောင်းမှ ကိုယ်၏အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏အညစ်အကြေးများကို နှစ်သစ်တွင် ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ မြန်မာတို့၏ ရိုးရာဓလေ့တစ်ခုအဖြစ် မင်္ဂလာရှိရှိ အစပြုလေ့ရှိကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✳**


**ဆရာတော် သံဃာတော်များက နေပြည်တော်ကောင်စီ နယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။**



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၈၊ ၂၀၁၈ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်စေရေး စိတ်ကူးစိတ်သန်းကောင်းများဖြင့် ဆန်းသစ်တီထွင်နေသော နေပြည်တော်ကောင်စီ

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

■ ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မေမိုးသဲ

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ လုံခြုံမှု၊ ဖွံ့ဖြိုးမှု၊ သန့်ရှင်းသာယာလှပမှုများနှင့် နယ်မြေအတွင်း နေထိုင်ကြသည့်ပြည်သူများ လူနေမှုအဆင့်အတန်းများ မြင့်မားစေရေးအတွက် ယခုအစိုးရ၏ နှစ်နှစ်တာကာလအတွင်း နေပြည်တော်ကောင်စီရုံးမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တွေ့ဆုံမေးမြန်းထားပါသည်။**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်

**မေး။ ။ နေပြည်တော်ကောင်စီရဲ့ လုပ်ငန်းဆောင်ရွက်နေမှုနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရည်မှန်းချက်သုံးရပ် ချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ အဲဒီ ရည်မှန်းချက်တွေကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်တဲ့ စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးတို့ကို အခြေခံထားပြီး ဆောင်ရွက်ဖို့၊ ကျေးလက်ဒေသတွေမှာ သောက်သုံးရေဖူလုံစွာရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပညာရေးဆိုင်ရာအခွင့်အရေးတွေရရှိရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ဆောက်လုပ်သွားဖို့၊ နောက်တစ်ခုကတော့ တရားဥပဒေစိုးမိုးရေး၊ မြို့ပြနဲ့ ကျေးလက်အေးချမ်းသာယာရေး၊ တည်ဆဲဥပဒေအရ ရရှိထိုက်တဲ့ အခွင့်အရေးတွေအားလုံးကို နေပြည်တော်နေ ပြည်သူတွေအားလုံးရရှိရေးအတွက် ဆောင်ရွက်ဖို့၊ နောက်ဆုံးတစ်ခု အနေနဲ့ကတော့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို အနာဂတ်မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမူဝါဒများနဲ့အညီ ဆောင်ရွက်အကောင်အထည်ဖော်ဖို့ တို့ဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်မှုအခြေအနေနဲ့ ပတ်သက်လို့လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အစိုးရပထမတစ်နှစ်တာအတွင်း လုပ်ငန်းကဏ္ဍအသီးသီးမှာ ပြည်ထောင်စုရဲ့ ခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ၊ ဒေသအစီအစဉ် အလှူရှင်တွေရဲ့ ရန်ပုံငွေတွေနဲ့ စုပေါင်းပြီးတော့မှ လုပ်ငန်းပေါင်း ၁၄၃၁ ခုမှာ ငွေကျပ်သန်းပေါင်း ၄၁၆၀၀ ကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး အစိုးရ ဒုတိယတစ်နှစ်တာအတွင်းမှာလည်း လုပ်ငန်းပေါင်း ၁၃၉၀ ကျော်ကို ငွေကျပ်သန်းပေါင်း ၄၂၄၀၀ ကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ နေပြည်တော် ရှစ်မြို့နယ်မှာ ပညာရေးကဏ္ဍအနေနဲ့ ဘယ်လောက်အတိုင်းအတာအထိ တိုးတက်အောင်ဆောင်ရွက်ထားရှိပြီးပြီလဲ ပြောပြပေးပါရှင့်။**

ဖြေ။ ။ ပညာရေးကဏ္ဍအနေနဲ့ နေပြည်တော် ရှစ်မြို့နယ်အတွင်း အစိုးရရဲ့ ပထမတစ်နှစ်တာမှာ လုပ်ငန်း ၂၃၄ ခုကို ငွေကျပ်သန်းပေါင်း ၅၄၀၀ ကျော်နဲ့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒုတိယတစ်နှစ်တာအတွင်းမှာတော့ လုပ်ငန်း ၁၃၅ ခုကို ငွေကျပ်သန်းပေါင်း ၆၀၀၀ ကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပြည်ထောင်စုနယ်မြေအတွင်းမှာ ကျောင်းပေါင်း ၉၆ ကျောင်းကို ကျောင်းအသစ်တွေ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အချို့ကိုလည်း ကျောင်းအသစ်တွေ ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ရှစ်မြို့နယ်အတွင်းမှာ ကျောင်းပေါင်း ၉၆ ကျောင်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆရာဆရာမတွေကလည်း လိုအပ်တဲ့အတွက် ဆရာဆရာမ ဦးရေ ၄၂၀ ကျော်ကို ထပ်မံခန့်ထားနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာလည်း ဆရာ ဆရာမ ၂၆၅ ဦးကို တိုးမြှင့်ခန့်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါက အခြေခံပညာသုံးဆင့်စလုံးကို ဆောင်ရွက်ခဲ့တာပါ။

ဒါတွေတင်မကသေးပါဘူး။ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေက မလုံလောက်တဲ့အတွက် အလှူရှင်တွေကိုလည်း စည်းရုံးရပါတယ်။ အဓိကအလှူရှင်ဖြစ်တဲ့ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ပျဉ်းမနားထဲမှာ သုံးထပ်ဆောင်၊ နှစ်ထပ်ဆောင် အစရှိတဲ့ ကျောင်းဆောင် ငါးကျောင်း၊ လယ်ဝေးနဲ့ ဇေယျာသီရိမြို့နယ်တို့မှာလည်း ကျောင်းသုံးကျောင်းနဲ့ အားကစားခန်းမတွေ ဆောက်ပေးခဲ့ပါတယ်။ နောက်ထပ် ရေနံကုမ္ပဏီတစ်ခုကလည်း ပျဉ်းမနားမြို့နယ်မှာ သုံးထပ်ကျောင်းဆောင်ကျောင်းတစ်ကျောင်း ပါဝင်ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဒါကြောင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုမှာတော့ အများကြီး ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍမှာ ဘယ်လိုတွေ တိုးတက်ဆောင်ရွက်ပေးထားပြီးပြီလဲ သိပါရစေရှင့်။**

ဖြေ။ ။ ကျန်းမာရေးကဏ္ဍမှာ ယခုနှစ်အတွင်း လုပ်ငန်းသစ်တွေ ဖော်ဆောင်ခဲ့ပါတယ်။ အစိုးရတစ်နှစ်တာကာလအတွင်းမှာ ငွေကျပ်သန်းပေါင်း ၆၃၀၀ ကျော်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခု ဒုတိယနှစ်အတွင်းမှာလည်း ငွေကျပ်သန်းပေါင်း ၂၇၀၀ ကျော် ကုန်ကျခံပြီး

အထူးကဏ္ဍ [ ခ ] သို့ »»



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများ သပြေကုန်း (ကုန်စိမ်းနှင့် သားငါး) ဈေးဖွင့်ပွဲအခမ်းအနားတွင် လှည့်လည်ကြည့်ရှုစဉ်။

အထူးကဏ္ဍ [ က ] မှ »»

ဒေသတွင်းနေ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းတွေအနေနဲ့တော့ စုစုပေါင်း ၁၃၀ ကျော် ဖော်ဆောင်ပေးခဲ့ပါတယ်။ အဆောက်အအုံအသစ်တွေ ဖော်ဆောင်ပေးတယ်။ ကျောင်းကျန်းမာရေး၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအသစ်တွေ ဖော်ဆောင်တယ် စသည်ဖြင့် ပြည်သူတွေအတွက် အခြားလုပ်ငန်းတွေလည်း ပါပါတယ်။

နေပြည်တော်အတွင်းမှာရှိတဲ့ ကျေးရွာတွေအရောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အထူးကုဆရာဝန်ကြီးတွေ လိုက်ပါပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို အရင် ပထမတစ်နှစ်တာအတွင်းကလိုပဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးကုအဖွဲ့မှာ အထွေထွေအထူးကု၊ ကလေးအထူးကု၊ ငှက်ဖျားအထူးကု၊ အနာကြီးရောဂါအထူးကု၊ ခွဲစိတ်အထူးကု၊ သွားရောဂါအထူးကု ဆရာဝန်တွေ လိုက်ပါပြီး ကုသဆောင်ရွက်ပေးခဲ့ပါတယ်။ အဓိကကတော့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ပိုပြီးတော့ အဆင့်မြှင့်နိုင်ခဲ့ပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအနေနဲ့လည်း ပြီးခဲ့တဲ့ ပထမတစ်နှစ်အတွင်းမှာ ကလေးပေါင်း ၁၇၀၀၀ ကျော်နဲ့ ကိုယ်ဝန်ဆောင်မိခင် ၁၇၀၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပြီး ယခုဒုတိယတစ်နှစ်တာအတွင်းမှာလည်း ကလေးပေါင်း ၁၈၀၇၆ ဦးကျော်နဲ့ ကိုယ်ဝန်ဆောင်မိခင် ၁၈၆၇၉ ဦးကျော်ကို ကုသဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုတွေမှာ နိုင်ငံတစ်ဝန်းလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ မူဝါဒများနှင့်အညီ ဆောင်ရွက်သကဲ့သို့ နေပြည်တော်မှာလည်း အသက်(၉)လမှ (၁၅)နှစ်အထိ ကလေးသူငယ်များကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးတိုက်ကျွေးနိုင်မှုမှာ ၂၈၁၉၁၈ ဦးဖြစ်ပါတယ်။

ပထမတစ်နှစ်တာအတွင်းမှာ ဖွင့်လှစ်နိုင်ခဲ့တဲ့ ပြည်သူ့အထူးကုဆေးရုံကြီး လေးရုံဖြစ်တဲ့ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ ကလေးအထူးကုဆေးရုံကြီး၊ အရိုးအထူးကုဆေးရုံကြီးနဲ့ မျက်စိအထူးကုဆေးရုံကြီးတွေကို ဖော်ဆောင်ပေးခဲ့ပါတယ်။ အထူးသဖြင့် သွားနှင့် ခံတွင်း အထူးကုဆေးရုံကြီးဟာဆိုရင် ဆေးပေးခန်းအဆင့်မဟုတ်ဘဲ ဆေးရုံကြီးအဆင့်ထိ တည်ဆောက်ထားတဲ့အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ပထမဦးဆုံးဆေးရုံကြီးလို့လည်း ပြောလို့ရပါတယ်။ အဲဒီမှာ အတွင်းလူနာအဖြစ် လက်ခံပြီးတော့မှ ဆောင်ရွက်နေပါတယ်။ ဆေးရုံကြီး (၄)ရုံကို ပြည်သူ့ဆေးရုံကြီးတွေအဖြစ် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးကိစ္စရပ်တွေကို ဝန်ဆောင်မှုပေးနေပြီဖြစ်ပါတယ်။

နေပြည်တော်နယ်မြေ ခုတင် (၁၀၀၀) ဆေးရုံကြီးဟာ ပြည်ထောင်စုနယ်မြေ နေပြည်တော် တင်မကဘဲ ရပ်နီးရပ်ဝေးက ပြည်သူများပါ အားထားရတဲ့ ဆေးရုံကြီးတစ်ရုံအဖြစ် ရပ်တည်နေပါတယ်။ နေပြည်တော်နယ်မြေ ခုတင် (၁၀၀၀) ဆေးရုံကြီးမှာလည်း ခေတ်မီစက်ကိရိယာတွေနဲ့ ပြည်သူတွေ စိတ်ချမ်းမြေ့စွာ ဆေးကုသနိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ အခုလို ပြည်သူ့ဆေးရုံကြီးလေးရုံကို ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူတွေအတွက် ဘယ်လောက်ထိ အကျိုးရှိသွားသလဲဆိုတာ သုံးသပ်ပေးပါရှင့်။**

ဖြေ။ ။ အရင်က ဇမ္ဗူသီရိအငြိမ်းစားဆေးရုံကြီးမှာပဲ ပြည်သူတွေက လာပြကြတယ်။ ဘာရောဂါပဲဖြစ်ဖြစ် လူနာတွေက အဲဒီမှာပဲ လာပြကြရတယ်။ လူနာတွေက များလာပြီး မနိုင်တာတွေ ဖြစ်လာတယ်။ လူနာတွေကလည်း များတဲ့အတွက် အချိန်စောင့်ရတယ်။ ခုကျတော့ သားဖွားမီးယပ်အထူးကုဆေးရုံကြီး၊ ကလေးအထူးကုဆေးရုံကြီး၊ အရိုးအထူးကုဆေးရုံကြီးနဲ့ မျက်စိအထူးကုဆေးရုံကြီးဆိုပြီး သီးခြားဖွင့်လှစ်ပေးနိုင်တဲ့အတွက် ပြည်သူတွေက ဘာဖြစ်တာလဲ။ ကိုယ်ဖြစ်တဲ့ ရောဂါပေါ်မူတည်ပြီး သက်ဆိုင်တဲ့ ဆေးရုံကိုပဲ သွားပြရတယ်။

အရင်လိုစုပြီး ပြုံတိုးစရာ မလိုတော့ဘူး။ မျက်စိပြချင်ရင် မျက်စိဆေးရုံသွားလိုက်ရုံပဲ။ သားဖွားမီးယပ်ဆိုလည်း သားဖွားမီးယပ်ဆေးရုံကို သွားလိုက်ရုံပဲ စသဖြင့်ပေါ့။ အဲဒီမှာလည်း သက်ဆိုင်ရာ တတ်ကျွမ်းတဲ့ အထူးကုဆရာဝန်ကြီးတွေ ထိုင်တဲ့အတွက် ရောဂါကို ပိုပြီးထိထိရောက်ရောက် ကုသနိုင်တယ်။ ပြောရမယ်ဆိုရင် ဆေးရုံတွေမှာ လူမပုံတော့ဘူး။ ရောဂါခံစားရတဲ့ ပြည်သူတွေအနေနဲ့လည်း ကိုယ်ဖြစ်တဲ့ရောဂါပေါ်မူတည်ပြီး သက်ဆိုင်ရာဆေးရုံတွေကို သွားပြနိုင်ပြီ။ ပြီးတော့ အဲဒီဆေးရုံတွေက အခမဲ့ ကုသပေးတာပါ။ ဆေးဖိုးဝါးခရော၊ စမ်းသပ်ခရောအခမဲ့ပါ။

**မေး။ ။ လမ်း၊ တံတားဆောက်လုပ်ရေးကဏ္ဍတွေမှာရော ဘယ်အတိုင်းအတာထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သလဲဆိုတာလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ လမ်း၊ တံတားကဏ္ဍအနေနဲ့လည်း အစိုးရပထမတစ်နှစ်တာအတွင်းမှာ လုပ်ငန်းပေါင်း ၆၅၁ ခုကို ငွေကျပ်သန်းပေါင်း ၁၂၂၀၀ ကျော်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရဒုတိယ တစ်နှစ်တာကာလအတွင်းမှာ လုပ်ငန်းပေါင်း ၃၆၁ ခုကို ငွေကျပ်သန်းပေါင်း ၁၂၀၀၀ ကျော်နဲ့ ထပ်မံဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဓိကကတော့ ကျေးလက်လမ်းတွေ အများဆုံးပါဝင်ပါတယ်။ အသစ်တိုးချဲ့ပြီး တည်ထောင်ခဲ့တဲ့ သီရိ(၅)မြို့နယ်ကတော့ မြို့ပြဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးသားလို့ ယူဆလို့ရပါတယ်။ လမ်းတွေက ပြည့်စုံပါတယ်။ မီးတွေလည်း ပြည့်စုံပါတယ်။ ဒါပေမယ့် ဒီမြို့တော်ကို အခြေခံပြီး တည်ထောင်တဲ့ မြို့နယ်သုံးခုရှိပါတယ်။ အားလုံးသိတဲ့အတိုင်း ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းပါ။ အဲဒီမြို့ကြီးတွေရဲ့ ကျေးလက်ဒေသတွေကို ပိုပြီးဖွံ့ဖြိုးဖို့အတွက် ဦးစားပေးဆောင်ရွက်ပေးနေပါတယ်။

ထိုနည်းတူစွာပဲ ရန်ကုန်-မန္တလေး လမ်းဟောင်းက နေပြည်တော်ကို ဖြတ်သန်းသွားပါတယ်။ အဲဒီလမ်းဟောင်းက နေပြည်တော်ထဲမှာ ၅၇ မိုင် ငါးဖာလုံကျော်လောက် ပါဝင်တယ်။ အဲဒီမှာ မူလလမ်းဟာဆိုလို့ရှိရင် တချို့နေရာတွေမှာ ကတ္တရာလမ်းအကျယ် ၂၄ ပေ၊ တချို့နေရာ တွေမှာဆို ၂၄ ပေတောင် မပြည့်ပါဘူး။ ဒါပေမယ့် လမ်းအတိုင်းအတာအနေနဲ့ ဟိုက်ဝေးလမ်းဖြစ်တဲ့အတွက် အင်မတန်ကို အသွားအလာများပါတယ်။ အဲဒါကို နှစ်နှစ်အတွင်းမှာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပြီး လမ်းအကျယ် ၄၈ ပေအထိ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အများပြည်သူတွေ အန္တရာယ်ကင်းစွာ သွားလာနိုင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယခုလက်ရှိ ၅၅ မိုင်သုံးဖာလုံကို ဆောင်ရွက်ပြီးစီးပြီး ကျန်တာကို ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသနဲ့ မြို့ပြကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသတွေမှာ လမ်း ၁၅ လမ်း၊ (၂၈/၅ ဒသမ ၅၄)မိုင်နဲ့ တံတား ခြောက်စင်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးအောင်ရော ဘယ်လိုတွေ ထားရှိဆောင်ရွက်ထားသလဲ သိလိုပါတယ်ရှင့်။**

ဖြေ။ ။ နေပြည်တော်မှာ လူဦးရေ တစ်သန်းကျော်နေထိုင်ရာမှာ ကျေးလက်ဒေသနေပြည်သူလူထုက ၅၀ ရာခိုင်နှုန်းကျော် ဖြစ်ပါတယ်။ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းမှာ ကျေးရွာပေါင်း ၇၉၆ ရွာ ရှိပါတယ်။ အဲဒီရွာတွေမှာလည်း စိုက်ပျိုးရေး

အထူးကဏ္ဍ [ ဂ ] သို့ »»



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



နေပြည်တော်၌ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ကျင်းပစဉ်။

“ယခု ဒုတိယတစ်နှစ်တာအတွင်းမှာလည်း ကလေးပေါင်း ၁၈၀၇၆ ဦးကျော်နဲ့ ကိုယ်ဝန်ဆောင်မိခင် ၁၈၆၇၉ ဦးကျော်ကို ကုသဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုတွေမှာ နိုင်ငံတစ်ဝန်းလုံး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဆောင်ရွက်သကဲ့သို့ နေပြည်တော်မှာလည်း အသက်(၉)လမှ (၁၅) နှစ်အထိ ကလေးသူငယ်များကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးတိုက်ကျွေးနိုင်မှုမှာ ၂၈၁၉၁၈ ဦးဖြစ်ပါတယ်”



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရေကြီးနစ်မြုပ်မှု မဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းကြည့်ရှုစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်
ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်။

အထူးကဏ္ဍ [ ခ ] မှ »»

ကဏ္ဍအနေနဲ့အဓိကထား ကူညီနေပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးစိုက်ဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးရိတ်သိမ်းခဲ့ပါတယ်။ အထွက်နှုန်းအနေနဲ့ကတော့ ၈၄ တင်းထွက်ပြီး ပမာဏအနေနဲ့ကတော့ တင်းပေါင်း ၁၄၃ သိန်း ထွက်ရှိခဲ့ပါတယ်။ ဒီနှစ်ကံကောင်းစွာပဲ မိုးပြည့်စုံတဲ့အတွက် နေပြည်တော်အတွင်းမှာရှိတဲ့ ဆည်တွေမှာ ရေအပြည့်အဝရှိတဲ့အတွက် နွေစပါးအတွက်လည်း အရင်ကအပြည့်အဝ မပေးနိုင်တဲ့ ဆည်ရေတွေကို ဒီနှစ်မှာပေးနိုင်ခဲ့တဲ့အတွက် ဆည်ရေသောက်ဧရိယာတွေမှာ နွေစပါး ပိုပြီးစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ မနှစ်ကထက်ပိုပြီးတော့ ဧက ၂၅၀၀၀ ကျော် စိုက်မှာပါ။ အခုလည်း စတင်စိုက်ပျိုးနေပြီ ဖြစ်ပါတယ်။

အစိုးရစိုက်ပျိုးရေးသုတေသနဌာနအနေနဲ့လည်း မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးတွေ ဆက်ပြီးတော့မှ ပြင်ဆင်စိုက်ပျိုးနေပါတယ်။ ပြီးခဲ့တဲ့နှစ်က တင်းပေါင်းသိန်း ၁၃၀၀ ကျော် ထွက်ရှိခဲ့ပါတယ်။ နောက်နှစ်မှာ တောင်သူတွေဆီ မျိုးကောင်းမျိုးသန့်တွေ ဖြန့်ပေးမှာ ဖြစ်ပါတယ်။ အဓိကစိုက်ပျိုးရေးနဲ့ ဆက်နွယ်နေတဲ့ ဆည်မြောင်းလုပ်ငန်းပေါင်း ပထမနှစ်မှာ လုပ်ငန်း၂၀၀ ကို ငွေကျပ်သန်းပေါင်း ၈၀၀၀ ကျော်နဲ့ ဒုတိယနှစ်မှာ လုပ်ငန်းပေါင်း ၄၀၀ ကျော်ကို ငွေကျပ် သန်းပေါင်း ၁၀၀၀၀ ကျော် အကုန်အကျခံပြီး ရေရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေခဲ့ပါတယ်။ ဒီနှစ်မှာ ကမ္ဘာ့ချေးငွေနဲ့ တပ်ကုန်းမြို့နယ်မှာ ဆင်သေလက်ဝဲမြောင်းကြီး ဖော်ဆောင်နေတာ ပြီးခါနီးပါပြီ။ အရင်က ရွာတွေကို ဆည်ရေသောက်ဧက ၇၀၀၀ နီးပါး ရေပေးနိုင်ခဲ့ပြီး ဒီနှစ်မှာ ကျေးရွာသုံးရွာထပ်ပြီးတော့မှ တိုးချဲ့ပေးနိုင်တော့မှာ ဖြစ်ပါတယ်။

**မေး။ ။ မွေးမြူရေးအပိုင်းနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ။ မွေးမြူရေးကဏ္ဍအနေနဲ့ မြစိမ်းရောင် (အသားကဏ္ဍ)မှာ ဥတ္တရသီရိမြို့နယ် ကျေးရွာနှစ်ရွာမှာ ရွာတစ်ရွာမှာ တောင်သူ ၁၂၅ ဦး၊ နောက်တစ်ရွာမှာ တောင်သူ ၁၈၁ ဦးကို မျိုးကောင်းမျိုးသန့်နွားတွေ၊ နို့ပေါင်းစက် အခြေပြု နို့စားနွားတွေ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ တစ်ရွာကို ငွေကျပ် သန်း ၃၀ တန်ဖိုးနဲ့ ဆောင်ရွက်ပေးပါတယ်။ နောက်ထပ် ပျဉ်းမနားမှာလည်း နို့စားနွား ဖြန့်ဖြူးရေးကျေးရွာတစ်ရွာမှာ တောင်သူ ၂၀၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်တို့မှာ ကျေးရွာ သုံးရွာမှာရှိတဲ့ မွေးမြူသူ အိမ်ထောင်စု ၃၇၀ ကို ဝင်ငွေတိုးတက်စေရန်နဲ့ မွေးမြူရေးစဉ်ဆက်မပြတ်တိုးတက်စေဖို့ ငွေကျပ် သန်း ၉၀ ထောက်ပံ့ပေးခဲ့ပါတယ်။

**မေး။ ။ လျှပ်စစ်မီးရရှိမှု အပိုင်းအနေနဲ့ ဘယ်လိုတွေတိုးတက်အောင် ဆောင်ရွက်ထားရှိပါသလဲ။**

ဖြေ။ ။ နေပြည်တော်မတည်ခင် မြို့ဟောင်းသုံးမြို့ရဲ့ ကျေးရွာ ၈၀၀ နီးပါးမှာ လျှပ်စစ်မီးရရှိရေးက အင်မတန်ကို ခက်ခဲပါတယ်။ အခုတော့ နေပြည်တော်က အစိုးရရုံးစိုက်ရာမြို့ကြီးဖြစ်လာတာနဲ့အညီ ကျေးရွာတွေမှာလည်း ဖွံ့ဖြိုးတိုးတက်သင့်သလောက် ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အထူးသဖြင့် နေပြည်တော် ရှစ်မြို့နယ်ထဲမှာ ဇမ္ဗူသီရိမြို့နယ်ထဲက ကျေးရွာတွေဟာ မီးရရှိမှု ၁၀၀ ရာခိုင်နှုန်း ရရှိနေပါပြီ။

ဇေယျာသီရိမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာဆိုလည်း ၁၀၀ ရာခိုင်နှုန်း မီးလင်းနေပါပြီ။ ကျန်တဲ့နေရာတွေကို ယခုနှစ်အတွင်းမှာ မီးလင်းရေးအတွက် လုပ်ငန်းပေါင်း ၈၆ ခုကို ငွေကျပ် သန်းပေါင်း ၄၂၀၀ ကျော်နဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နေပြည်တော်နယ်မြေအတွင်း ကျေးရွာပေါင်း ၇၉၆ ရွာရှိရာမှာ မီးလင်းပြီးကျေးရွာ ၄၉၄ ရွာရှိပြီဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကျေးရွာ ၃၀၂ ရွာကိုလည်း မီးရရှိရေး စီမံချက်ချဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်အတွင်း လျှပ်စစ်မီးလုံလောက်စွာရရှိဖို့ နိုင်ငံတော်ဘတ်ဂျက်နဲ့ သေချာစိစစ်ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးရရှိပြီးတဲ့ နေရာတွေမှာလည်း လျှပ်စစ်အားကတော့ ဗို့အားအပြည့်အဝ ရရှိပါတယ်။ ကျေးရွာတွေကို ဆက်သွယ်ပေးဖို့ပဲ ကျန်ပါတော့တယ်။ နိုင်ငံတော်ရဲ့ မူဝါဒအရ အဓိကကျတဲ့လိုင်းတွေနဲ့ နှစ်မိုင်အတွင်းမှာ ဆက်သွယ်ပေးဖို့ရှိပါတယ်။

> ❝ ဒီနှစ်မှာ ကမ္ဘာ့ချေးငွေနဲ့ တပ်ကုန်းမြို့နယ်မှာ ဆင်သေလက်ဝဲမြောင်းကြီး ဖော်ဆောင်နေတာ ပြီးခါနီးပါပြီ။ အရင်က ရွာတွေကို ဆည်ရေသောက်ဧက ၇၀၀၀ နီးပါး ရေပေးနိုင်ခဲ့ပြီး ဒီနှစ်မှာ ကျေးရွာသုံးရွာထပ်ပြီးတော့မှ တိုးချဲ့ပေးနိုင်တော့မှာ ဖြစ်ပါတယ် ❞

**မေး။ ။ သောက်သုံးရေ ရရှိရေးကဏ္ဍမှာရော ဘယ်လိုများ ဆောင်ရွက်ထားရှိသလဲ ပြောပြပေးပါရှင့်။**

ဖြေ။ ။ ကျေးလက်ဦးစီးဌာနရဲ့ စီမံကိန်းတွေအောက်မှာပဲ ဆောင်ရွက်နေပါတယ်။ ရေတွင်းရေကန် တူးဖော်မှုလုပ်ငန်းတွေကို ပထမနှစ်မှာ ၁၆၈ ခုကို ငွေကျပ်သန်းပေါင်း ၆၉၀၀ ကျော်နဲ့ ဆောင်ရွက်ခဲ့ပြီး ဒုတိယတစ်နှစ်တာအတွင်းမှာ လုပ်ငန်း ၁၇၅ ခုကို ငွေကျပ်သန်းပေါင်း ၁၄၀၀ ကျော် အကုန်အကျခံပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်တွေမှာလည်း ရေတွင်းတွေ တူးပေးတယ်။ ရေကန်တွေ ဖော်ဆောင်ပေးတယ်။ နွေရာသီ ရေအလွန်ရှားပါးတဲ့ ဒေသတွေကိုလည်း အစီအစဉ်အမျိုးမျိုးနဲ့ သောက်ရေသုံးရေတွေရရှိအောင် စီမံဆောင်ရွက်ပေးတာတွေလည်း ရှိပါတယ်။

**မေး။ ။ တခြားပြည်သူ့အကျိုးပြုဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ဘယ်လိုတွေ ဆက်လက်ဆောင်ရွက်ထားရှိသလဲ ပြောပြပေးပါရှင့်။**

ဖြေ။ ။ ပြည်သူ့အကျိုးပြုဆိုရင် တစ်နိုင်ငံလုံးဖြန့်ကြက်ဖို့အတွက် ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖြစ်တဲ့ OSS ရုံးတွေကို မြို့နယ်တိုင်းမှာ ဖွင့်လှစ်ပေးထားပါတယ်။ နှစ်နှစ်တာအတွင်းမှာ ပြည်သူတွေ အခက်အခဲမရှိအောင် အဲဒီရုံးတွေကနေတစ်ဆင့် လာရောက်တွေ့ဆုံညှိနှိုင်းတဲ့ လုပ်ငန်းပေါင်း ၆၃၈၈၁ ခုကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ လူမှုဝန်ထမ်းဌာနတွေကနေတစ်ဆင့် ကျေးရွာတွေမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲတွေ တောက်လျှောက် ဆောင်ရွက်နေပါတယ်။

ဆောင်ရွက်ပေးနိုင်မှုအခြေအနေတွေနဲ့ကတော့ တပ်ကုန်းမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ ပရဟိတဂေဟာသင်တန်းသူ ၃၀ ကို စက်ချုပ်သင်တန်း ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။ ဒါ့အပြင် နေပြည်တော်သမဝါယမမှ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းကို အခြေခံအသင်း ၂၈၆ သင်းမှာရှိတဲ့

အထူးကဏ္ဍ [ ဃ ] သို့ »»



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် နှလုံးသွေးကြောကျဉ်းဝေဒနာရှင်များအား stent ထည့်ကုသနေမှုကို ကြည့်ရှုစဉ်။

အထူးကဏ္ဍ [ ၈ ] မှ »»

အသင်းသားတောင်သူလယ်သမား ၂၉၉၀၀ ကျော်ကို ပထမအကြိမ် ငွေကျပ် သန်း ၄၄၀၀ ကျော်၊ ဒုတိယအကြိမ်အဖြစ် အခြေခံအသင်း ၂၈၄ သင်းရှိ အသင်းသား ၂၈၀၀၀ ကျော်ကို ငွေကျပ်သန်း ၄၃၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ အတိုးနှုန်းအနေနဲ့ပြောရရင် ပြင်ပအတိုးနှုန်းနဲ့ နှိုင်းယှဉ်ရင် ငွေကျပ်သန်း ၄၅၀၀ ကျော် သက်သာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ်ဆိုင်ရာတွေ အနေနဲ့ပတ်သက်လို့ ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့မှုတွေ ဘယ်လိုတွေ ဆောင်ရွက်ပေးပါသလဲ။ ပြည်သူတွေ အသိအမြင် တိုးပွားအောင် ဘာတွေ ဆောင်ရွက်ထားရှိပါသလဲ။**

ဖြေ။ ။ တစ်ကမ္ဘာလုံး ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို မြန်မာနိုင်ငံမှာလည်း ခံစားနေရပါတယ်။ ကျွန်တော်တို့ နေပြည်တော်ရဲ့ အားသာတဲ့အချက် တစ်ချက်ကတော့ မြစ်ရေကြီးတဲ့ဒဏ်ကို မခံစားရပါဘူး။ ဒါပေမယ့် အစဉ်အဆက် တောင်ကျချောင်း သဘောမျိုး ချောင်းကနေတစ်ဆင့် ရေလျှံတာတွေတော့ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းမှာ သဘာဝဘေးအန္တရာယ် မီးဘေး၊ လေဘေးနဲ့ ရေကြီးတဲ့ဒဏ် အားလုံးပေါင်း ၅၄ ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီမှာ အိမ်ထောင်စုပေါင်း ၄၂၇ စု လူဦးရေ ၁၇၇၁ ဦးအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနဲ့ ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း သိန်းပေါင်း ၃၅၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ နောင်လည်း ရာသီဥတုပြောင်းလဲမှု ဘေးအန္တရာယ် အရိပ်လက္ခဏာတွေက တွေ့နေရတဲ့အတွက် နောင်ကိုလည်း ရေကြီးရေလျှံမဖြစ်ဖို့အတွက် မြို့ပြဘက်ကိစ္စတွေကို စည်ပင်သာယာရေး ဌာနနဲ့ သက်ဆိုင်ရာ ဆောက်လုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

နေပြည်တော်ကို ဖြတ်သန်းသွားနေတဲ့ စစ်တောင်းမြစ်၊ ပေါင်းလောင်းချောင်း၊ ငလိုက်ချောင်း၊ ဆင်သေချောင်းတို့ကို ရေကြီးရေလျှံမှုနဲ့ ကမ်းပြိုကမ်းတိုက်စားမှုများ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုရဲ့ အရေးပေါ်ရန်ပုံငွေကျပ်သန်း ပေါင်း ၁၈၀၀ ကျော်နဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါကတော့ ကျေးရွာခြောက်ရွာမှာ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီတဲ့ မြို့ပြတစ်ခုဖြစ်လာအောင် စည်ပင်သာယာရေးလုပ်ငန်းတွေအနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်ထားရှိသလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက လမ်း၊ တံတားကဏ္ဍမှာ လုပ်ငန်းပေါင်း ၁၀၀ ကို ငွေကျပ် သန်းပေါင်း ၃၂၀၀ ကျော်ဖြင့် လည်းကောင်း၊ ရေနဲ့ သန့်ရှင်းမှုလုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၉ ခုကို ငွေကျပ်သန်းပေါင်း ၇၁၇ ကျော်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့တဲ့အပြင် အခြားလုပ်ငန်းပေါင်း ၁၉ ခုကိုလည်း ငွေကျပ် သန်းပေါင်း ၆၀၄ သန်းကျော် အကုန်ကျခံကာ ဆောင်ရွက်လျက်ရှိပါတယ်။

နေပြည်တော် စည်ပင်သာယာရေးအောက်မှာ ဇမ္ဗူသီရိဆေးရုံကြီးဆိုတာ ရှိပါတယ်။ အစိုးရတစ်စိတ်တစ်ပိုင်း အုပ်ချုပ်မှုရှိတဲ့ ပုဂ္ဂလိကလုပ်ငန်းဖြစ်ပါတယ်။ ဆေးရုံကြီးမှာ ထားရှိတဲ့ပစ္စည်းကိရိယာတွေကလည်း နောက်ဆုံး အဆင့်မြင့်ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ အခကြေးငွေယူဆောင်ပြီး ပြည်သူတွေကိုလည်း ဝန်ဆောင်မှုပေးနေပါတယ်။ အစိုးရ (၂)နှစ်တာကာလအတွင်းမှာ ပြည်သူတွေ ပိုမိုအားကိုးပြီး တက်ရောက်တဲ့အတွက် မူလသတ်မှတ်ထားတာထက် ကျော်လွန်ပြီး လူများသဖြင့် လက်မခံနိုင်လောက်တဲ့ အတိုင်းအတာဖြစ်နေတယ်။ ဒါကြောင့်မို့ ဇမ္ဗူသီရိဆေးရုံမှာလည်း အဆောက်အအုံတွေ တိုးချဲ့ပြီး ဆောက်လုပ်နေရပါတယ်။ ဝန်ထမ်းတွေကိုလည်း တိုးချဲ့ပြီးတော့မှ ခန့်ထားနေရပါတယ်။ ဒါတောင်မှ မနိုင်ဝန်ဖြစ်နေပါတယ်။ တစ်ရက်ကို ပြင်ပလူနာ ၂၀၀ ကျော်လောက် ကြည့်နေရပါတယ်။ ကုသစရိတ်ကတော့ ပြင်ပဆေးရုံကြီးတွေထက် ၇၅ ရာခိုင်နှုန်းပဲ ယူပါတယ်။ နေပြည်တော်တစ်ခွင်တင် မကပါဘူး။ တခြားမြို့တွေကပါ လာရောက်ကုသနေကြတာတွေ့ရပါတယ်။

**မေး။ ။ နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အနာဂတ်စီမံကိန်းတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နေပြည်တော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့အကြီးအကဲတွေကို တင်ပြပြီးတော့မှ မူဝါဒတစ်ခုချမှတ်ထားပြီးဖြစ်ပါတယ်။ နေပြည်တော် အနာဂတ်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းပေါ့။ စီမံကိန်း လက်တွေ့အကောင်အထည်ဖော်ဖို့ ဝန်ကြီးဌာနတွေနဲ့ စုပေါင်းပြီး ဆောင်ရွက်ရမှာပါ။ မူဝါဒအနေနဲ့ (၅)ချက် ချမှတ်ထားပါတယ်။ အဓိကကျတဲ့အချက်ကတော့ နေပြည်တော်ကို မူလတည်ဆောက်နေတဲ့အတိုင်း သန့်ရှင်းသာယာပြီး ပတ်ဝန်းကျင်ထိခိုက်မှုနည်းတဲ့၊ စိမ်းလန်းစိုပြည်တဲ့ မြို့တော်ကြီးကို အစဉ်သဖြင့် ရေရှည်တည်တံ့ဖို့၊ ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုတဲ့ ရည်မှန်းချက်တစ်ခုပဲဖြစ်ပါတယ်။

နေပြည်တော်ဟာ အစိုးရရုံးစိုက်တဲ့ မြို့တော်ဖြစ်တာနဲ့အညီ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ စက်မှုလက်မှုအကြီးစားလုပ်ငန်းတွေကို လက်မခံဘဲ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေကိုပဲ လုပ်ဆောင်ဖို့၊ နိုင်ငံတကာမှာ Smart city တစ်ခုဖြစ်အောင် တည်ထောင်ဖို့ ရည်မှန်းချက်တစ်ခုအနေနဲ့ ချမှတ်ထားပါတယ်။ နောက်တစ်ခုကတော့ ဒီမှာဖွံ့ဖြိုးဖို့ဆိုရင် နိုင်ငံရဲ့ပညာရေး ဗဟိုဌာနကြီးတစ်ခုဖြစ်အောင် ဖော်ဆောင်ဖို့ မူဝါဒချမှတ်ထားပါတယ်။

နေပြည်တော်အနာဂတ်မှာ တက္ကသိုလ်တွေ၊ ပညာရေးသုတေသနဌာနတွေ ဖွံ့ဖြိုးဖို့အတွက် ရည်မှန်းချက်ထားရှိပါတယ်။ နေပြည်တော်ရဲ့ ပတ်ဝန်းကျင်မှာလည်း ဖွံ့ဖြိုးတိုးတက်အောင်၊ ပတ်ဝန်းကျင်ဒေသနဲ့လည်း လိုက်လျောညီထွေမှုရှိအောင် ဖော်ဆောင်ဖို့ပါ။ အခုလည်း အနာဂတ်မှာ နိုင်ငံတကာအဆင့်တက္ကသိုလ်ကြီးတစ်ခု နေပြည်တော်မှာ ဖွင့်လှစ်ဖို့ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ တက္ကသိုလ်များ အဖွဲ့ကြီးတစ်ဖွဲ့က လာရောက်စတင်ဆောင်ရွက်နေပါတယ်။ ပြည်သူပြည်သားတွေတင်မကပါဘူး။ အရှေ့တောင်အာရှက ကျောင်းသား ကျောင်းသူတွေပါ လာရောက်တက်နိုင်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ ။ မြို့ပြဖွံ့ဖြိုးရေး စီမံချက်တွေနဲ့ ပတ်သက်ပြီးတော့ မူဝါဒတွေ ရေးဆွဲတာမျိုးတွေရှိရင် ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ မြို့ပြဖွံ့ဖြိုးရေးစီမံချက်တွေအနေနဲ့ မူဝါဒတွေကတော့ စိမ်းလန်းစိုပြည်တဲ့ နေပြည်တော်ကို ဆက်လက်တည်တံ့စေဖို့၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိတဲ့ နေပျော်တဲ့ နေပြည်တော်ကြီး ဖြစ်စေဖို့၊ အဓိကစက်မှုလက်မှုဖွံ့ဖြိုးတဲ့နေရာမှာ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းတွေကိုပဲ အားပေးဖို့၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းတွေကို ခွင့်မပြုဖို့၊ ဒီဒေသကို သင်ကြားရေးဗဟိုဌာနကြီးသဖွယ်ဖြစ်အောင် အနာဂတ်အတွက် သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်တဲ့နေရာဖြစ်အောင် ရည်မှန်းထားပါတယ်။

နေပြည်တော်မှာ အားသာနေတဲ့အချက်က နိုင်ငံတကာအဆင့်မီတဲ့ လေဆိပ်ကြီးရှိပါတယ်။ အဲဒီလေဆိပ်ကြီး တည်ဆောက်ထားတာနဲ့မမျှအောင် အသုံးပြုမှုက မရှိသလောက်ဖြစ်နေပါတယ်။ သူ့ရဲ့ဝန်ဆောင်မှုအားနဲ့ လက်ရှိဆောင်ရွက်နေတဲ့ အချိုးကအင်မတန်မှ မမျှပါဘူး။ အဲဒါကတော့ နိုင်ငံတကာရဲ့ဝင်ထွက်မှုနည်းနေလို့ပဲ ဖြစ်ပါတယ်။ အဲဒါကို မြှင့်တင်ဖို့အတွက် တစ်ပါတည်း စဉ်းစားထားတာကတော့ နိုင်ငံတကာအဆင့်မီ ပညာရေးဗဟိုဌာနကြီးဖြစ်လာဖို့ ကြိုးပမ်းဖို့ပါ။ အဲဒီလို ကြိုးပမ်းတာနဲ့အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ၊ ဉာဏပစ္စည်း ဖွံ့ဖြိုးတဲ့ ပညာရေးစင်တာကြီးတစ်ခုဖြစ်လာရင် တစ်ပါတည်းတွဲပြီး နေပြည်တော်ရဲ့ လေဆိပ်ကြီးဟာ အာရှတိုက်ရဲ့ ကြားစခန်းတစ်ခုဖြစ်ဖို့အတွက် ချမှတ်ထားပါတယ်။



**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် သိမ်းဆည်းခံမြေများအတွက် နစ်နာမှုထောက်ပံ့ကြေး ပေးအပ်စဉ်။**

**မေး။ ။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ရွက်တဲ့အခါမှာ အစိုးရနှစ်နှစ်တာအတွင်း အောင်မြင်ကျေနပ်မှုအနေအထား ဘယ်လိုရှိပါသလဲ၊ ဘယ်လိုထင်မြင်မိပါသလဲ ဆိုတာလေးသိပါရစေ။**

ဖြေ။ ။ ရည်မှန်းချက်အတိုင်းကတော့ အပြည့်အဝ မရပါဘူး။ ဒါကတော့ သဘာဝပါပဲ။ အကန့်အသတ်တွေ အများကြီးရှိပါတယ်။ ဘဏ္ဍာရေးကဏ္ဍ၊ နေပြည်တော်ကောင်စီရဲ့ လုပ်ပိုင်ခွင့် စသည်ဖြင့် အကန့်အသတ်တွေ ရှိနေပါသေးတယ်။ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်ဆောင်ရွက်ရတာကိုတော့ အားရကျေနပ်မိပါတယ်။ အားလုံးခြုံကြည့်ရင်တော့ အားရကျေနပ်မှု နည်းသေးတယ်လို့ပဲ ပြောချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် နေပြည်တော်ကောင်စီအနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာ အစွမ်းကုန်အောင်မြင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူတွေနဲ့အတူ ကြိုးစားဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**



**ငလိုက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။**



**နေပြည်တော်အတွင်း လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိစေရန် ဒက္ခိဏသီရိမြို့နယ် မြို့ပတ်လမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်တွင် ၁၁/၀. ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံနှင့် ၄၀၀ ဗို့အားလိုင်း ကေဘယ်လ်ကြိုး သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။**



**ဥတ္တရသီရိမြို့နယ် ဇလောင်းတောင်ကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်စဉ်။**

# ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စားသုံးသူအန္တရာယ်ကင်းရန် တာဝန်ရှိသူများ ဆောင်ရွက်ပေးရန် လိုအပ်

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆန်တင်ပို့မှုသည် လွန်ခဲ့သောနှစ်ပေါင်း ၇၀ အတွင်း တင်ပို့မှုထက် ပထမဦးဆုံးအကြိမ်အဖြစ် ဆန်တန်ချိန် သုံးသန်းအထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း သစ်သီးဝလံများကို ပြည်ပမှ တင်သွင်းနေရပေသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄ သန်းအထိ တင်သွင်းနေရသည်ကို သိရသည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ကိုယ့်မြေကိုယ့်ဒေသတွင်စိုက်ပျိုးဖြစ်ထွန်းနိုင်၍ စနစ်တကျ စီမံပေးရန် အထူးပင်လိုအပ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးသူလိုအပ်ချက်အပေါ် မူတည်ပြီး အန္တရာယ်ကင်းစွာ စားသုံးနိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကအနေဖြင့် စိုက်ပျိုးမည့်မြေနေရာရွေးချယ်ခြင်းကို အောက်ပါအတိုင်း လိုက်နာရန်လိုအပ်ပေသည်။ ၎င်းတို့မှာ-

- စိုက်ပျိုးမြေနှင့် အနီးပတ်ဝန်းကျင်ရှိမြေသည် ဓာတုနှင့် ဇီဝဆိုင်ရာ အန္တရာယ်ရှိသည့် မြေနေရာ မဖြစ်စေရ။ စိုက်ကွင်းမြေပုံနှင့် မှတ်တမ်းထားရှိရမည်ဖြစ်သည်။
- စိုက်ပျိုးရာတွင် အသုံးပြုမည့်အရည်အသွေးကို ဓာတ်ခွဲစစ်ဆေးရမည်။ မွေးမြူရေးဇုန်၊ ဆေးရုံ၊ စက်ရုံများမှ ဖြတ်သန်းလာသောရေ၊ မြူနီစီပယ်စွန့်ပစ်ရေနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ရေများကို အသုံးမပြုရပါ။ (ရေဆိုး ရေညစ်များကို ပြန်လည်စီရင်၍ အသုံးပြုလျှင် WHO Guideline အရ လိုက်နာအသုံးပြုရန် လိုအပ်ပေသည်။)
- ရေမြေဒေသနှင့် ကိုက်ညီပြီး ပိုးမွှားရောဂါကင်းစင်သည့် အရည်အသွေးကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးရမည်။ စိုက်ပျိုးမည့် မျိုးစေ့၊ ပျိုးပင်နှင့် မျိုးပွားအစိတ်အပိုင်းများ ရရှိသည့်နေရာ၊ ရရှိသည့် အရေအတွက်နှင့် ရရှိသည့်နေ့စွဲတို့ကို မှတ်တမ်းတင်ထားရှိရမည်။

**မြေဩဇာနှင့် မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများ အနေဖြင့်**

- စိုက်ပျိုးသည့်သီးနှံတစ်ခုချင်းအတွက် အသုံးပြုသည့် မြေဩဇာ (သို့မဟုတ်)မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများတွင် အန္တရာယ်ဖြစ်စေသော ဓာတုနှင့် ဇီဝဆိုင်ရာပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။ သဘာဝမြေဩဇာများအား ကောင်းစွာဆွေးမြည့်အောင် ဆောင်ရွက်ပြီးမှ အသုံးပြုရမည်။ မြေဩဇာ(သို့မဟုတ်)မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများ ရောနှောခြင်းနှင့်သိုလှောင်ခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆွေးမြည့်စေရန် ဆောင်ရွက်ခြင်းတို့ကို မြေနှင့် ရေအရင်းအမြစ် သန့်ရှင်းမှုထိခိုက်စေသောနေရာများတွင် မပြုလုပ်ရပါ။ မြေဩဇာ(သို့မဟုတ်)မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် တရားဝင် မှတ်ပုံတင်ထားသောပစ္စည်းများ ဖြစ်ရမည့်အပြင် မှတ်တမ်းများထားရှိရမည် ဖြစ်သည်။
- စိုက်ပျိုးရေးသုံးဓာတုဆေးများနှင့် ဓာတုဆေးများအသုံးပြုမှု အနည်းဆုံးဖြစ်စေရန် ဘက်စုံ ပိုးမွှားကာကွယ်ရေးနည်းစနစ်များကို အသုံးပြုရမည်ဖြစ်သည်။ ပိုးသတ်ဆေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းနှင့် လူသားတို့၏ ကျန်းမာရေးထိခိုက်မှုများ မဖြစ်စေရေး အထူးဂရုပြုရမည် ဖြစ်သည်။ ဓာတုဆေးများကို အသုံးပြုရန်လိုအပ်ပါက တရားဝင် အသိအမှတ်ပြု မှတ်ပုံတင်ထားသည့် ဓာတုဆေးများကိုသာ အသုံးပြုရပါမည်။ ဆေးဖျန်းပြီးနောက် မရိတ်သိမ်းမီ စောင့်ဆိုင်းရမည့် ကာလအပိုင်းအခြားကို အတိအကျ လိုက်နာရမည်ဖြစ်ပြီး ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများကို သိရှိနားလည်ထားရမည် ဖြစ်သည်။ ဓာတုဆေးများ ဝယ်ယူ၊ သိုလှောင်၊ သုံးစွဲမှု၊ အသုံးချမှုနှင့် စွန့်ပစ်မှုတို့ကို စနစ်တကျဆောင်ရွက်၍ မှတ်တမ်းတင်ထားရှိရမည်ဖြစ်သည်။ လောင်စာဆီ၊ ချောဆီနှင့် အခြားသောစိုက်ပျိုးရေးသုံး မဟုတ်သည့် ဓာတုဆေးများကို သီးနှံများ ညစ်ညမ်းမှုအန္တရာယ် အနည်းဆုံးဖြစ်စေရန် ကိုင်တွယ်အသုံးပြုခြင်း၊ သိုလှောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

**အပင်ပြုစုစောင့်ရှောက်ခြင်းအနေဖြင့်**

- သီးနှံအလိုက် နည်းလမ်းမှန်ကန်စွာ ပြုစုစောင့်ရှောက် ဆောင်ရွက်ရမည်။

**စိုက်ပျိုးရေးနှင့် အခြားဆက်စပ်ပစ္စည်းကိရိယာများ အနေဖြင့်**

- ထွက်ကုန်သီးနှံအတွက် အသုံးပြုသော ပစ္စည်းကိရိယာများ၊ သိုလှောင်ပစ္စည်းများနှင့် အခြားပစ္စည်းများသည် သန့်ရှင်းပြီး ထွက်ကုန်သီးနှံများကို ညစ်ညမ်းမှု မရှိစေရေး စွန့်ပစ်ပစ္စည်းများ၊ ဓာတုဆေးများနှင့် အခြား အန္တရာယ်ဖြစ်စေသည့်အရာများ အသုံးပြုသည့်ပစ္စည်းများကို တိတိကျကျ သတ်မှတ်ထားရမည်ဖြစ်သည်။ ၎င်းပစ္စည်းများဖြင့် ထွက်ကုန်သီးနှံများထည့်ခြင်း၊ သိုလှောင်ခြင်း မပြုလုပ်ရန် အရေးကြီးသည်။



**ရိတ်သိမ်းခြင်းနှင့် ထွက်ကုန်ပြုပြင်ခြင်း အနေဖြင့်**

- သီးနှံများကို မှန်ကန်သော ရင့်မှည့်မှုရှိသည့်အချိန်တွင် သင့်တော်သည့်နည်းစနစ်ဖြင့် ခူးဆွတ်ရိတ်သိမ်းရမည်ဖြစ်ပြီး ရိတ်သိမ်းပြီး ထွက်ကုန်သီးနှံများကို မြေကြီး(သို့မဟုတ်)ကိုင်တွယ်ထုပ်ပိုးသည့် ကြမ်းပြင်(သို့မဟုတ်)သိုလှောင်သည့်နေရာကြမ်းခင်းနှင့် တိုက်ရိုက်ထိတွေ့ခြင်းမရှိအောင် သန့်ရှင်းသောအခင်း၊ ပစ္စည်းပေါ်တွင် ထားရှိရမည်ဖြစ်သည်။ ဆေးကြောသန့်စင်ရန်လိုအပ်သော သီးနှံနှင့် အစိတ်အပိုင်းများအတွက် အသုံးပြုသောရေသည် သန့်ရှင်းစင်ကြယ်ရပါမည်။ သီးနှံအလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အဆင့်အတန်းခွဲခြား၍ စနစ်တကျ ထုပ်ပိုးရမည်ဖြစ်သည်။

**သိုလှောင်ခြင်းနှင့်သယ်ယူပို့ဆောင်ခြင်းအနေဖြင့်**

- ထွက်ကုန်များကို ဓာတု၊ ဇီဝနှင့်ရုပ်ဝတ္ထုဆိုင်ရာ ညစ်ညမ်းမှု အန္တရာယ်ဖြစ်စေနိုင်သော ကုန်ပစ္စည်းများနှင့် သီးခြားခွဲ၍ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်းပြုလုပ်ရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်မည့် ယာဉ်များကို အသုံးမပြုမီ သန့်ရှင်းမှု၊ ဓာတုဆေးဖိတ်စဉ်မှု၊ အခြားပစ္စည်းများနှင့် ပိုးမွှားကျရောက်မှု ရှိ၊ မရှိ စစ်ဆေးရမည်ဖြစ်သည်။
- ထွက်ကုန်များအား ထုပ်ပိုးခြင်း၊ ကိုင်တွယ်ပြုပြင်ခြင်းနှင့် သိုလှောင်ထားရှိခြင်းတို့တွင် ဘေးဥပဒ်အန္တရာယ်ကျရောက်မှု နည်းပါးစေရန် သီးသန့်အဆောက်အအုံများ တည်ဆောက်ခြင်း(သို့မဟုတ်)သီးသန့်ဆောင်ရွက်မည့်နေရာများကို သတ်မှတ်ရမည်ဖြစ်သည်။ ပြုပြင်ထိန်းသိမ်းပေးရမည်။ လောင်စာဆီ၊ ပိုးသတ်ဆေးနှင့် မြေဩဇာများ၊ လယ်ယာသုံးစက်ကိရိယာများအပါအဝင် အခြားပစ္စည်းများနှင့် ထွက်ကုန်များကို ရောနှောသိုလှောင်ခြင်း မပြုရပါ။

**တိရစ္ဆာန်နှင့် ဖျက်ပိုးများ ထိန်းချုပ်ခြင်း အနေဖြင့်**

- အိမ်မွေးနှင့်လယ်ယာလုပ်ငန်းသုံး တိရစ္ဆာန်များကို ရိတ်သိမ်း၊ ထုပ်ပိုး၊ သိုလှောင်သည့်နေရာများတွင် မရှိစေရပါ။

**အထောက်အထားနှင့် မှတ်တမ်းများအနေဖြင့်**

- ထုတ်လုပ်သူသည် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်သည့်မှတ်တမ်းများကို အနည်းဆုံး နှစ်နှစ် သိမ်းဆည်းထားရမည်။ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအတွက် သတ်မှတ်ထားသည့် မှတ်တမ်းပုံစံတွင် မှတ်တမ်းရေးသွင်းထားရမည်ဖြစ်သည်။
- သီးနှံစိုက်ပျိုးထုတ်လုပ်သည့်နေရာအား နောက်ကြောင်းပြန် စစ်ဆေးနိုင်ရန်အတွက် ထုပ်ပိုးပစ္စည်းများအပေါ်တွင် သိသာထင်ရှားသည့် အမှတ်အသားနှင့် မှတ်ပုံတင်အမှတ်အသား ပြုလုပ်ထားရှိရမည်ဖြစ်သည်။သီးနှံထွက်ကုန် တစ်ခုချင်းစီအတွက် တင်ပို့သည့်နေရာနှင့် ပေးပို့သည့်ရက်စွဲတို့ကို မှတ်တမ်းထားရှိရမည်ဖြစ်သည်။

**ဆောင်ရွက်ကျင့်သုံးမှုများကို ပြန်လည်သုံးသပ်ခြင်းအနေဖြင့်**

- ထုတ်လုပ်သူများအနေဖြင့် ကျင့်သုံးနေသည့် နည်းလမ်းများအား မှန်မှန်ကန်ကန်ဆောင်ရွက်ကြောင်း သေချာစစ်ရန် လုပ်ငန်းအားလုံးကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် ပြန်လည်စစ်ဆေးရမည်။ တိုင်ကြားချက်များရှိပါက မိမိကိုယ်တိုင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းဆောင်ရွက်မှုများအတွက် မှတ်တမ်းများထိန်းသိမ်းထားရှိရမည် ဖြစ်သည်။
- ထုတ်လုပ်သူနှင့် လုပ်သားများသည် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှုနည်းပညာများရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းသင်တန်းများ တက်ရောက်ထားရမည်ဖြစ်သည်။

**ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် လုပ်သားများဘဝ သာယာဝပြောရေး အတွက်**

- လုပ်ငန်းခွင်ရှိ သိသာထင်ရှားသော နေရာများတွင် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို ရေးသားပြသထားမည်(သို့မဟုတ်)လုပ်သားများ သိရှိစေရန် ဖြန့်ဝေပေးထားရမည်ဖြစ်သည်။ မိလ္လာရေနှင့် စွန့်ပစ် အညစ်အကြေးရေများကို အန္တရာယ်မရှိအောင် ဂရုတစိုက်စွန့်ပစ်ရမည်ဖြစ်ပြီး လုပ်သားများ ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေး အလေးထားဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယခုအခါတွင် သစ်သီးဝလံများကို ကြာရှည်ခံရန်နှင့် အရောင်အဆင်းလှပစေရန် တာရှည်ခံဆေးဝါးများအသုံးပြု၍ ဈေးကွက်တွင် ရောင်းချလျက်ရှိနေသည်ကို တွေ့နေရသည်။

သို့ပါ၍ အန္တရာယ်ကင်းသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ပြည်သူများစိတ်ချစွာ စားသုံးနိုင်ရန်အတွက် တာဝန်ရှိပညာရှင်များအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ရေးသားလိုက်ပါသည်။

**သန်းဦး(လေးမျက်နှာ)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန်လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လည်ပင်းကြီးရောဂါ ခံစားခဲ့စဉ်က

ခင်စန်းဝေ

လူတော်တော်များများက အိုင်အိုဒင်းဓာတ်ဆား လိုအပ်လျှင် လည်ပင်းကြီးရောဂါဖြစ်သည်ဟု သိရှိကြပါသည်။ ထိုအထဲတွင် ကျွန်မလည်း တစ်ယောက် အပါအဝင်ပါ။ ကျွန်မတို့မိသားစုသည် အိုင်အိုဒင်းဓာတ် ပေါကြွယ်ဝသော ပင်လယ်စာထွက်ရှိသည့် အစားအစာများကို အပြည့်အဝ စားသုံးခဲ့ရသည့် မွေးရပ်မြေဒေသမှ ရန်ကုန်မြို့သို့ အပြီးအပိုင်ပြောင်းရွှေ့နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ရှိပါပြီ။

မွေးရပ်မြေမှ ပြောင်းရွှေ့လာသည့်အခါ နေအိမ်တွင် ချက်ပြုတ်စားသောက်ရာ၌ စျေးကွက်အတွင်း တံဆိပ်အမျိုးမျိုးဖြင့် ထွက်ရှိနေသော အိုင်အိုဒင်းဓာတ်ဆားထုပ်များကို ဝယ်ယူချက်ပြုတ်စားသောက်ခဲ့ကြပါသည်။ ထိုသို့ ဝယ်ယူစားသောက်ခဲ့ရာတွင် အိုင်အိုဒင်းဓာတ်ပိုလွန်၍ ကျွန်မတွင် လည်ပင်းကြီးရောဂါ(Hyper Thyroid)ကို လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို စာဖတ်သူများသိရှိပြီး ကျန်းမာရေးအသိ ရရှိစေရန် ဤဆောင်းပါးဖြင့် ရေးသားတင်ပြအပ်ပါသည်။

ကျွန်မသည် မွေးရပ်မြေ စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ၁၉၉၉ ခုနှစ်တွင် အပြီးပြောင်းရွှေ့ခဲ့ပါသည်။ မိဘနှစ်ပါးနှင့် မိသားစုဝင်အချို့မှာ ၁၉၉၅ ခုနှစ်ကတည်းက ပြောင်းရွှေ့ခဲ့ပြီး ကျွန်မသည် ဝန်ထမ်းတစ်ဦးဖြစ်နေ၍ နောက်မှသာ ပြောင်းဖြစ်ခြင်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သမဝါယမဦးစီးဌာနမှ ရန်ကုန်မြို့သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေး။ ကျွန်မတွင် အိုင်အိုဒင်းဓာတ်ဆားပိုလွန်၍ လည်ပင်းကြီးရောဂါ Hyper Thyroid ရောဂါကို ကျွန်မမွေးမြူထားသည်ကို အလျဉ်းမသိရှိခဲ့ပါ။ နေအိမ်မှာ ချက်ပြုတ်စားသောက်ရာတွင် အသုံးပြုနေသော အိုင်အိုဒင်းဓာတ်ဆားများကြောင့် ကျွန်မရောဂါသည် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာနေပါသည်။

လတပေါင်းနွေသည် ကျွန်မနေသည့် မြောက်ဥက္ကလာပအရပ်တွင် ပို၍ ပူပြင်းသလိုခံစားမိပါသည်။ နေအိမ်တွင် Aircon မရှိ၊ ပန်ကာသာရှိသဖြင့် ရုံးပိတ်ရက်များတွင် နေ့လယ်ဘက် ကျန်မိသားစုဝင်များက ပန်ကာဖွင့်ထားလျှင် အေးမြနေကြသော်လည်း ကျွန်မမှာ လည်ပင်းနှင့် ကျောတစ်ပြင်လုံးတွင် ချွေးတွေကထွက်၊ ချွေးသုတ်ပဝါတွေနဲ့ သုတ်လိုက်၊ ပန်ကာအနီးထိုင်လိုက် လုပ်နေရတာပါ။ ဒါဟာ ရောဂါရဲ့လက္ခဏာအစဆိုတာလည်းမသိခဲ့ရိုး အမှန်ပါ။

ရန်ကုန်ရောက်ခါစ လုပ်ငန်းခွင်သို့ လိုင်းကားစီးပြီး ရုံးတက်ပါသည်။ ထိုခေတ်က ယခုခေတ်လို Aircon Bus များလည်းမရှိ၊ စစ်ကျန်ဗိုက်ပူဘတ်စ်ကားကြီးထဲ လူတွေက ရုံးချိန်မှာ ငါးပိသိပ်၊ ငါးချဉ်သိပ် တိုးဝှေ့ကာ တက်ကြ၊ ခါးပိုက်နှိုက်ရန်ကိုလည်း ကြောက်ရသောခေတ်ပါ။ ဝန်ထမ်းအချို့က ရုံးဖယ်ရီစီးပါလားလို့ပြောကြတော့ နေအိမ်နဲ့ တစ်မှတ်တိုင်ဝေးသော မြောက်ဥက္ကလာပအဝိုင်းနားသို့ သူငယ်ချင်းအစ်မတစ်ဦးနဲ့ အဖော်ရကာ စောင့်စီးကြပါသည်။ ဖယ်ရီစီးခါမှ သူထက်ကဲရွှေပြည်စိုးဖြစ်ပြန်ပါသည်။ ဖယ်ရီလွတ်သွားသည့်အခါ လိုင်းကားပြောင်းစီးဖို့မလွယ်သလို ဖယ်ရီကားပျက်နေလို့ ကိုယ့်အနားရောက်မလာလျှင် ခုခေတ်လို ဖုန်းခေတ်မဟုတ်တော့ ဘယ်သူမှမသိကြ၊ စောင့်နေရင်း အချိန်လင့်မှ လိုင်းကားပြောင်းစီးတော့ ရုံးကို နောက်ကျပြီးမှရောက်၊ ဘယ်လိုမှ အဆင်မပြေ၊ ဒါနဲ့ ကိုယ့်ဌာနခွဲမှ အစ်မတချို့က မင်္ဂလာဒုံက ရထားစီးပြီးရုံးတက်ကြကာ ကိုယ့်ပါရထားစီးဖို့ခေါ်ရင်း ရထားစီးပြီး ရုံးတက်ဖြစ်သွားပါသည်။

ကျွန်မနေသည့် နီလာလမ်းသည် ပုရွက်ဆိတ်ကုန်းဘူတာနှင့်နီးရာ တစ်ခါတစ်ရံ ပုရွက်ဆိတ်ကုန်းဘူတာမှ ရန်ကုန်ဘူတာသို့ ခေါင်းပြန်လှည့်ကာ ပြန်ထွက်မည့် ရထားများနှင့်ဆုံတတ်ပါသည်။ ရထားခေါင်းပြန်မလှည့်မီ လူတွေက ခုံနေရာရရန် အလုအယက် တိုးတက်ကြပါသည်။ ရောမရောက် ရောမလိုကျင့်ရမည်ဆိုသည့် စကားအတိုင်း ကျွန်မလည်း ရှက်ရွံ့မနေအား အများသူငါလို ခုံနေရာရရန်ကြိုးစားရပြန်ပါသည်။ ဟိုးခေတ်ကရထားများက ယခုခေတ်ရထားများလိုမဟုတ်။ ဖုန်းခေတ်လည်းမဟုတ်တော့ လူတွေက အထူးသဖြင့် စျေးသည်တွေ၊ သူတောင်းစားတွေက ကျွက်စည်ညံနေသလို၊ စတော့စျေးမှာ တာဝန်ထမ်းဆောင်ကြသည့် ကလေးမလေးတွေက သူတို့အချင်းချင်း နေရာတွေကို ဘူတာစဉ်အလိုက်ဦးပေးကြ၊ ယောကျ်ားလေး၊ မိန်းကလေးတွေက စျေးသည်လေးတွေဆိုတော့ အပြော အဆို အပြုအမူတွေက ဝန်ထမ်းတွေနဲ့ အကွာကြီးကွာပါသည်။ ပြီးတော့ သူတောင်းစားတွေတောင်းစားပုံက ကလေးတွေကို လက်တို့ပြီး တောင်းခိုင်းရုံသာမက သီချင်းသံတွေ အာပြဲကြီးနဲ့အော်ဆိုကြ၊ မျက်မမြင်တွေက သနားစဖွယ်အတီး၊ အဆိုနဲ့ တောင်းနေချိန် ပိုက်ဆံမပေးမချင်း အနားကမခွာ၊ အသံအာပြဲစွာ အော်ဟစ်ကာ တောင်းစားတဲ့ လူတွေ၊ လူတချို့ကျတော့လည်း ငေးစရာမရှိ မိန်းကလေးတွေကို လျှောက်ကာကြည့်နေတာက အကြည့်ရိုင်းများနှင့် ကားကျပ်လို့ ရထားစီးပြန်တော့ ရထားမှာလည်း သူ့ဒုက္ခနှင့်သူပါပဲ။ အခုခေတ်ရထားမှာတော့ ဘယ်သူ့မှ တစ်ဦးကို တစ်ဦးမကြည့်ကြတော့။ လက်ထဲမှာပါလာသော ဖုန်းကိုယ်စီကိုဖွင့်လျက် စျေးသည်ကအစ ပန်းရန်သမားအဆုံး ကိုယ့်ဖုန်းကိုယ်ဖွင့်ကာ ကိုင်နေကြတာမို့ပါ။

ဒီလိုနဲ့ အများသူငါ ဘူတာကြီးရောက်သည်နှင့် အလုအယက်တိုးဝှေ့ကာ မိမိသွားလိုရာ ဦးတည်သွားကြ၊ ကိုယ်လည်း တစ်ယောက်အပါအဝင်ပါ။ အိမ်က နံနက် ၈ နာရီမထိုးခင်ထွက်၊ ညရုံးဆင်း၊ ရထားစီးပြန်၊ ဘူတာစဉ်(၁၂) မှတ်တိုင်လောက်၊ ရထားကြာချိန် တစ်နာရီခွဲလောက်၊ အိမ်ရောက်တော့ ညနေ ၅ နာရီခွဲ ၆ နာရီ၊ ညစာစားပြီး မိသားစုနဲ့ တီဗွီထိုင်ကြည့်၊ ခုခေတ်လို




ကိုရီးယားကားတွေ မလာသေး၊ တီဗွီလိုင်းတွေကလည်း မများသေး၊ မိသားစုဝင်များက တရုတ်ကား ပေါင်ချိန်ကို စောင့်ကြည့်ရာ ထိုခေတ်က ည ၈ နာရီ ပြည်တွင်းသတင်းက ရှည်လျားထွေပြား၊ အချိန်ကြာမြင့်စွာ၊ သတင်းပြီးမှ ပေါင်ချိန်ကြည့်၊ ဇာတ်လမ်းပြီးတာနဲ့ မိသားစုဝင်များက အိပ်ရာထဲတန်းဝင်၊ သူတို့ရဲ့ ညောင်းနေတဲ့ မျက်စိတွေက ချက်ချင်း အိပ်ပျော်သွား၊ သူတို့တွေက အိမ်ပျော်ချိန် မိခင်ရဲ့ ဟောက်သံက စည်းချက်မှန်စွာ ထွက်ပေါ်လာ၊ အိပ်မပျော်တဲ့ ကျွန်မစိတ်ကို ဘယ်လောက်ပဲလျှော့လျှော့ စိတ်က တိုသထက်တိုလာပါသည်။

ည အိပ်ရေးတွေပျက်၊ မနက်မိုးလင်းတော့ ခေါင်းက နောက်တောက်တောက်၊ အလုပ်သွားဖို့ ပြင်ဆင်၊ အလုပ်သွား၊ ဒါနဲ့ လူက ညမအိပ်နိုင်တော့ ကိုယ်ရေစစ်သလို နဲနဲပိန်လာတော့ အိမ်နားက ဆေးခန်းသွားပြပါသည်။ ဆရာဝန်မေးတာကို ညည အိပ်မပျော်ကြောင်း၊ ချွေးတွေကလည်းထွက်ကြောင်း ပြောပြီး ဆရာဝန်က နွေရာသီမှာ ပူလို့ အိပ်မပျော်တာထင်ပြီး အားဆေးလေးထိုး၊ သောက်ဆေးပေး၊ ဒါနဲ့ အိမ်ပြန်လာ၊ အိပ်မပျော်တာက ဒုံရင်း ဒုံရင်းပါပဲ။

ချွေးတွေ တအားထွက်နေတာ၊ အိပ်မပျော်တာ၊ ရောဂါလက္ခဏာဖြစ်နေတာတွေ ကျွန်မမပြောနဲ့ ဆေးခန်းက ဆရာဝန်တောင် မသိလိုက်ဘူးလေ။ ဘာလို့လဲဆို ကျွန်မရဲ့လည်းပင်းက အများသူငါလို မြင်သာအောင် ကြီးနေတာလည်းမဟုတ်။

ဟေ. . . နောက် ဒုက္ခစပါပြီ။ ရုံးသွားဖို့ ဖီးလိမ်းမယ်လုပ်၊ သနပ်ခါး မလိမ်းခင် အောက်ခံမိတ်ကပ်ကို စလူးတာနဲ့ ဘယ်လိုမှလူးမရ၊ ချွေးတွေက အဆမတန်ထွက်လာ၊ ဒါနဲ့ မိတ်ကပ်ကို ပြန်ဖျက်၊ သနပ်ခါးရေကျဲလေး လိမ်းပြန်၊ သနပ်ခါးလူးနေစဉ်မှာပင် ချွေးတွေက မျက်နှာသစ်လိုက်တဲ့ရေလို ဖြစ်သွား၊ ဘယ်လိုမှ လိမ်းမရ၊ တော်သေးတာက ကိုယ့်အသားရေက ညိုတဲ့အထဲမပါတော့ မျက်နှာကိုလည်း ဒီအတိုင်း ပြောင်နဲ့ပဲ ရုံးတက်ရပါသည်။

ညည အိပ်မပျော်တော့ အိမ်မြှောင်က စုတ်ထိုးသံကို ကျယ်လောင်စွာကြားရသလို ပြတင်းတံခါးက လေအဝှေ့ သူ့အလိုလို ပိတ်သံ ဂျိမ်းခနဲမြည်သံက နှလုံးပေါက်ကွဲမတတ်။ နှလုံးက တဒိန်းဒိန်းနဲ့ အခုန်မြန်နေပါသည်။

ဒီလိုနဲ့ မုန့်လုံး စက္ကူကပ်သလို၊ ကျွန်မကလည်း ဝေဒနာကို မွေးမြူထားမှန်း မသိချိန်မှာ မိသားစုထဲက တတိယ ညီမ ဆရာဝန်မက သူ့အလုပ်ကိစ္စနဲ့ ရန်ကုန်ဆင်းလာ၊ ကျွန်မကို မြင်တော့ "မကြီးက ပိန်နေသလိုပဲ"ဟုပြောရာ ကျွန်မက "အေးဟယ် နင်တို့ မြောက်ဥက္ကလာက ပူတာကော၊ ညည အိပ်မပျော်လို့လေ"ဟု ကိုယ်ကလည်း ပေါ့ပေါ့ဖြေ။ ကျွန်မညီမကလည်း သူ့အလုပ်ကိစ္စတွေနဲ့ ကျွန်မကို မကြည့်အား၊ အလုပ်ကိစ္စပြီးတော့ ညီမလေးက သူတာဝန်ထမ်းဆောင်တဲ့ ပြည်မြို့နယ် ပြည်သူ့ဆေးရုံကို ပြန်သွားပါသည်။

နောက်တစ်ပတ်လောက်နေတော့ ညီမက အလုပ်ကိစ္စနဲ့ ရန်ကုန်ရောက်လာပါသည်။ ဒီတစ်ခါမှာတော့ ကျွန်မရဲ့ သိသိသာသာပိန်နေသော ခန္ဓာကိုယ်ကို ကြည့်ပြီး "မကြီး တော်တော်ပိန်နေပါလား၊ ဧကန္တ Thyroid များဖြစ်နေသလားပဲ၊ မကြီးရဲ့ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြပါဦး"ဟု ပြောရာ ကျွန်မက လက်ချောင်းနှစ်ဖက်စလုံး ဆန့်ကာထုတ်ပြ၊ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင် ကျွန်မရဲ့ ဘယ်ညာ လက်နှစ်ဖက်စလုံး အရက်သမားတွေ တုန်ရီနေသလို တဆတ်ဆတ် တုန်ပါတယ်။ ဒီမြင်ကွင်းကိုမြင်ပြီး ကျွန်မညီမက ပြောလိုက်ပုံက "ဟုတ်ပါပြီ မကြီးရေ၊ Thyroid ဖြစ်နေပြီတော့၊ ငါဒီနေ့ အလုပ်ကိစ္စရှိသေးလို့ လိုက်မပြ နိုင်သေးဘူး မကြီး မနက်ဖြန်ရုံးမတက်နဲ့ ငါဆေးရုံကြီး လိုက်ပြပေးမယ်"ဟု သူက ပြောလည်းပြော ကျွန်မကလည်း "ငါလည်း မောမောနေလို့ ခွင့်နှစ်ရက်ယူထားတယ်"ဟု ပြန်ဖြေပြီး မနက်ဖြန်မနက် ဆေးရုံကြီးပြရင် ကိုယ်ဖြစ်နေတာ လည်ပင်းကြီးရောဂါ တကယ်လား၊ ဘာဖြစ်လို့ ချွေးတွေ တအားထွက်၊ နှလုံးတွေက အခုန်မြန်၊ လက်တွေက တုန်နေတာပါလိမ့်လို့ အတွေးဝက်ပါထဲ တစ်ယောက်တည်းတွေးနေစဉ် ညီမလေးကတော့ သူ့အလုပ်ကိစ္စနဲ့ အပြင်ထွက်သွားပါပြီ။

အိမ်ရှိ မိသားစုဝင်တွေကလည်း နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်ကြတော့ ကျွန်မ အမေက "သမီးကြီး ညညမအိပ်နိုင်ရင် ခုလို နေ့ခင်း အိပ်ပါလား၊ ပူတယ်ဆိုတာက အိပ်ပေါ်ထပ်ကသာ ပူတာ၊ ဒီအောက်ထပ် သမံတလင်းက အေး၊ သဘာဝလေကဝင်၊ ပန်ကာတောင် မလိုဘူး"ဟု ပြောလည်းပြော ကျွန်မကို အိပ်ခိုင်းတဲ့ အမေက အိပ်ပျော်သွားပါပြီ၊ ကျွန်မက မအိပ်သေး။

နောက်ရက် ညအိပ်မပျော်တဲ့ ကျွန်မ မနက်စောစောထ၊ ညဘက်မှာ ချွေးထွက်တာများတော့ အင်္ကျီက သုံးခါလောက်လဲလှယ်ရတယ်၊ မနက် အဲဒီ အင်္ကျီတွေကိုယူ၊ သူများအိပ်ရာမထခင် ရေချိုးခန်းထဲ ရေချိုး၊ လျှော်ဖွပ်လုပ်ပြီး ဘုရားကန်တော့နေချိန် ကျန်အိမ်သားတွေနိုးလာ၊ မနက်စာ ကော်ဖီနဲ့ မုန့်စားပြီး ကျွန်မတို့ သားအမိသုံးဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနသို့ ထွက်လာခဲ့ကြပါသည်။

မစည်ကားသင့်သော အရပ်တွင် လူအများက ကြိတ်ကြိတ်တိုး စည်ကားနေပါသည်။ ဌာနရဲ့ လူနာများထိုင်နေသည့်ခုံပေါ်မှာ လူတစ်ယောက်စာမျှ ထိုင်ခွင့်မရအောင် လူနာနှင့် အဖော်တွေက ထိုင်နေကြသလို၊ မတ်တပ်ရပ် လူတွေကလည်း အစုလိုက်၊ တိုကင်နံပါတ်ခေါ်နေသည့် သံဆန်ခါကွက်ကျား ပိတ်ထား သည့် ရှေ့အပေါက်ဝနား လူတွေက စုပြုံတိုးလျက်၊ ဒီလို လူအုပ်ကြီးထဲ ကျွန်မ ညီမက အရင်လည်း သူ့ဆေးရုံကြီးမှာ တာဝန်ကျခဲ့ဖူးတော့ အထဲကို ပြောဆို ဝင်သွားချိန် ကျွန်မနဲ့ မိခင်က အပြင်ဘက်မှ မတ်တပ်ရပ်စောင့်ဆိုင်းနေ၊ နာရီဝက်လောက်ကြာတော့ ကျွန်မ ညီမက အပြင်ကိုထွက်လာပြီး "မကြီးရေ ငါတို့တော့ အိမ်ပြန်ရအောင်၊ ဒီနေ့ ဆေးရည်ကုန်နေလို့တဲ့၊ နောက်ရက်တွေမှ ပြလို့ရမှာတဲ့"ဟု ပြောသည်။

ဆေးရည်ဆိုတာက ကျွန်မခန္ဓာကိုယ်ထဲ လည်ပင်းကြီးရောဂါရှိ၊ မရှိ စစ်ဆေးမယ့် ဆေးရည်ပါ။ သူက နိုင်ငံခြားကဒေါ်လာနဲ့ အစိုးရက မှာယူတင်သွင်းရပြီး ဆေးရည်ကိုလည်း တာရှည်စွာ ရေခဲသေတ္တာထဲ သိမ်းဆည်း မထားနိုင်လို့ လူနာများအနေနဲ့ စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းပြသကြဖို့ ဆေးရုံနဲ့ နံရံကပ်ကြော်ငြာစာတမ်းလေး ကပ်ထားတာ၊ ဒီရောဂါဟာ ဘာကြောင့် ဖြစ်ရတာ စတာတွေ နံရံကပ်ကြော်ငြာစာတမ်းလေးတွေ လိုက်ဖတ်ကြည့်နေတဲ့ ကျွန်မက မြင်မိခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ကျွန်မ ညီမလေးက သူ့ကိစ္စပြီးလို့ သူတာဝန်ကျရာ ပြည်မြို့သို့ ပြန်ရမှာဆိုတော့ သူက ဆေးရုံကိုသွားပြဖို့ စာတစ်စောင် ရေးပေးထားခဲ့ပါတယ်။ လူနာဟာ သူ့အစ်မဖြစ်ကြောင်း ကျွန်မရဲ့ ရောဂါလက္ခဏာတချို့နဲ့ ဖြစ်စဉ်လေး တချို့ ရေးထားတဲ့စာနဲ့ ကျွန်မသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဌာနသို့ နောက်တစ်ခါ သွားပြရပါတယ်။

ကျွန်မက နံနက် ၇ နာရီခွဲလောက် ဟိုကိုရောက်တော့ လူတွေက စာအုပ်ကိုယ်စီ အထပ်လိုက်စီထားကာ သူ့ အုပ်စုနဲ့သူ အုပ်စုဖွဲ့ စကားတွေ ပြောနေကြ၊ ကျွန်မမှာသာ တစ်ကောင်တည်း ခြသေ့်ပါပဲ ဆိုသလိုပါ။ ကျွန်မအဖို့ တစ်ယောက်တည်း ခပ်တည်တည် ဟိုကြည့်ဒီကြည့် လုပ်နေချိန် သော့ပိတ်ထားတဲ့ သံဆန်ခါကွက် တံခါးမကြီးကို တာဝန်ကျဝန်ထမ်းက ဖွင့်လိုက်တာနဲ့ လူတွေက တိုးဝှေ့ကာ သစ်သားခုံတန်းရှည်တွေအပေါ် အလုအယက် ဝင်ထိုင်ကြကာ၊ အဖော်မပါတဲ့ ကျွန်မ ဘယ်လိုမှလည်း တိုးဝှေ့ဖို့ ခွန်အားလည်းမရှိ၊ လူအုပ်နဲ့သာ အထဲရောက်သွားကာ ထိုင်ခုံနေရာမရလိုက်သလို အပြင်မှာ စီထပ်ထားတဲ့ ဆေးစာအုပ်တွေကို တာဝန်ကျဝန်ထမ်းလေးကယူသွားစဉ် ကျွန်မမှာက ဘာဆေးစာအုပ်မှ မရှိလို့ စီထပ်ထားတဲ့ ဆေးစာအုပ်တွေကြား ပါမသွား၊ ညီမလေးရေးပေးလိုက်တဲ့ သူ့လက်မှတ်ထိုးထားတဲ့ ဆေးစာရွက်လေးပဲပါလာတဲ့ ကျွန်မ ခုနက ဆေးစာအုပ် တွေ အခန်းထဲယူသွားတဲ့ ဝန်ထမ်းလေးကို "မောင်လေးရေ၊ အစ်မက ဒီနေ့မှ လာပြတာပါ၊ တခြားဆေးရုံ၊ ဆေးခန်းတွေက ညွှန်းတဲ့ဆေးစာအုပ်တွေလည်း မရှိပါဘူး၊ ညီမလေးက ပြည်ဆေးရုံက ဆရာဝန်ပါ၊ အခု သူက ပြည်ကိုပြန်သွား လို့ သူ့လက်မှတ်နဲ့ ဒီဆေးစာရွက်လေးပဲ ပါတယ်"ဟု ပြောတော့ ကျွန်မ လက်ထဲက စာရွက်ကိုယူပြီး "ခဏနော် အစ်မ" ဟု ဆိုပြီး ကျွန်မရှေ့က ပျောက်သွားပါတယ်။ သက်ဆိုင်ရာ ဆရာဝန်တွေဆီများ သွားပြနေလားမသိပါ၊ ပြီးမှ စေ့ထားတဲ့ သံဆန်ခါတံခါးလေးကိုဖွင့်ပြီး ကျွန်မကို အခန်းထဲမှာ ဆေးစာအုပ် လုပ်ခိုင်းပါတယ်။

အဲဒီလိုနဲ့ပဲ ကျွန်မရဲ့ ဆေးကုသမှုမှတ်တမ်းစာအုပ်ကို မှတ်မှတ်ရရ ၂၀၀၀ ပြည့်နှစ် မေ ၈ ရက်မှာ ဖွင့်နိုင်ခဲ့ပြီး ဆေးကုသမှု စတင်ခဲ့ပါတယ်။ အဲဒီနေ့က ကျွန်မရဲ့ ကိုယ်အလေးချိန်က ၉၅ ပေါင်သာရှိပါတော့တယ်။ အရင်က ပေါင် ၁၀၀ ကျော် ခပ်ဝဝ မိန်းမက ပိန်သေးသေးဖြစ်နေတာပါ။ လူက အသားရေ တင်းမနေဘဲ ပိန်နေတော့ အသားကမဖြူဘဲ ညိုညစ်ညစ်ဖြစ်နေပါတယ်။

ကျွန်မက ဒီရောဂါကုသရမှာဆိုတော့ ရုံးကဝန်ထမ်းဖြစ်ကြောင်း ထောက်ခံတစ်စောင်ကြိုယူထားခဲ့မိပါတယ်။ ဒီနေရာမှာ ဝန်ထမ်းဖြစ်ရတာ ဂုဏ်ယူကျေနပ်မိပါတယ်။ ကျွန်မရဲ့ခန္ဓာကိုယ်ထဲ နိုင်ငံခြားမှ ဒေါ်လာနဲ့ တင်သွင်းတဲ့ ဆေးရည်သွင်းပြီး ဆေးစစ်မှုအတွက် ဆေးရည်ရဲ့ တန်ဖိုးကို ကျွန်မတို့ ဝေဒနာရှင်များက ဆေးရုံသတ်မှတ်နှုန်းအတိုင်း ပေးသွင်းရကာ ကျွန်မက ဝန်ထမ်းထောက်ခံစာနဲ့ ကျသင့်ငွေထက် လျှော့တဲ့နှုန်းနဲ့ ပေးသွင်းခဲ့ရပါတယ်။

ဆေးရုံမှာ ဆေးစစ်မှုခံယူပြီး ဆေးရုံက ဆေးစစ်မှုအဖြေယူရမည့်နေ့တွင် နေ့လယ်ဘက် ဆေးရုံမှချိန်းသည့် အချိန်အတိုင်း သွားရောက်ယူရန်အတွက် ရုံးတွင် Out Pass ထိုးကာ သူငယ်ချင်းအဖော်နဲ့ ဆေးရုံသို့ မွန်းလွဲ ၁ နာရီ မထိုးခင် ထွက်လာခဲ့ပါသည်။

ကျွန်မတာဝန်ထမ်းဆောင်နေသော သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးရုံး(ရုံးချုပ်)သည် ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ကျွန်မလုပ်ငန်းခွင်နဲ့ ကားမှတ်တိုင် သုံးမှတ်တိုင်လောက်ဝေးတာမို့ အလှမ်းမဝေးသဖြင့် သွားရတာ အဆင်ပြေပါသည်။

**စာမျက်နှာ ၉ သို့ »»**

# စိတ်ပြင်ဆရာ အလိုရှိသည်

ဇင်မြင့်

(၁)

၂၀၁၁ ခုနှစ်လောက်တုန်းက လူမှုရေးအဖွဲ့တစ်ဖွဲ့နှင့် နာဂစ်ဒဏ်ခံခဲ့ရသည့် မြစ်ဝကျွန်းပေါ်ဒေသသို့ရောက်ခိုက် သတိထားမိတာတစ်ခုရှိသည်။ အဲဒါဘာလဲဆိုတော့ နာဂစ်ဒဏ်ခံခဲ့ကြရတာ သုံးနှစ်လောက်ကြာခဲ့ပေမယ့် သူတို့မှာ ဒဏ်ရာတွေမပျောက်ကြသေး။ ကိုယ်ခန္ဓာဒဏ်ရာများတော့မဟုတ်၊ မပျောက်သေးသော ဒဏ်ရာတို့မှာ စိတ်ဒဏ်ရာများဖြစ်သည်။

မနေ့ညနေတုန်းကမှ မိသားစုဝိုင်းဖွဲ့ပြီး ညစာအတူတူစားခဲ့ကြသေးသည်။ ဒီမနက် ထိုမိသားစုဝင်တွေအားလုံး ကိုယ်ကလွဲ၍ တစ်ယောက်မှမရှိတော့သော အဖြစ်ကို တွေးကြည့်ပါက ကာယကံရှင်မဟုတ်သော စာရေးသူပင် အခုရေးနေရင်း ရင်ထဲနာကျင်မှုကို ခံစားရသည်။ ကာယကံရှင် သူတို့ဆိုလျှင်. . . . .

လူမှုကယ်ဆယ်ရေးအဖွဲ့တွေ၊ ပရဟိတအဖွဲ့တွေက ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ကူညီချင် ကူညီနိုင်မည်ဖြစ်သော်လည်း ဒီလူတွေရဲ့ စိတ်ဒဏ်ရာကို ကုစားနိုင်ဖို့ မြန်မာပြည်မှာ ဘယ်လိုပညာရှင်တွေလိုအပ်မလဲဆိုတာ အဲဒီကတည်းက တွေးကြည့်ခဲ့မိဖူးသည်။

(၂)

မြန်မာပြည်မှာ ကန်သော မြန်မာနှင့် စင်ကာပူဘောလုံးပွဲကို ကြည့်ခဲ့ရသည်။ အဲဒီပြိုင်ပွဲမှာ မြန်မာရှုံးသည်။ အရှုံး၊ အနိုင်ကို အဓိကပြောလိုရင်းမဟုတ်။ မြန်မာဘောလုံးသမားကလေးတွေ Emotional Control နိမ့်လွန်းအားကြီးတာတွေ့ရသည်။ ဂိုးရှေ့ရောက်လျှင် စိတ်တွေလှုပ်ရှားကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ အပြင်က တဝုန်းဝုန်း အားပေးနေသော ပရိသတ်၏ဖိအားကို ခံနိုင်ပုံမရ၊ အမှားလုပ်မိမှာကြောက်စိတ်၊ ၁၀၀ ရာခိုင်နှုန်းပိုင်ပြီဆိုမှ ဂိုးသွင်းလိုစိတ်(မှားလျှင်အဝေဖန်ခံရမှာကြောက်စိတ်)၊ နိုင်လိုအားကြီးစိတ်စသည်တို့က သူတို့ကို အရှုံးဆီသို့ တွန်းပို့ ခဲ့ကြောင်းတွေ့ရသည်။ ပွဲပြီးတော့ နည်းပြကလည်း ထိုအတိုင်းပင် မှတ်ချက်ပြုသည်ကို ဖတ်ရသည်။

ထို့အတွက် အားကစားသမားတွေရဲ့စိတ်ကို ကောင်းကောင်းပြုပြင်ဖို့လိုအပ်သေးတယ်လို့ တွေးနေရင်းပဲ ဘောလုံးကွင်းကို လာကြည့်သည့်ပရိသတ်က ရှုံးလို့ဆိုပြီး ထိုင်ခုံတွေရိုက်ချိုးတယ်ဆိုသည့် သတင်းဖတ်ရသည်။ အင်း. . . . ဒီတိုင်းဆို ကွင်းထဲက အားကစားသမားတွေတင်မဟုတ်၊ ကွင်းအပြင်က ပရိသတ်ကိုလည်း စိတ်ထားပြုပြင်ဖို့ လိုအပ်သေးသည်ဟု တွေးလို့မှမဆုံးသေး။ အင်တာနက်တွင် တက်လာသည့် ဘောလုံးပွဲရလဒ်အပေါ် ဆဲဆိုပြစ်တင်မှုတွေကို ဖတ်ရတော့ . . . အင်း. . . ဒါဆိုရင်တော့ မြန်မာပြည်က လူတွေတော်တော်များများ စိတ်ထားတွေပြင်နိုင်မှ နိုင်ငံတကာနှင့် နေရာတကာမှာ ရင်ပေါင်တန်းနိုင်လိမ့်မည်။ မဟုတ်ရင်တော့. . .

(၃)

ကျွန်တော်တို့နိုင်ငံတွင် အဆိုးရွားဆုံး ကိစ္စတစ်ခုကို ပြပါဆိုလျှင် မူးယစ်ဆေးဝါးကိစ္စကို ပြရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးကိစ္စဆိုသည်မှာ နယ်စပ်တွင် တရားမဝင်တင်ပို့နေသော ကိစ္စသာမဟုတ်၊ ဆေးကြောင်နေသော သားဖြစ်သူက မိဘနှစ်ပါးကို ပုဆိန်နှင့် ခုတ်သတ်သော အမှု၊ ဆေးကြောင်နေသော ဆယ်ကျော်သက်လူငယ်က လသားအရွယ် ကလေးငယ်ကို သတ်ဖြတ်မှုစသည့် မကြားဝံ့မနာသာ ရာဇဝတ်မှုများကို ကြားသိရသည်။ စိတ်ကြွဆေးသုံးစွဲသူများမှာ လမ်းဘေးတွင် လေလွင့်ပျက်စီးနေသော သူများသာမက ထင်ရှားကျော်ကြားသူ၊ တက္ကသိုလ်ကျောင်းသား စသူတို့လည်း ပါဝင်နေတာ တွေ့ရသည်။

လူငယ်တွေ အများအပြား အဘယ်ကြောင့် မူးယစ်ဆေးဝါးကို သုံးစွဲကြရပါသနည်း။ မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ဝေရောင်းချမှုကိုသာမက လူငယ်တွေ ဘာကြောင့် မူးယစ်ဆေးဝါးကို သုံးစွဲကြသနည်း။ မူးယစ်ဆေးစွဲသူများ၏ ဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်မျှထိထိရောက်ရောက် လုပ်ဆောင်နေသလဲဆိုသည်ကိုပါ အဖြေရှာဖို့လိုသည်။ စိတ်ပညာရှုထောင့်မှအမြင်ကို ပြောရပါလျှင် လူငယ်များ ဘာကိုတန်ဖိုးထားရမှန်းမသိဘဲ ဝေလေလေ ဖြစ်နေမှုများနှင့် စိတ်ဓာတ်ကျခြင်း(သို့မဟုတ်)စိတ်ပိုင်းဆိုင်ရာ အခက်အခဲကြုံတွေ့ရပါက မည်သည့်နေရာ(သို့မဟုတ်) မည်သူ့ကို အားကိုးရမည်ဆိုသည်ကို မသိခြင်း(သို့မဟုတ်)မရှိခြင်းတို့ကလည်း အကြောင်းတစ်ချက်ဖြစ်နိုင်ပါသည်။ မူးယစ်ဆေးဖြတ်ပြီး ဆေးရုံမှဆင်းလာသူ(သို့မဟုတ်) အပြစ်ဒဏ်ကျခံပြီး အကျဉ်းထောင်မှထွက်လာသည့် ဆေးစွဲလူငယ်များကို မည်သို့ထိရောက်သော စိတ်ပိုင်းဆိုင်ရာ follow up လုပ်မှုများ လုပ်ဆောင်နေပါသနည်း ဆိုတာလည်း မေးခွန်းထုတ်စရာဖြစ်သည်။

(၄)

Mechanic ကို စက်ပြင်ဆရာဟုခေါ်ကြသည်။ အချို့အနှိပ်သည်များကလည်း သူတို့ကိုယ်သူတို့ အကြောပြင်ဆရာဟု ကင်ပွန်းတပ်ကြသည်။ ထိုသို့ဆိုလျှင် ကျွန်တော်တို့မြန်မာပြည်တွင်လည်း နိုင်ငံသူနိုင်ငံသားများ၏စိတ်တွေကို ပြင်ဖို့အတွက် “စိတ်ပြင်ဆရာ”ဟု ခေါ်လျှင်ရနိုင်သည့်“Counsellor”များ များစွာ လိုအပ်ပါသည်။

Counselling ပညာရပ်သည် နိုင်ငံတကာ တက္ကသိုလ်ပညာရေးတွင် B.A, B.Sc, M.Sc, Ph.D အဆင့်တိုင်အောင် အရေးပါသော ဘာသာရပ်တစ်ခုအဖြစ် ရှိနေသော်လည်း မြန်မာပြည်တက္ကသိုလ်များတွင် ထိုဘာသာရပ်သင်ကြားသည်ကိုမတွေ့ရသေးပေ။ Counselling ကို နိုင်ငံတကာတွင် Professional Counsellor များသာမက ကျောင်းဆရာ ဆရာမများ၊ ဆရာဝန်နှင့်သူနာပြုများ၊ HR (Human Resources)ဝန်ထမ်းများ၊ အကျဉ်းထောင်ဝန်ထမ်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးသမားများ စသူတို့ကလည်း သူတို့၏အသက်မွေးဝမ်းကျောင်းနယ်ပယ်တွင် အထောက်အပံ့အဖြစ် အသုံးချရန်အတွက် လေ့လာကြသည်ကို တွေ့ရသည်။

မြန်မာပြည်သူတို့ တစ်ခုကံကောင်းသည်မှာ ဗုဒ္ဓ၏တရားတော်ကို အခြေခံ၍ စိတ်အေးချမ်းစရာအသိများ၊ အကျင့်တရားများကို လက်ဆင့်ကမ်းသည့် သံဃာတော်များ၊ ဘုန်းတော်ကြီးကျောင်းများ ရှိနေခြင်းဖြစ်ပါသည်။ သို့သော် ကန့်သတ်ချက်တော့ရှိသည်။ ဝိနည်းအရ သံဃာတော်များ ဆေးကုလို့မရဟု မှတ်ဖူးပါသည်။ ဒုက္ခမြားမြောင် လူတို့ဘောင်ဆိုသလို ရှုပ်ထွေးပွေလီလှသည့် ပုထုဇဉ်တို့၏ ပြဿနာများဖြစ်သော အိမ်ထောင်ရေးဖောက်ပြန်မှုကြောင့် စိတ်သောကရောက်ရမှုများ၊ မိဘထိန်းသိမ်းလို့မရသော ကလေးဆိုးများစသည့် ပြဿနာလိုမျိုးတွေကိုတော့ သံဃာတော်တွေကို ချဉ်းကပ်လို့မသင့်တော်ဟု ထင်သည်။ ဒါဆိုလည်း စိတ်ရောဂါကု ဆရာဝန်တွေ ရှိသားပဲဟု ပြောစရာရှိသည်။

အတိုင်းအတာတစ်ခုအထိတော့မှန်ပါ၏။ သို့သော် လက်ရှိစိတ်ဝေဒနာခံစားနေရသူများအတွက်ပင် လုံလောက်မှုရှိမည်မထင်သော စိတ်ရောဂါဆရာဝန်များလည်း နိုင်ငံနှင့်ချီ၍ ဖြစ်နေသော ကျွန်တော်တို့နိုင်ငံသားများ၏ စိတ်အနာတရများ၊ ပြဿနာများကို ထိထိရောက်ရောက် ကူညီဖြေရှင်းနိုင်မည် မထင်ပါ။ ထိုပြဿနာရှိသူအားလုံးကို စိတ်ရောဂါကုဆေးရုံပို့ ဆေးတိုက်ကုသလို့ မဖြစ်နိုင်သလို အိမ်မှာ မိဘဆုံးမလို့မရသော၊ ကျောင်းမှာဆရာ ဆရာမဆုံးမ၍မရသော ကလေးကို စိတ်ရောဂါကု ဆရာဝန်ဆီခေါ်သွားဖို့ မိဘများ၊ ဆရာ ဆရာမများအနေဖြင့် ဝန်လေးကြမည်ဖြစ်သည်။

Counsellor တစ်ယောက်၏ ကူညီနိုင်စွမ်းရှိသော အတိုင်းအတာကို နားလည်စေရန် ကျောင်းများ၊ လူအိုရုံများ၊ ဆေးရုံများ၊ အကျဉ်းထောင်များတွင် Counsellor များထားရန်လိုအပ်သည့် သဘောသဘာဝတို့ကို မြန်မာပြည်သူများနှင့်အကျွမ်းတဝင်ရှိစေရန် ကျွန်တော်တို့ အားထုတ်ရမည်ဖြစ်ပါသည်။ ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတကာမှ တက္ကသိုလ်များ ကိုယ့်နိုင်ငံကို လာရောက်ဖွင့်လှစ်သောအခါ ကိုယ့်နိုင်ငံ၏ တကယ်လိုအပ်နေသော နယ်ပယ်များတွင် အကျိုးရှိနိုင်မည့် Course များဖြစ်ရန် အရေးကြီးလှပါသည်။ ဒီပညာရပ်ကြီးကိုသင်ပြီး ကျွန်တော် ကျွန်မတို့ ဘယ်နေရာမှာ အလုပ်ရနိုင်မှာလဲဆိုသော မေးခွန်းကို ဖြေနိုင်ရန်လည်း ကျွန်တော်တို့ ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။

(၅)

ကျွန်တော် ဆောင်းပါးတစ်ပုဒ်အနေဖြင့်ရေးခဲ့ဖူးသည့် Inferiority Complex (သိမ်ငယ်စိတ်)ရဲ့ လက္ခဏာတွေ ကျွန်တော်တို့ နိုင်ငံသားတွေဆီမှာ တော်တော်များများ တွေ့နေရတာ နိုင်ငံတစ်ခုအတွက် ကောင်းသောလက္ခဏာမဟုတ်ပါ။ ထစ်ခနဲရှိ သွေးဆူချင်ကြသော၊ ငြင်းခုံတိုက်ခိုက်ချင်ကြသော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းသော၊ မလိုအပ်ဘဲ ကျိုးနွံလွန်းသော၊ pressure တစ်ခု၏အောက်သို့ ရောက်သည့်အခါ စိတ်ခံစားမှုကို ထိန်းသိမ်းနိုင်စွမ်းမရှိသော ကျွန်တော်တို့ နိုင်ငံသားများ၏ စိတ်ဓာတ်ကို ပြင်ရန်၊ ဆင်းရဲခြင်းကြောင့်ဖြစ်ရသော စိတ်ဖိစီးမှုများ၊ အနိုင်ကျင့်အုပ်ချုပ်မှုခံရခြင်းကြောင့် ဖြစ်သော စိတ်အနာတရတို့ကို ကုစားရန်၊ အနာဂတ်တွင် EQ (Emotional-Quotient)မြင့်သော ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်ရန်အတွက် မြန်မာပြည်တွင် “စိတ်ပြင်ဆရာ”များ အရေးတကြီးလိုအပ်လျက်ရှိပါသည်။ ။

# တပေါင်းတန်ခူး ခွေးရူးတတ်သည်

ကိုရွှေမိုး

“လက်ပံပွင့်ချိန် ခွေးရူးချိန်” ဆိုသော စကားရှိသည်။ တပေါင်း၊ တန်ခူးအပူချိန်က အပြင်းထန်ဆုံးလတွင် လက်ပံတို့ ပွင့်ကြသည်။ နွေကိုအန်တု၍ နီဝါသော လက်ပံပွင့်တို့ ပွင့်ကြလျှင် ခွေးများရူးတတ်ပါသည်။ ခွေးအကိုက်မခံရအောင် သတိထားသွားလာကြဖို့ လိုသည်။

လူတို့သည် အိမ်မွေးတိရစ္ဆာန်တို့နှင့် လက်ပွန်းတတီးနေကြပြီး တချို့ဆိုလျှင် အိမ်ရှိမိသားစုကဲ့သို့ပင် အချစ်တွေပိုကြသည်။ အတူနေတာကြာတော့ သံယောဇဉ်တွေဖြစ်လာသည်။ အိမ်တချို့တွင် ငှက်ကလေးများအတွက် အစာစားရန် လင့်စင်လေးတွေ လုပ်ပေးထားတာတွေ့ရသည်။ စပါးပင်လေးများ ချိတ်ပေးထားကြသည်။ တချို့က လမ်းဘေးခွေးများအား သီးသန့်အစာကျွေးကြသည်။ ကောင်းကင်ပျံငှက်များက ပြဿနာမရှိ။ အစာစားပြီး မိမိအသိုက်သို့ ပျံကြသည်သာ။ လူနှင့်မယဉ်ပါးကြ။ လူနှင့် ယဉ်ပါးသော အိမ်မွေးတိရစ္ဆာန်များတွင် ခွေးရူးရောဂါပိုးရှိသည်။ ခွေးသတ္တဝါက အခုလို ပူပြင်းသောရာသီမှာ ရူးတတ်သည်။ ရူးသောခွေးအကိုက်ခံရလျှင် လူတို့အသက်အန္တရာယ်ရှိ၍ သတိထားစောင့်ကြည့်ဖို့လိုသည်။ ရူးနေသောခွေးကိုက်မိ၊ ခြစ်မိလျှင်ပင် ရောဂါကူးစက်နိုင်ပြီး အသက်အန္တရာယ်နှင့်နီး၍ ကာကွယ်ဆေးအမြန်ထိုးရပေမည်။

ယခုလို ပူပြင်းသောရာသီကြောင့် ခွေးများရူးတတ်လို့ “လက်ပံပွင့်ချိန် ခွေးရူးချိန်”လို့ လူကြီးသူမများက စာချိုးပြီး သတိပေးခဲ့သည်မဟုတ်ပါလား။ အိမ်မွေးတိရစ္ဆာန်မွေးသူများ မိမိတို့အိမ်တွင် မွေးထားသော တိရစ္ဆာန်များအား တိရစ္ဆာန်ဆရာဝန်နှင့် ကာကွယ်ဆေးများထိုးနှံသူများလည်းရှိပါသည်။ အစာကအစ သီးသန့်ကျွေးပြီး မွေးကြသည်။ အိမ်မွေးတိရစ္ဆာန်ကို ကာကွယ်ဆေးထိုးနှံပေးပြီး စနစ်တကျမွေးသူများက လူနည်းစုဖြစ်ပေလိမ့်မည်။ လူများစုက ခွေးလေခွေးလွင့်များအား ကြုံသလိုကျွေးမွေးရင်း ပိုင်ရှင်လားမေးလျှင် ပိုင်ရှင်ဖြစ်နေပြီး ကျွေးထားသောခွေးကိုက်လျှင် ပိုင်ရှင်မဟုတ်တော့ကြောင်း ပင်ဖြစ်သည်။

ခွေးရူးနေလျှင် မျက်လုံးက ပုံမှန်အရောင်မဟုတ်တော့ဘဲ ရဲရဲနီနေမည်။ သခင်ကို ပြုမူဆက်ဆံပုံက ခပ်စိမ်းစိမ်းဖြစ်လာပြီး ရန်ပြုချင်သည့်ပုံဖြစ်လာမည်။ အမြီးကကုပ်နေလျှင်တော့ ခွေးကိုသတိကြီးကြီးနှင့် စောင့်ကြည့်ဖို့လိုသည်။ ပိုင်ရှင်မရှိသော လမ်းဘေးခွေးများက နေရာတိုင်းတွင်ရှိသည်။ ပေါက်ပွားနှုန်းကို ဘယ်လိုမှ ထိန်းချုပ်လို့မရနိုင်အောင် ဖြစ်နေသည်။ ကျွန်တော်နေထိုင်ရာ လမ်းတွင်ပေါက်သောခွေးနှင့် အခြားအရပ်မှ ခွေးများပေါက်ပွားချိန် တာဝန်ယူမှုမရှိဘဲ လာရောက် လွှင့်ပစ်ကြသဖြင့် လမ်းသူလမ်းသားများက ကျွေးမွေးထားရာမှ ခွေးလေခွေးလွင့်အကောင် ၃၀ ကျော်ရှိနေပြီဖြစ်သည်။ နောင်ရာသီချိန်လည်းထပ်ပေါက်နေပါလျှင် အကောင်ရေတိုးပွားဖို့ပဲရှိတော့သည်။

ကျွန်တော် မနက်တိုင်း ကျန်းမာရေးအရ လမ်းလျှောက်တတ်တဲ့ဝါသနာကို စွန့်ပစ်ခဲ့တာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း မှတ်မှတ်ရရရှိသည်။ ခွေးကြောက်လို့ မနက်တိုင်း လမ်းလျှောက်ခြင်းအမှုကို ရပ်နားထားလိုက်ပြီဖြစ်သည်။ငယ်ငယ်ကတည်းက ခွေးကိုက်ခံရပြီး ဗိုက်ကို ၁၄ ရက်ဆေးထိုးလိုက်ရလို့ ခွေးကိုကြောက်ခဲ့တာဖြစ်သည်။ အခုခေတ်တွင် ဆေး ၁၄ လုံးမထိုးရတော့ပါ။ လမ်းပေါ် သွားလာနေသူများ လမ်းပေါ်၊ လမ်းဘေးအိပ်နေသော ခွေးများကို ကျော်ဖြတ်ပြီးသွားလာဖို့ သတ္တိနည်းကြသည်။ မိန်းမသားများက ပိုဆိုးသည်။ လမ်းဘေးတွေ့ရာ တုတ်ဆွဲ၊ ခဲကောက်ပြီးမှ ခွေးများကို ကျော်ဖြတ်ရဲသည်။ တစ်ကောင်စလျှင် တစ်အုပ်လုံးလိုက်ဆွဲသည်။ ခွေးကိုက်ခံရသူပေါင်းလည်းမနည်း။ ဆိုင်ကယ်လာလည်းလိုက်ဆွဲသည်။ ခွေးကိုက်ခံရလျှင် ပိုင်ရှင်မရှိ၊ မွေးထားတာ မဟုတ်ကြောင်း ပြောပါလိမ့်မည်။ “ကျွေးထားတာ မွေးထားတာနှင့်တူသည်” ဟု တချို့က ဆိုကြသည်။ မွေးထားလျှင်တော့ စနစ်တကျမွေးစေချင်သည်။ ခွေးရူးကိုက်ခံရသဖြင့် ရောဂါပိုးဦးနှောက်ထဲ ရောက်သွားလျှင်ဆေးမမီတော့ပါ။ လူသေဆုံးရန်ရာနှုန်းပြည့်ဖြစ်သည်။ ခွေးကိုခံရလျှင် ပေါ့မနေဘဲ ခွေးကိုရူး၊ မရူးစောင့်ကြည့်ဖို့လိုသည်။ ခွေးရူးပြန်သောသူသည် အဝတ်အစားမကပ်နိုင်တော့ပါ။ ရေသောက်ချင်ပါလျက်နှင့် ရေမမြိုနိုင်ဖြစ်ရသည်။ ရေသောက်ရခြင်းဒုက္ခကြီးသဖြင့် ရေမြင်လျှင် ကြောက်လန့်တကြားဖြစ်နေရခြင်းဖြစ်သည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက် အိမ်မှာမွေးထားသော ခွေးရူးပြီး ကိုက်တာခံရသဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ မိတ်ဆွေက အိမ်တွင်မွေးထားသော ခွေးနေမကောင်းဖြစ်ပြီး အစာကောင်းကောင်းမစားနိုင်သဖြင့် သနားပြီး ခွေးလေးကို ချော့မြှူပြီးအစာကျွေးသည်၊ ရေတိုက်သည်။ ခွေးက အစာမစား၊ ရေမသောက်ဘဲ သခင်ကို ရန်ပြုဖို့ ကြိုးစားသည်ကို သခင်ဖြစ်သူက ခေါင်းကိုပွတ်သပ်ချော့မြှူနေရာမှ လက်ကို ခွေးကိုက်ခံလိုက်ရခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးဖို့ အချိန်မီပါလျက်နှင့် ဆေးမထိုးဘဲ ခပ်ပေါ့ပေါ့နေခဲ့သည်။ သုံးပတ်လောက်အကြာ သခင်ဖြစ်သူ ခွေးရူးပြန်ရောဂါကူးစက်ခံရပြီဖြစ်ကြောင်းသိရတော့သည်။ ခွေးရူးရောဂါကူးခံရလျှင် ဆေးမမီတော့ပါ။ ဆေးရုံမှ မတတ်နိုင်သော နောက်ဆုံးအဆင့်ဖြစ်နေပြီ။ သက်န်းစည်းချင်သည် ပြောသဖြင့် အိမ်ပြန်ခေါ်ခဲ့ရသည်။ အိမ်မှသင်္ကန်းပင် မကပ်နိုင်တော့ပေ။ ရောဂါပြင်းထန်သည်မှာ ကြောက်စရာကောင်းတော့သည်။ ရေမြင်လျှင် ကြောက်နေပါပြီ၊ ငယ်ရွယ်သောဘဝနှင့် မိသားစုကို ထားရစ်ခဲ့ပေပြီ။ နေရာတိုင်း၊ လမ်းတိုင်း၊ ခွေးလေခွေးလွင့်များပေါများနေပြီဖြစ်ရာ ကြောက်စရာကောင်းသော ခွေးရူးပြန်ရောဂါအား သတိထားရန် အသိပေးခြင်းဖြစ်သည်။ ခွေးများ အကိုက်ခံရလျှင် ကိုက်သောခွေးအား သတိထားစောင့်ကြည့်ရန်နှင့် ကာကွယ်ဆေးကြိုတင်ထိုးနှံထားဖို့၊ မိမိနှင့် ကလေးများအား ခွေးကိုက်ခံရလျှင် ပေါ့ပေါ့ဆဆမနေသင့်ကြောင်း အသိပေးရေးသားလိုက်ရပေသည်။ ။

**စာမျက်နှာ ၈ မှ** »»

ဆေးရုံကြီးသို့ ရောက်ရှိစဉ် မနက်ပိုင်းသာ လူများပြီး နေ့လယ်ဘက်တွင် လူမများလောက်ဟုထင်ခဲ့သည့် ကျွန်မ အထင်နဲ့အမြင် တက်တက်စင် လွဲကာ အဖော်ပါလာသည့် သူငယ်ချင်းပင် အံ့သြရပါပြီ။ ဌာနရှိ လူနာများထိုင်ရမည့် ထိုင်ခုံများပေါ်တွင် ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်ထိုင်ရန် နေရာပင်မရှိ၊ လူတွေကလည်း ကျွန်မ မနက်ပိုင်းပြသဖူးခဲ့သည့် အချိန်လိုမျိုး အမြောက်အမြား၊ ကျွန်မရဲ့ဆေးစာအုပ်ထပ်လို့ တိုကင်နံပါတ်ပြားကြည့်လိုက်တော့ ရုံးကအချိန် တစ်နာရီသာခွင့်ပြုချက်ဖြင့် ထွက်လာခဲ့သော ကျွန်မတို့နှစ်ယောက် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့် အံ့အားသင့်စွာ။ သူငယ်ချင်းက ကျွန်မယခင် ရုံးမှာပြောခဲ့သည့် စကားများကို သူကမယုံကြည်၊ ယခုလက်တွေ့မြင်ရမှ "အစ်မရေ၊ လူနာတွေကလည်းအများကြီးပဲ၊ ပြီးတော့ လူနာအများစုက ကျွန်မလို ပိန်နေကြတာ သူကမြင်ရတော့ သူ့ကြည့်ရတာ တအံ့တသြဖြစ်လို့နေပါတော့သည်။ ကျွန်မတို့လည်း ဒီအတိုင်းဆိုရင် မဖြစ်ချေဘူး။ ရုံးပြန်ဝင်နောက်ကျတော့မှာ ဘယ်သူ့အကူအညီတောင်းရမလဲ စဉ်းစားနေတုန်း သူငယ်ချင်းက သူ့ဆွေမျိုး မကင်း အသိက ဒီဘက်ကင်ဆာဌာနမှာ တာဝန်ကျနေတာ သူသိကြောင်း၊ သူ့ဆီအကူအညီတောင်းဖို့ သွားရအောင်ပြောပြီး ကင်ဆာဌာနဘက်သို့ ကျွန်မတို့နှစ်ဦး ကြောက်ကြောက်နှင့် နှာခေါင်းကို လက်ကိုင်ပဝါပိတ်ကာ လာခဲ့ကြပါသည်။ ဆေးရုံတက်နေကြသော လူနာများ၊ ဆေးရုံ၏ အနံ့အသက်တွေကြား ပိုတောင်ခေါင်းနောက်လာပါသည်။ တာဝန်ကျ ဆရာဝန်မက ကျွန်မ ညီမထက် နောက်မှ ကျောင်းပြီးသော ဆရာဝန်မလေးတစ်ဦးဖြစ်ပါသည်။ ကျွန်မညီမကိုလည်းသူသိပါကြောင်း၊ သူလည်းဘယ်လိုမှ ကူညီလို့ မရပါကြောင်း၊ အဏုမြူရောင်ခြည်ဌာနက စည်းကမ်းကြီးပါကြောင်း၊ ရက်ချိန်းအတိုင်း ပြရမည့် ကိစ္စဖြစ်ပြီး ကုသမှုကို လျင်မြန်စွာ ခံယူသင့်ကြောင်း၊ ဆေးစစ်အဖြေကို စောင့်ပြီး ယူသွားစေလိုကြောင်း ရှေ့ပြည်အေး တရားဟောလွှတ်လိုက်ပါသည်။ ဒါနဲ့ပဲ ကျွန်မတို့နှစ်ယောက် ကိုယ်ပြရမယ့်ဌာနကိုပြန်လာ၊ တိုကင်နံပါတ်တွေ ခေါ်နေသည့် ဝန်ထမ်းကို မျက်နှာချိုသွေးကာ (တကယ်က မှန်ထဲကြည့်ရင် ကျွန်မမျက်နှာ ငိုမဲ့မဲ့ဖြစ်နေမှာပါ) "မောင်လေးရေ မမတို့က ဌာနက ခွင့်ပြုချိန် တစ်နာရီကို လက်မှတ်ထိုး ထွက်လာရတာ ခုနေခေါ်ရင်တောင် အပြန်နောက်ကျမှာပါ။ ဒါကြောင့် ကိုယ့်အလှည့် တိုကင်နံပါတ် ကျော်ခေါ်ပေးလို့မရဘူးလား၊ ကိုယ်က ဒီရောဂါဖြစ်နေတာ ကိုယ့် Section က လူတွေအကုန်သိနေကြတာ၊ အဖော်ခေါ်လာမိတာက တခြား Section က။ သူကကိုယ့်အတွက် အဖော်လိုက်ပေးရင်း အပြစ်ပြောခံရမှာ မလိုလားပါဘူး၊ ဒါကြောင့် ကူညီပါနော်"လို့ လေပြည်သွေးပြောရပါတယ်။

ပြောပြီး သိပ်မကြာပါဘူး၊ ကျွန်မတိုကင်နံပါတ်အလှည့်ကိုခေါ်ပါပြီ။ ဆရာဝန်တွေရှိတဲ့အခန်းထဲဝင်၊ ကိုယ်အလေးချိန်တိုင်း၊ သွေးပေါင်ချိန်တိုင်းပြီး တာနဲ့ ကျွန်မရဲ့ ဆေးစစ်အဖြေက ရောဂါဖြစ်နေတာ သေချာတဲ့အဖြေရရှိထားပြီမို့ ဆေးကုသမှုကို သေချာလိုက်နာဖို့၊ လိုအပ်သော ဆေးဝါးများကို ဆရာဝန်မှာကြားသည့်အတိုင်းသောက်ဖို့ ပြောလည်းပြော၊ ကျွန်မလည်ပင်းကို ကိုင်ကာ သေချာစမ်းသပ်စစ်ဆေးပါသည်။

ကျွန်မနဲ့ဆုံတွေ့ခဲ့သည့် ဆရာဝန်မကြီးမှာ ရုပ်ရှင်မင်းသမီး အကယ်ဒမီ စန္ဒာ၏ အစ်မအရင်းဖြစ်သည့် ဒေါက်တာဝင်းမာ ပါမောက္ခ ဆရာဝန်မကြီးပါ။ ဆရာဝန်မကြီးက ကျွန်မရဲ့လည်ပင်းကို သေချာကိုင်တွယ်စမ်းသပ်နေစဉ် ကျွန်မကတော့ TV ထဲမှာလာသည့် ရုပ်ရှင်သရုပ်ဆောင်ဖိုးပါကြီး၊ ဦးဝင်းဦးတို့နှင့် ငယ်စဉ်ကလေးဘဝ ကလေးသရုပ်ဆောင် ချစ်စဖွယ်ဆရာမကြီး၏ ငယ်ဘဝ ပုံရိပ်လေးပြန်မြင်ယောင်ကာ ကျွန်မကို စမ်းသပ်ပေးနေတာ ဒီလိုဆရာမကြီးပါ လားလို့ တအံ့တသြ ငေးမောမိခဲ့ပါသည်။

နောင်တွင် မိုးသဲသဲမဲမဲရွာ၊ ဆောင်းတွင်းချမ်းချမ်းနှင်းဝေတဲ့ကြားက မနက်စောစောအိပ်ရာထကာ ဆရာဝန်ကြီးများ ရက်ချိန်းပေးခဲ့သည့် အပတ်စဉ်၊ လစဉ် မပျက်မကွက်ကုသမှုများကို ခံယူခဲ့ရာ ကျွန်မ၏လည်ပင်းကြီးဝေဒနာသည် သုံးနှစ်တာအချိန်ကာလအတွင်း ပျောက်ကင်းခဲ့ရပါသည်။

ကျွန်မကို ကုသပေးခဲ့သည့် အသားဖြူဖြူ စိတ်သဘောထားကောင်းသည့် ဆရာဝန်ကြီး ဒေါက်တာ ဦးတင်မောင်သိန်းက ဆေးကုသမှုခံယူနေစဉ် ရုံးဝန်ထမ်းဖြစ်ပါက အလုပ်လုပ်ရတာအဆင်ပြေရဲ့လား၊ ရုံးက ဘယ်နားမှာလဲ၊ ရုံးကို သွားတော့ ကားပေါ်တက်လို့ရလား အစရှိသည့် လူနာရဲ့ခံစားနေရမှုကို အသေးစိတ်မေးမြန်းပါသည်။ ကျွန်မလည်း အမှန်အတိုင်း ဆရာ့ကိုပြောဖြစ်ပါသည်။ အလုပ်လုပ်ရာတွင် အဆင်မပြေကြောင်း၊ ကျွန်မက စာရင်းဇယားများဆွဲသည့်အခါ ပေတံကို ညီညာစွာ တစ်ဖြောင့်တည်းဆွဲရာမှာ လက်က တုန်နေသဖြင့် ဘယ်လိုမှဆွဲမရ၊ ကျွန်မရဲ့စာရင်းဇယားများကို သူငယ်ချင်းအစ်မတစ်ဦးက ကူဆွဲပေးကြောင်း၊ ရုံးကိုကားနဲ့မတက်ပါ။ ရထားစီးလို့တက်ပြန်တော့ ရထားပေါ်ကဆင်း ဘူတာကြီးက မြင့်မားသည့် လှေကားထစ်များတက်ရမှာ ကျွန်မသိပ်ကြောက်မိပါကြောင်း၊ တစ်ထစ်ချင်းစီဖြည်းဖြည်းတက်နေတာတောင် ကျွန်မမှာ နှလုံးက အခုန်မြန်ပြီး သိပ်ကိုမောပါကြောင်း၊ ရုံးရောက်ပြန်တော့ ကျွန်မတာဝန်ယူထမ်းဆောင်ရမည့်ဌာနခွဲက သုံးလွှာမှာရှိပါကြောင်း၊ ရုံးမှာ ဓာတ်လှေကားရှိပေမယ့် လူကြီးတွေသာသုံးခွင့်ပြုထားသဖြင့် တချို့စိတ်ကောင်းရှိသောလူကြီးများက သူနှင့်တစ်ပါတည်းစီးရန် ဝန်ထမ်းတချို့ခေါ်ယူချိန်နှင့် တိုက်ဆိုင်မှုရှိခဲ့လျှင် မမောဘဲ ကိုယ့်အထပ်ရှိရာသို့ ရောက်ရှိပါကြောင်း ပြောပြမိပါသည်။

အမှန်လည်း ထိုအချိန်ကာလများသည် အများက မယုံနိုင်စွာ ပိန်နေသော ကျွန်မ၏ ခန္ဓာကိုယ်ကိုကြည့်ပြီး နယ်မှ ရုံးချုပ်သို့လာရောက်အစည်းအဝေး တက်သော အသိအရာရှိ အစ်ကိုကြီးတစ်ဦးက အိုင်အိုဒင်းဆားပိုလွန်းနေ၍ ယခုလို ပိန်ရခြင်းဖြစ်ကြောင်း ပြောပြသည်ကို မယုံသင်္ကာ ခနဲ့ပြုံးနဲ့ ကျွန်မကို ပြန်ပြောခဲ့သည်ကို ဤစာရေးနေရင်း အမှတ်ရနေမိပါသည်။

အမှန်မှာ ထိုခေတ်ကာလက ယခုလို TV Channel တစ်ခုဖြစ်သည့် MRTV-4 လို Health Fix ကဏ္ဍမျိုးက ကျန်းမာရေးအကြောင်း သိကောင်းစရာတွေလည်းမရှိတော့ မသိရှိကြသူများအဖို့ ခနဲ့တဲ့တဲ့ပြောလည်း ရောဂါဖြစ်နေသူကျွန်မက လောကဓံဆိုတာ ဒါလည်းပါတာလို့ ဆရာတော်ကြီးများ ဟောကြားထားသည့် တရားများ နှလုံးထုံးမှုကာ သည်းခံခဲ့ရတာလည်း ရှိခဲ့ပေ့ါ။

ရောဂါဖြစ်နေချိန်မှစတင်ကာ ဆေးဝါးမှန်ကန်စွာသုံးစွဲခဲ့ပြီး ပြန်လည်၍ ကိုယ်အလေးချိန်ပြန်တက်လာကာ နှလုံးခုန်နှုန်းပုံမှန်၊ ညမှာလည်း အိပ်ပျော်လာချိန်၊ ဆေးကို သွေးထဲသွင်းကာ ရောဂါရှိ၊ မရှိ ပြန်စစ်ဆေးရပြန်ပါသည်။ တစ်နှစ်ထက်တစ်နှစ် တက်လာသော ဆေးစစ်ခနှုန်းထားသည်လည်း ယခင် ဈေးနှုန်းမဟုတ်ဘဲ တက်၍လာနေပါသည်။

ကျွန်မတွင် လည်ပင်းကြီးရောဂါခံစားမိစဉ်က ရောဂါနှင့်အတူ စိတ်ဓာတ် ကျကာ လူမှုရေးဘက်တွင်လည်း မိမိကစိတ်ထင်တိုင်းမလုပ်ဆောင်နိုင်၍ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုသည်မှာ ထိုအချိန်က ဧကန်အမှန် ဖြစ်ကြောင်း သိရှိနားလည်ခံစားမိပါသည်။

နောက်ပိုင်း ၂၀၁၅ ခုနှစ်မှာ လုပ်ငန်းခွင်အတွင်း အလုပ်ဖိစီးမှုဒဏ်ကြောင့် ညညအိပ်မပျော်၊ နှလုံးခုန်တာကပဲ မြန်ချင်သလိုလိုနဲ့ ကျွန်မကပဲ စိတ်က ထင်ယောင်ထင်မှားဖြစ်ကာ ရောဂါများပြန်ဖြစ်နေပြီလားဆိုပြီး ဆေးရုံသို့ နောက်ထပ်တစ်ခါပြဖို့ မနက်စောစွာ အရောက်လာခဲ့ပါသည်။ မနက်စောစောဆိုတော့ လမ်းထဲရှိအသိကားကို ငှားစီးခဲ့ရာ သူက အဏုမြူရောင်ခြည် ဌာနဘက်မသိ၊ ကိုယ်ကလမ်းညွှန်၊ ကားပေါ်မှာလည်း စကားစမြည်းပြောလာတော့ ဆေးရုံရောက်ချိန် မနက် ၇ နာရီကျော်လောက်သာရှိသေး။ ဌာနရဲ့ တံခါးမကြီးပိတ်ထားဆဲ၊ လူတွေက အရင်လို ဟိုတစ်စု ဒီတစ်စုနဲ့ အယောက် ၂၀ မက ရောက်နေကြပါပြီ။

အသိကားဆရာက အဆိုပါမြင်ကွင်းကိုမြင်၊ ကျွန်မကို ဆရာမရေ ကားပေါ်မှာ ဆရာမပြောတာ ခု ကျွန်တော် ယုံပြီတဲ့။

လူတွေက ဟိုးအရင်ကလို မပြောင်းလဲတဲ့ပုံစံနဲ့၊ ဌာနရဲ့ပိတ်ထားတဲ့ တံခါးမကြီးနား ဆေးစာအုပ်တွေက အစီအရီ၊ ဒီတော့ကျွန်မလည်း ကိုယ့် ဆေးစာအုပ်အဟောင်းလေးကိုထပ်ပြီး ဟိုကြည့် ဒီကြည့်ပေ့ါ။ ဒါပေမဲ့ ခေတ်က လည်းပြောင်း၊ အချိန်ကာလလည်းပြောင်းလဲလာလို့ထင်ပါရဲ့ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်နဲ့ တခြားစီပါပဲ။ ဆေးရုံကြီးထဲဆေးတွေသုတ်ထားလို့ တချို့နေရာတွေက တောက်ပလင်းလက်နေ၊ အဏုမြူရောင်ခြည်ဌာနရှေ့က စိမ်းစိုနေတဲ့ ပန်း အလှပင်လေးတွေ၊ တစ်ခါဟိုတစ်ချိန်က တိုကင်နံပါတ်ခေါ်တဲ့ ဝန်ထမ်းလေးက ပိုတောင်ဝပြီး သပ်သပ်ရပ်ရပ် ယူနီဖောင်းလေးတွေနဲ့ အင်္ကျီအဖြူမှာ တံဆိပ်လေးတပ်လို့ ဝန်ထမ်းပီသတဲ့ရုပ်သွင်၊ သစ်သားခုံတန်းရှည်အစား စတီးခုံလေးတွေက သစ်လွင်တောက်ပစွာ၊ လူနာတွေအပျင်းပြေကြည့်ဖို့ TV နဲ့ Water cooler စက်၊ Toilet တောင် ထားပေးထားတာ၊ ဟိုးအရင်ကာလနဲ့ တခြားစီ၊ ပိုမိုတိုးတက်မှု မြင်ကွင်းလေးပါပဲ။ ထူးမခြားနားတာကတော့ လူနာတွေက လျော့သွားတယ်မရှိ များနေဆဲပါပဲ။ လက်ပွေ့ ဂျာနယ်အရောင်းသမားတွေ၊ အချဉ်ထုပ်၊ ပဲလှော်၊ ချိုချဉ် ရောင်းသူတွေကတော့ အရင်လို ဝင်ထွက်ရောင်းဆဲပါ။ ကျွန်မက ရောဂါစဖြစ်ကတည်းက ကောင်းသွားတဲ့အချိန်အထိ မိခင်၊ ညီမတို့နဲ့ တစ်ခါ၊ သူငယ်ချင်းနဲ့တစ်ခါ၊ ရောဂါပျောက်ကင်းဖို့ ကုသလိုက်ရတဲ့ သုံးနှစ်တာ ကာလအတွင်း မိုးသဲသဲမဲမဲရွာလည်း ကိုယ်တစ်ယောက်တည်း၊ ဆောင်းနှင်း ဝေဝေ ချမ်းနေတဲ့အချိန်လည်း ကိုယ်တစ်ယောက်တည်း၊ ဆရာဝန်တွေပေးထားသည့် ရက်ချိန်းမှန်သမျှ မပျက်မကွက် ကြိုးစားကာ ပြသမှုရဲ့ရလဒ်ကြောင့် ရောဂါပျောက်ကင်းခဲ့ရတာပါ။

အခု ၂၀၁၅ ခုနှစ်ရောက်မှ အရာထမ်းတစ်ဦးဖြစ်တဲ့ ကျွန်မလုပ်ငန်းခွင် Stress လေးတွေကြောင့် ရောဂါများပြန်ဖြစ်လေမလား စိုးရိမ်စွာ ဆေးစစ်မှု ပြန်လုပ်၊ ယခင်က ဆေးရည်ဈေးနှုန်းနှင့် ယခုပေးသွင်းရသည့် ဈေးနှုန်းတွေက အကွာကြီးကွာ၊ ဆေးရဲ့ဈေးနှုန်းက မြင့်တက်လာ၊ ဒါပေမဲ့ ကိုယ့်ဝေဒနာပျောက်ဖို့ ငွေကုန်ရမှာ မတွန့်တိုတဲ့ကျွန်မ၊ ကုသမှုကိုလျင်မြန်စွာခံယူတတ်တဲ့ ကျွန်မ ဆေးစစ်ပြီး ဆေးရုံမှ ချိန်းလိုက်တဲ့ ရက်ချိန်းအတိုင်း နောက်တစ်ခါ ပြန်ပြဖို့ ရောက်ရှိလာပါပြီ။

ကျွန်မ တာဝန်ထမ်းဆောင်နေတာက သန်လျင်မြို့မှာရှိတဲ့ သမဝါယမ တက္ကသိုလ် အရာထမ်းတစ်ဦးဖြစ်တဲ့ ကျွန်မအနေနဲ့ ခွင့်ကိုအခွင့်အရေးတစ်ရပ် အနေနဲ့ မယူချင်မိတော့ ခွင့်မယူဘဲ ကျွန်မ ဒီနေ့ နည်းနည်းနောက်ကျမယ်လို့ ကျွန်မအထက်အရာရှိကို အကျိုးအကြောင်းပြောပြထားခဲ့တာ။ ဒီမနက်ဆေးရုံကြီးကို စောနိုင်သမျှအစောဆုံး အသိတက္ကစီ ငှားစီးလာခဲ့တာ ကံကောင်းချင်တော့ ဆေးစာအုပ်ထပ်လိုက်တာ ကျွန်မက တိုကင်နံပါတ်(၇)တဲ့။

အဏုမြူရောင်ခြည် ဌာနက စည်းကမ်းကြီးသလို အချိန်လေးစားလိုက်နာမှုရှိတာကိုလည်း မြင်တွေ့ရပါတယ်။ နံနက် ၈ နာရီကျော်မှာတော့ ကျွန်မဌာနရဲ့ သစ်လွင်နေတဲ့စတီးခုံပေါ် နေရာရစွာထိုင်၊ ကိုယ့်တိုကင်နံပါတ်ကလည်း (၇) ဆိုတော့ ကိုယ့်လုပ်ငန်းခွင် အချိန်မီမရောက်နိုင်ရင်တောင် နည်းနည်းပဲ နောက်ကျနိုင်တာလို့တွေးပြီး စိတ်သက်သာရမိပါတယ်။

ထိုင်နေကြတဲ့လူတွေက TV ကိုလှမ်းကြည့်နေချိန်၊ ကျွန်မကတော့ဆရာဝန်များအခန်းက လွင့်ပျံ့လာတဲ့ ပဌာန်းတရားတော်နားကြားရင်းနဲ့ ကိုယ်အလှည့် တိုကင်ခေါ်သံနားထောင်မိပါတယ်။ သိပ်မကြာပါဘူး၊ တစ်ခါခေါ်ရင် သူတို့က သုံးယောက်လောက်ခေါ်တာဆိုတော့ ကျွန်မနဲ့လူသုံးယောက်လောက် အထဲဝင်၊ ပြီးရင်ပေါင်ချိန်၊ အလှည့်ကျရင် ဆရာဝန်မလေးတွေဆီအရင်ပြ (AS တွေလား၊ House ဆင်းသမားတွေလား ကျွန်မအနေနဲ့ မသိရိုးအမှန်ပါ)

ပြီးမှဆရာဝန်မကြီးဆီထပ်ပြရပါတယ်။ အရင် ၂၀၀၀ ပြည့်နှစ်ကဆုံမိခဲ့တဲ့ ဆရာဝန်မလေး ဒေါက်တာဝါဝါဝင်းမောင်၊ ရုပ်ချောသလိုစိတ်သဘောထား ကောင်းတဲ့ဆရာဝန်မလေးက ခုကျွန်မပြန်တွေ့ချိန် ၁၅ နှစ်အကြာမှာလည်း ရုပ်ကမပြောင်းလဲ နုပျိုနေဆဲပါ။

ကျွန်မရှေ့မှာ လူနာတစ်ယောက်၊ အဲဒီလူနာကို Stress တွေ လျှော့ဖို့ ပြောနေပါတယ်။ လူနာက ဥပဓိရုပ်ကောင်းကောင်း အမျိုးသားကြီးတစ်ဦးပါပဲ။ သူပြီးတော့ ကျွန်မအလှည့်ပါ။ အစ်မဘာဖြစ်လို့လဲလို့ ကျွန်မကို မေးတော့ ပြီးခဲ့တဲ့အပတ်က ဆေးစစ်ထားတဲ့ အဖြေစာရွက်လေး ကျွန်မကထုတ်ပြ၊ "အော် ဟုတ်သားပဲ"လို့ ကျွန်မကိုပြောပြီး ဆေးစစ်အဖြေစာရွက်ကိုကြည့်၊ ကျွန်မကို ရောဂါမရှိကြောင်း။ ဝန်ထမ်းလား အစ်မ၊ မေးပြီး ကျွန်မရဲ့အင်္ကျီမှာ တပ်ဆင်ထားတဲ့ ကျွန်မတို့တက္ကသိုလ်ရဲ့တံဆိပ်သေးသေးလေးကိုကြည့်ပြီး"ဝန်ထမ်းကိုး၊ ဝန်ထမ်းဆိုရင်တော့ Stress တွေလျှော့ အစ်မရေ၊ ခုနက လူကြီးကိုတွေ့လိုက်တယ်မဟုတ်လား။ သူက Sule Shan Gri - La ကပေ့ါ။ တာဝန်ကြီးတဲ့ လူဆိုတော့ Stress တွေများနေတော့ သူ့ကိုတောင် Stress တွေလျှော့ဖို့ ကျွန်မ ပြောလိုက်တာလေ၊ အစ်မလည်းကြားမှာပါတဲ့" အစ်မမှာက ရောဂါမရှိပါဘူးလို့ ပြုံးပြုံးနဲ့ပြောနေတဲ့ ဆရာဝန်မကြီးရဲ့အပြောက ချစ်စဖွယ်ပါပဲ။

ရောဂါမရှိဘူးလို့ပြောလိုက်တာနဲ့ လူ့ရဲ့စိတ်ဆိုတာကလည်း ဆန်းကြယ်သား၊ ရွှင်လန်းတက်ကြွခြေလှမ်းတွေနဲ့ ကုသမှုခံယူနေတဲ့ အခန်းထဲက ခပ်သွက်သွက်လမ်းလျှောက်ထွက်လာ၊ ဆေးရုံကြီးရှေ့ကလိုင်းကားစီး၊ ပြီးမှ ပုဇွန်တောင်ဘက်ရောက်တော့ တက္ကစီငှားစီး၊ ကျွန်မရဲ့လုပ်ငန်းခွင်ကို နံနက် ၁၁ နာရီမထိုးခင် ပြန်ရောက်လာပါတော့သည်။

ပြောင်းလဲချိန်တန်ပြီလို့ ပြောနေကြတဲ့အထဲ ကျွန်မမြင်တွေ့ခဲ့ရတဲ့ ၂၀၁၅ ခုနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေး ဌာနရဲ့ပြောင်းလဲချက်ကတော့ ၂၀၀၀ ပြည့်နှစ်ကာလနဲ့ အကွာကြီး ကွာခြားနေခဲ့ပါပြီ။ ယခင် ဝါကျင်ကျင်ဆေးမှတ်တမ်းစာအုပ်နေရာမှာ Cover စက္ကူဖြူချောမာတောင့်တောင့်လေးက ဝန်ကြီးဌာန Logo တံဆိပ်လေး၊ YGH Since1899 တံဆိပ်လေးက စာအုပ်ရှေ့မျက်နှာဖုံးအပေါ်ဘယ်ညာထောင့်စွန်းနေရာမှာ၊ နောက်ကျောဘက်မှာ ဂါမာကင်မရာစက်ပုံနဲ့ ဗဟုသုတဖြစ်ဖွယ်ရာ ရောဂါကုသခြင်းလုပ်ငန်းတွေ လုပ်ဆောင်နေမှုအကြောင်းရာလေးတွေပါရှိပါသည်။

စာအုပ်ရဲ့အတွင်းဘက်ရှေ့မျက်နှာစာမှာ အောက်ပါအတိုင်းတွေ့ရှိရပါတယ်။

- အဏုမြူရောင်ခြည်ဖြင့် စမ်းသပ်မည့်လူနာများ ရက်ချိန်းယူခြင်းနှင့် ပြသကုသမှုခံယူမည့်လူနာများကို ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအတွင်းကြည့်ရှုပါသည်။
- အဏုမြူရောင်ခြည် ဆေးသောက်၍ ကုသသောလူနာများလိုက်နာရမည့် စည်းကမ်း (၁) အဏုမြူရောင်ခြည် ဆေးသောက်ပြီး နှစ်နာရီအကြာမှ အစာစားပါ။ (ရေ၊ အရည်များများသောက်ရန်)

(၂) သီးခြားနေ၊ သီးခြားအိပ်ရန်။ (အထူးသဖြင့် ရက်သတ္တပတ် နှစ်ပတ်အထိ ကလေးငယ်၊ ကိုယ်ဝန်ဆောင်နှင့် သီးခြားနေရန်)

(၃) ဆီး၊ ဝမ်းသွားပြီးတိုင်း ရေများများသုံးရန်။

(၄) အိမ်ထောင်ရှင် အမျိုးသား အမျိုးသမီးများ ခြောက်လကျော်မှ သားသမီး ယူရန်။

(၅) ရက်ပေါင်း ၆၀ အတွင်း ကလေးငယ်နှင့်အတူ အိပ်စက်ခြင်းမပြုရန်။

(၆) ဆေးသောက်ထားသည့် ရက်သတ္တပတ် တစ်ပတ်အတွင်း အပူ၊ အစပ်၊ ဝမ်းနူးစာ၊ အသုပ်စုံမစားရန်။

**အထူးသတိပြုရန်**

ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့်ကလေးနို့တိုက်နေသော မိခင်များ အဏုမြူရောင်ခြည်ဆေးဖြင့် စမ်းသပ်ခြင်း မပြုရပါ. . . လို့ပါရှိပါသည်။ ဆေးမှတ်တမ်းစာအုပ်၏ နောက်ကျောဘက်အတွင်း စာမျက်နှာမှာတော့ ခုလိုရေးသားထားပါသည်။

သိုင်းရွိုက် အကျိတ်မှ ဟော်မုန်းဓာတ်ထုတ်မှုများခြင်း၏ လက္ခဏာများ-

(၁) မောပန်းလွယ်ခြင်း
(၂) ရင်တုန်ခြင်း
(၃) ချွေးထွက်များခြင်း
(၄) အိပ်မပျော်ခြင်း
(၅) ကိုယ်အလေးချိန်ကျခြင်း
(၆) လက်တုန်ခြင်း
(၇) မျက်လုံးပြူးခြင်း

သိုင်းရွိုက်အကျိတ်မှ ဟော်မုန်းဓာတ်ထုတ်လုပ်မှုနည်းခြင်း၏လက္ခဏာ များ-

(၁) ကိုယ်အလေးချိန်တက်ခြင်း
(၂) လေးလံထိုင်းမှိုင်းခြင်း
(၃) နှလုံးခုန်နှေးခြင်း
(၄) အသားများတင်းခြင်း
(၅) ဝမ်းချုပ်ခြင်း
(၆) အသံသြခြင်းတို့ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ကျွန်မ၏ Hyper Thyroid ဖြစ်ခဲ့စဉ်က လက္ခဏာ ခုနစ်မျိုးမှာ နံပါတ် ခုနစ်ဖြစ်သည့် မျက်လုံးပြူးခြင်း တစ်ခုသာ မရှိခဲ့ပါ။ ကျန်အချက် ခြောက်ချက် စလုံးကို ခံစားခဲ့ရပါသည်။

Thyroid အကျိတ်မှ ဟော်မုန်းဓာတ်ထုတ်လုပ်မှုနည်းလာပြီး လူတစ်ယောက် သာမန်လူကောင်းပကတိသို့ ရောက်ရှိသကဲ့သို့ ဖြစ်လာချိန်တွင် ကျွန်မမှာ ယခင်ရောဂါစဖြစ်ချိန် စားသမျှ မကြာခဏဝမ်းသွားနေရာမှ ကောင်းလာသည့်အချိန် ဝမ်းပုံမှန်သွားခြင်း၊ ကိုယ်အလေးချိန်ပြန်တက်လာခြင်း၊ ညစဉ်အိပ်မပျော်ခဲ့ရာမှ ပုံမှန်အိပ်နိုင်လာခြင်း၊ နှလုံးခုန်ပုံမှန်ဖြစ်လာခြင်း၊ ညိုညစ်ညစ် အသားရေ၊ ပျော့တိပျော့တွဲအသားရေမှာ အသားအရေတင်းရင်းလျက် ပြန်လည်စိုပြည်ဖြူဖွေးလာခြင်း၊ ချွေးပုံမှန်သာထွက်လာပြီး ချွေးထွက်နည်းခြင်း တို့ကြောင့် ယခင်ခံစားခဲ့ရသော စိတ်သောကရောက်မှုများ ကင်းစင်ကာ စိတ်ချမ်းသာရပါသည်။

ဒါကြောင့် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတာ ကိုယ်တိုင်ဖြစ်မှ သိရှိယုံကြည်မိပါတော့သည်။ တစ်နည်းအားဖြင့် ကျန်းမာခြင်းသည် ချမ်းသာခြင်းလည်းဖြစ်ပါ၏။ ကျန်းမာခြင်းကြောင့်စိတ်ချမ်းသာမှုသည်လည်း ချမ်းသာရာရောက်ပါသည်။

ယခုကဲ့သို့ နွေရာသီပူပြင်းကာလတွင် ညအိပ်မပျော်၊ ချွေးအလွန်ထွက်ပါက မိမိတွင် သိုင်းရွိုက်အကျိတ် ဝေဒနာခံစားနေရသလား၊ တတ်ကျွမ်းသိဆရာဝန်များ အထူးသဖြင့် မြန်မာပြည် ရန်ကုန်မြို့ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနသို့ ဆောလျင်စွာပြသပြီးကုသမှုခံယူသင့်ပါသည်။

အဘယ်ကြောင့်ဆိုသော်. . . ဤရောဂါဝေဒနာခံစားရသူ အချို့သည် နှလုံးခုန်မြန်တာ အကြောင်းပြုကာ နှလုံးဌာနမှာသွားပြ၊ ရောဂါလွန်မှနှလုံးဘက်က ဤအဏုမြူရောင်ခြည်ဘက်ပို့ခံရသူတွေလည်း များနေကြောင်း ဆရာဝန်အချင်းချင်းပြောဆိုနေမှုများကို ဤရောဂါဖြစ်စဉ်က အဏုမြူရောင်ခြည်ဌာနမှာ ဆေးကုသမှုခံယူခဲ့သည့် ကျွန်မကကြားခဲ့ရခြင်းဖြစ်ပါသည်။

ဤဖြစ်ရပ်မှန်ဆောင်းပါးဟုခေါ်ခေါ် ဝတ္ထုတိုဟုယူဆဆ ဤစာစုများသည် ကျွန်မ၏ ကိုယ်တွေ့ဖြစ်ရပ်များ (၂၀၀၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ) ကို ရေးသားထားခြင်း ဖြစ်ပါသည်။

ဤစာဖတ်သူများအနေဖြင့် အိုင်အိုဒင်းဓာတ်ဆားများသုံးစွဲရာတွင်လည်း ကျွန်မကဲ့သို့ အိုင်အိုဒင်းဓာတ်ပိုလွန်၍ ဝေဒနာမခံစားရအောင် ချင့်ချိန်သုံးစွဲနိုင်စေရန်နှင့် ရောဂါခံစားနေရပါကလည်း လျင်မြန်စွာ ကုသမှုခံယူသင့်ပါကြောင်း စေတနာရှေ့ထားကာ တိုက်တွန်းနှိုးဆော်လျက် ဤနေရာတွင်ပင် နိဂုံးချုပ်အပ်ပါသည်။ ။